# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၂၅)


# ဂျပန်နိုင်ငံ၏အကူအညီဖြင့် မြန်မာနိုင်ငံ၌ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ညှော်ခံပွဲတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၄**

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

ညှော်ခံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်တို့က အမှာစကားများပြောကြားကြပြီး ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်နှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများအား ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

အဆိုပါညှော်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး / သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ညှော်ခံပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

# ဥပဒေစိုးမိုးရေး အရေးကြီးသည်ဟုဆိုလျှင် ...

လူအဖြစ်မွေးဖွားရှင်သန်လာသူတိုင်းတွင် အခြေခံ လူ့အခွင့်အရေးရှိသည်။ ကျား/မ၊ အသားအရောင်၊ လူမျိုး၊ ဆင်းရဲချမ်းသာ၊ ပညာအဆင့်အတန်း၊ မျိုးရိုး၊ ယုံကြည်ကိုးကွယ်မှု အစရှိသည်တို့ မည်သို့ပင် မတူညီသည်ဖြစ်စေ မခွဲခြားသော လူ့အခွင့်အရေး ရှိသည်။ ထိုသို့သော မတူညီမှုများကြားမှာ မျှတညီညွတ်သော လူမှုဆက်ဆံရေးကို အရင်းတည်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ တစ်ဦးနှင့် တစ်ဦးနားလည်မှုယူပြီး လက်တွဲ တာဝန်ယူကြခြင်းဖြင့်သာ တိုးတက်ထွန်းကား ဖွံ့ဖြိုး၍ ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

ထိုသို့သော ဘဝမျှော်မှန်းချက် လူ့အခွင့်အရေးတို့နှင့်အတူ တွဲဖက်နေသည်က လူ့စည်းကမ်း လူ့ကျင့်ဝတ်ဖြစ်ပါသည်။ လူ့စည်းကမ်း လူ့ကျင့်ဝတ်၏ အခြေခံမှာ လူသားမျိုးနွယ်တစ်ခုလုံးကို စောင့်ရှောက်ရေးဖြစ်သည်။ လူသားတို့ အချင်းချင်းကြား တစ်ဦး၏ အသက်ရှင်သန်နေထိုင်မှုကို တစ်ဦးက အသိအမှတ်ပြု လေးစားခြင်းက လူသားတို့၏ အခြေခံယဉ်ကျေးမှုဖြစ်၏။ လူတစ်ဦးနှင့် တစ်ဦး ထောက်ထားညှာတာရေး၊ ဖေးမကူညီရေး၊ ချစ်ခင်ရင်းနှီးစွာ မျှတယဉ်ကျေးသော ဆက်ဆံရေးကို တည်ဆောက်ခြင်းဖြင့် လူသားမျိုးနွယ်စုကို တည်တံ့ ရှင်သန်တိုးတက်စေဖို့ဖြစ်သည်။

ဤသို့သော အခြေခံလူ့ကျင့်ဝတ်တို့ကို အခြေပြု၍လူ့လောက လူ့အသိုင်းအဝိုင်းပေါ် ရန်ပြုခြိမ်းခြောက်မှုများကို တားဆီးကာကွယ်နိုင်ရန်အလို့ငှာ မျှတသော ဥပဒေများကို ရေးဆွဲလိုက်နာကြရသည်။ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ရန်ပြုနေသူများကို ပြုသူ၏ ပြစ်ဒဏ်နှင့် လျော်ညီအောင် ဥပဒေဖြင့် တားဆီးခြင်း၊ ဆုံးမခြင်း၊ ပညာပေးခြင်း၊ အရေးယူ အပြစ်ပေးခြင်းတို့ကို လုပ်ဆောင်ကြရ၏။ သည်လိုနည်းဖြင့် လူ့လောကကို စောင့်ရှောက်ကြရ၏။ လူတစ်ဦး သို့မဟုတ် လူတစ်စုတစ်ဖွဲ့၏ သဘောထား အယူအဆတို့ဖြင့် ဆုံးဖြတ်ကာ ဥပဒေမဲ့ အပြစ်ပေးချင်တိုင်း ပေးလို့မရ။ မိမိတို့ လူ့အဖွဲ့အစည်းက သတ်မှတ်ရေးဆွဲထားသော ဥပဒေစည်းမျဉ်းများအတိုင်း ဥပဒေရေးရာနှင့် ပတ်သက်၍ အများက တာဝန်အပ်နှင်းပေးခံရသူများက ဆုံးဖြတ်အပြစ်ပေးရတာ ဖြစ်သည်။

သည်လိုမှ ဥပဒေကြောင်းအတိုင်း မလိုက်နာလျှင် သူတစ်လူငါတစ်မင်းနှင့် ရက်စက်ကြမ်းကြုတ်သော မင်းမဲ့ဝါဒ ကြီးထွားကာ အရိုင်းအစိုင်းလောကဆီသို့ ဦးတည်သွားမည် ဖြစ်၏။

ထို့ကြောင့် ဥပဒေစိုးမိုးရေးဟူသည် လူ့လောက ရှင်သန်ငြိမ်းချမ်းရေးအတွက် လွန်စွာအရေးကြီးလှသည် ဖြစ်၏။ ဥပဒေကို လျှော့ချည် တင်းချည် လိုသလို ပြုပြင်ခြင်းများကြောင့် အဆင်းရဲဆုံး တိုင်းပြည်၊ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးတိုင်းပြည်၊ ကမ္ဘာ့အလယ် အနိမ့်ကျဆုံး တိုင်းပြည်အဖြစ် စာရင်းဝင်ခဲ့ရသည့် သမိုင်းသာဓကများကို မမေ့သင့်။ ပြည်သူတို့ ဆင်းရဲမွဲတေသည့် နွံတွင်းမှာ နစ်သထက် နစ်ခဲ့ကြရသည်မှာ ယနေ့ထက်တိုင် ဖြစ်သည်ကို မမေ့သင့်။

သည့်အတွက်ကြောင့် လူမှုအဖွဲ့အစည်းကို တရားဥပဒေဖြင့် နိုင်နိုင်နင်းနင်း ထိန်းချုပ်ဖြေရှင်းမှုကို အားကောင်းမောင်းသန်ဖြစ်အောင် လုပ်ဖို့လိုပါမည်။ ဒါက ဥပဒေစိုးမိုးရေးဟူသော စကား၏ အဓိပ္ပာယ်လည်း ဖြစ်ပါလိမ့်မည်။ ဥပဒေစိုးမိုးရေးကို တာဝန်ယူထားသူများက အမှန်တကယ် ဥပဒေစိုးမိုးမှုရှိအောင် တာဝန်ယူဖို့ လိုပါမည်။ တရားဥပဒေ၏ အရိပ်အောက်မှာ လူတိုင်း မျှတသည့် အကာအကွယ်ရှိအောင် ဖန်တီးပေးဖို့လိုပါမည်။

ဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ယူထားသူများတွင် တာဝန် ကြီးကြီးမားမား ရှိနေသကဲ့သို့ ပြည်သူလူထုထံတွင်လည်း ဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းတာဝန်ယူမှုတို့ရှိရန် လိုအပ်ပါမည်။

ပြည်သူလူထုက မည်သို့ မည်ပုံ ဝိုင်းဝန်းကူညီပြီး တာဝန်ခွဲဝေ ယူကြမည်နည်း။ အဓိကအကျဆုံးသော ပြည်သူ့တာဝန်မှာ ဥပဒေကို ရိုသေလေးစားလိုက်နာဖို့ ဖြစ်သည်။ ပြီးတော့ ဥပဒေမဲ့ လုပ်ဆောင်နေသူများကို ဆန့်ကျင်ရှုတ်ချဖို့ ဖြစ်သည်။ ဥပဒေသက်ရောက်မှုရှိအောင် ဝိုင်းဝန်းကူညီကြဖို့ဖြစ်သည်။

ထို့အတူ ဥပဒေစိုးမိုးမှုအတွက် အဓိက တာဝန်ရှိသူများက အမှန်တကယ် ဥပဒေစိုးမိုးအောင် ကြံ့ဆဆောင်ရွက်ကြဖို့လိုမည်။

ဥပမာအားဖြင့်၊ ယနေ့ ရန်ကုန်မြို့တွင်းဖြစ်ပေါ်နေသော လမ်းဘေးဈေးသည်များကိစ္စ။

လမ်းဘေးမှာ လမ်းကိုပိတ်ကာ ဈေးရောင်းခွင့်မရှိ။ ဒါက ဥပဒေ ဖြစ်သည်။ သည် ဥပဒေကို ဥပဒေအတိုင်း အရေးယူဆောင်ရွက်မှု မရှိသည့်အခါ၊ သို့မဟုတ် အကြောင်းကြောင်းကြောင့် လျော့ရဲသည့် ဥပဒေအရ အရေးယူမှု အားနည်းသည့်အခါ လမ်းများပေါ်သို့ ကျူးကျော် ဈေးရောင်းနေသူများက ဥပဒေနှင့် အညီလို ဖြစ်လာသည်။ ဥပဒေမရှိ နေလာတာကြာသည့်အခါ ၎င်းတို့၏ ဘဝများက ဥပဒေနှင့် အညီနေထိုင်လာကြသကဲ့သို့ ဖြစ်လာသည်။

သည်လို အချိန်ကြာမှ ထိုသူတို့ကို ဖယ်ရှားရန် ကြိုးစားသည့်အခါ ၎င်းတို့၏ ဘဝများကို မစာနာမထောက်ထားသလိုလို၊ ၎င်းတို့၏ လူ့အခွင့်အရေးကို ချိုးဖောက်သလိုလို ဖြစ်လာသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းထဲမှာ အခြေချလာတာ ကြာမြင့်လာသည့်အခါ ၎င်းတို့၏ နေထိုင်မှုမှာ တရားဝင်ကဲ့သို့ဖြစ်လာနေ၏။ ၎င်းတို့ ဈေးဆိုင်နေရာများကို ပိတ်ဆို့သည်ဟူသော အကြောင်းပြချက်ဖြင့် ဆေးရုံကြီးဝင်းတွင်းမှ ဆရာဝန်ကြီးများ၏ ကားများကို ဘီးဖောက်သည်။ သံချောင်းများဖြင့် ကားကို အစင်းထင်အောင် ခြစ်သည်။ လူနာတင်ယာဉ်ပင် ရပ်လို့မရသည်အထိ ဖြစ်ခဲ့ဖူးသည့် သာဓကများရှိသည်။

ဥပဒေမဲ့ ကျူးကျော်နေထိုင် ဝင်ရောက်မှုများကို ဥပဒေအရ ထိထိရောက်ရောက် အရေးမယူသည့်အခါ ဥပဒေမဲ့ကျူးကျော်မှုက နောက်တန်းရောက်ကာ လူ့အခွင့်အရေးက ရှေ့တန်းရောက်လာနိုင်သည်ကို အထူးသတိပြုသင့်သည်။

လူထုက ဥပဒေနှင့်အညီ နေထိုင်ရန်လို၏။ လူထုက ဥပဒေမဲ့ လုပ်သူများကို ဆန့်ကျင်ရန်လို၏။ ဥပဒေမဲ့ ဒုစရိုက်သမားများကို ဥပဒေနှင့် မျက်နှာချင်းဆိုင်နိုင်ရန် ဝိုင်းဝန်းအားထုတ် ကြိုးပမ်းကြရန်လို၏။

နှစ်နှင့်ချီကာ အမှားအယွင်းများဖြင့် နေခဲ့ရသည့် မြန်မာနိုင်ငံသည် ဥပဒေစိုးမိုးမှု လွန်စွာအားနည်းခဲ့သည်။ ဒါကို ပြုပြင်ပြောင်းလဲကြဖို့ လိုအပ်ပါပြီဆိုတာ အငြင်းပွားစရာမရှိ။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ခရီးအတွက် ဥပဒေစိုးမိုးမှုက အမှန်တကယ်လိုအပ်သည်ဆိုတာ အငြင်းပွားစရာမရှိ။

ဥပဒေ စိုးမိုးဖို့ ဝိုင်းဝန်းကြံ့ဆဆောင်ရွက်ကြပါစို့။ ။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလမ်းစဉ်အား ထားဝယ်မြို့တွင် ကြိုဆိုထောက်ခံပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ ဒေသခံမိဘပြည်သူများစုပေါင်း၍ **“နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလမ်းစဉ်အား ကြိုဆိုထောက်ခံပွဲ”**ကို ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပရာ ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးမှစတင်၍ ထားဝယ်မြို့အတွင်းသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ထောက်ခံခဲ့ကြောင်း သိရသည်။

ထောက်ခံပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသခံပြည်သူ ၁၂၀၀ ခန့်သည် မွန်းလွဲ ၃ နာရီတွင် လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးမှတစ်ဆင့် ရွှေတောင်စားလမ်းအတိုင်း အုန်းတောလမ်းဆုံ၊ ယာဘက်ဆေးရုံလမ်းအတိုင်း ဥတ္တမတားကြီးလမ်းဆုံ၊ ရေလမ်းအတိုင်း မီးသတ်လမ်းဆုံ၊ ၎င်းမှတစ်ဆင့် ယာဘက် ထားဝယ်မြို့ပတ်လမ်းအတိုင်း ရွှေဝယ်သီရိအားကစားကွင်းအထိ ကြွေးကြော်သံများနှင့်အတူ ငြိမ်းချမ်းစွာစီတန်း လှည့်လည်ကြိုဆို ထောက်ခံခဲ့ကြသည်။

ဆက်လက်၍ ရွှေဝယ်သီရိ အားကစားကွင်း၌ “နိုင်ငံတော်သီချင်း” သီဆို၍ MEZZO တေးဂီတနှင့်အတူ စည်းလုံးခြင်းသည်အင်အား တေးသီချင်း သီဆို၍ ညနေပိုင်းတွင် ကြိုဆိုထောက်ခံပွဲအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **ကျော်ကျော်လတ်(မြန်/ဆက်)**



## ရွှေတိဂုံစေတီတော်၌ ညအိပ်ကုသိုလ်ပြုနိုင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရွှေတိဂုံစေတီတော်အောင်မြေ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်းရက်ပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့) ညနေမှစတင်ကာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲရက်ကန်းစင်မှ သင်္ကန်းတော်များကို စေတီတော်ရင်ပြင်ရှိ ရုပ်ပွားတော်ကြီးများတွင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ရာ ဘုရားဖူးလာ ပရိသတ်များအနေဖြင့် ယင်းညတွင် ရင်ပြင်တော်ပေါ်၌ ညအိပ်ကုသိုလ်ယူခွင့်ပြုမည်ဖြစ်သည်။

ညအိပ်ပူဇော်ကုသိုလ်ပြုမည့်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြသ၍ စာရင်းပေးကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၄-၁၀-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၅/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၆ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ . ၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၅ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ . ၆၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com,

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား တွေ့ဆုံ



**နေပြည်တော်  အောက်တိုဘာ  ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

(သတင်းစဉ်)

# လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော်  အောက်တိုဘာ  ၂၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ လွှတ်တော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အပါအဝင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများအား ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်တို့ တွေ့ဆုံဆွေးနွေးစဉ်**

(သတင်းစဉ်)

## အားကစားနှင့်ပတ်သက်၍ လက်ခံလေ့ကျင့်ပေးနိုင်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် ပြည်ပထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၄**

2020 Tokyo Olympics and Para- Lympics Games များတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားသမားများအား ဂျပန်နိုင်ငံ ဆိုင်းတမခရိုင် စူရုဂရိုမြို့အနေဖြင့် Host Town အဖြစ် လက်ခံလေ့ကျင့်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ တရားဝင်လက်မှတ်ရေးထိုးပွဲနှင့် စူရုဂရိုမြို့နှင့် ဂျိုဆိုင်းတက္ကသိုလ်တို့၌ မြန်မာအားကစားသမားများနေထိုင်မည့် Pre- Games Training Camp နှင့် Sports Facilitles များသို့ သွားရောက်လေ့လာခြင်း၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံခြင်း၊ စူရုဂရိုမြို့ရှိ မူလတန်းနှင့်အလယ်တန်းကျောင်းများသို့ အောက်တိုဘာ ၂၃ရက်မှ ၂၆ ရက်အထိ သွားရောက်လေ့လာရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ခေါင်းဆောင်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ "Myanmar Inspection Team"သည် အောက်တိုဘာ ၂၃ ရက် ည ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)ဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မေဖဲလ်ဟိုတယ်တွင် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီက တွေ့ဆုံခဲ့ပြီး မြန်မာ့ဘောလုံး တိုးတက်ရေးကိစ္စရပ်များ၊ လူငယ်ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် သက်တန်းအလိုက် ကမ္ဘာ့ဖလားပြိုင်ပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၂၆ ခုနှစ်မှစပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၄၈ နိုင်ငံအထိ တိုးချဲ့ကျင်းပသွားမည်ဖြစ်သလို လူငယ်ကမ္ဘာ့ဖလားပြိုင်ပွဲများဖြစ်သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲများကိုလည်း အသင်းဝင်အရေအတွက် တိုးချဲ့ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါသက်တန်းအလိုက် ကမ္ဘာ့ဖလားပြိုင်ပွဲများကို ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့်အတူ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပနိုင်ရေး၊ ဖီဖာနှင့် တွဲဖက်ပြီး လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ အတူတကွဆောင်ရွက်နိုင်ရေးအတွက်ပါ တင်ပြဆွေးနွေးခဲ့ကြသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**



## ပြည်တက္ကသိုလ်၌ ဘက်စုံသုံး သုံးထပ်ခန်းမဆောင် ဆောက်လုပ်ခြင်း ပန္နက်တင်

**ပြည် အောက်တိုဘာ ၂၄** ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန တည်ဆောက်ရေး (၁) အဆောက်အဦအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်မည့် ပြည်တက္ကသိုလ်သုံးထပ် RCC ပေ (၁၉၀× ၁၆၄) ဘက်စုံသုံးခန်းမဆောင်ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၈နာရီခွဲက ပြည်တက္ကသိုလ်၌ ကျင်းပရာ အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသန်းနိုင်အောင်က မင်္ဂလာပန္နက်တော်အား ကိုင်ဆောင်၍ ဦးစီးအရာရှိ(မြို့ပြ) ဦးဆန်းထွန်းက ပန္နက်တင်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်အရာရှိကြီးများ၊ ပြည်တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စီမံဌာနအသီးသီးမှ တာဝန်ရှိသူများက ပန္နက်တိုင်များကို ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံကြား ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိတို့ တွေ့ဆုံဆွေးနွေးစဉ်**

(သတင်းစဉ်)

# ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့တွင် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ၌ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်တွင် ရောက်ရှိနေထိုင်ကြသောအစွန်းရောက်အကြမ်းဖက်သမားအချို့၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မကြာသေးမီရက်ပိုင်းကာလများအတွင်း နိုင်ငံတကာအဖွဲ့အစည်းအချို့ ပြည်ပနိုင်ငံအချို့နှင့် ပြည်ပသတင်းဌာနတချို့တို့က မှန်ကန်မှုမရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံထားသည့် သတင်းထုတ်ပြန်မှုများနှင့် မြန်မာနိုင်ငံအပေါ် ပြစ်တင်စွပ်စွဲပြောဆိုမှုများ ရှိခဲ့ပါကြောင်း။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမား အင်အား ၄၀၀၀ ခန့်က ကြိုတင်စီစဉ်ပြင်ဆင်၍ ရဲကင်းစခန်း ၃၀ နှင့် တပ်ဌာနချုပ်တစ်ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းအင်အားသုံး အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သကဲ့သို့ ယင်းဖြစ်စဉ်၏နောက်ကွယ်တွင် လွန်စွာရှုပ်ထွေးသည့် အခြေအနေများ၊ သမိုင်းနောက်ခံအကြောင်းအရာ အချက်အလက်များစွာ ရှိသည်ကို ဦးစွာလေ့လာသိရှိရန် လိုအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့ပြင် ရခိုင်ပြည်နယ်ရှိဘင်္ဂါလီများ၏ နောက်ခံသမိုင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၈ ရက်တွင် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ ရခိုင်တိုင်းရင်းသူ မသီတာထွေးအား ဘင်္ဂါလီလေးဦးက အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ရာမှ စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် ဘင်္ဂါလီအကြမ်းဖက်သမားများက နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ရဲကင်းစခန်း သုံးခုအား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားသုံး ဝင်ရောက်တိုက်ခိုက်ခဲ့မှု၊ ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြည်ပခရီးစဉ်သွားရောက်နေသဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား သွားရောက်တွေ့ဆုံ၍ တင်ပြဆောင်ရွက်ခဲ့မှု၊ စက်တင်ဘာ ၄ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ လမ်းညွှန်မှုများခံယူမှု၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေခံပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြုံတွေ့ရသည့် အခြေအနေပေါ်မူတည်၍ လက်နက်ကိုင်ပဋိပက္ခအသွင်ဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ခွဲခြားခြင်း၊ အချိုးအစားညီမျှခြင်း၊ လူသားဆန်ခြင်းသဘောတရားများကိုအခြေခံသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rule of Engagement) ကိုလည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူလူထုအပေါ် ရန်ပြုတိုက်ခိုက်လာပါက ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ၊ တရားမဝင် လူစုလူဝေးအားဖြိုခွင်းရာတွင် တပ်မတော်က ကူညီဆောင်ရွက်ပေးရသည့်အခါ လိုက်နာရမည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားကြပ်မတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဥပဒေကိုကျော်လွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်းကသာ လိုက်နာဆောင်ရွက်ခဲ့မှု စသည်ဖြင့် ဖော်ပြထားသည်။

ယင်းထုတ်ပြန်ချက်တွင် တပ်မတော်အနေဖြင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားချိန်တွင် လူမျိုး၊ ဘာသာ မည်သည့် ခွဲခြားမှုမျှမရှိဘဲ အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်နေကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား လုံခြုံမှုရှိသော နေရာဒေသများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ယင်းနေရပ်ရှောင်ဒုက္ခသည်များ၏ စားဝတ်နေရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်း၊ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊ နေရပ်ရှောင်ဒုက္ခသည်များအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား တပ်မတော်လေယာဉ်၊ ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် လိုအပ်သည့်နေရာများသို့အရောက် ပို့ဆောင်ပေးခြင်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း မှန်ကန်မျှတစွာ ဆောင်ရွက်ပေးရန်လိုအပ်ပြီး နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရတို့ကလည်း ယင်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေရာတွင် တပ်မတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အရေးကိစ္စတွင် လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု စသည်တို့အား အကြောင်းပြု၍ နောက်ကွယ်မှ ရည်ရွယ်ချက်ရှိစွာဖြင့် ပြုမူလုပ်ဆောင်လာမှုများသည် နိုင်ငံတော် လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာသည့်အပေါ်တွင် အထူးသတိထား စောင့်ကြည့်ကာကွယ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် အောက်တိုဘာ ၂၄**


အောက်တိုဘာ ၂၄ ရက် ည ၇ နာရီ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မိုးလေဝသထုတ်ပြန်ချက်မှာ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ ဒသမ ၀၇ လက်မ၊ ဘီးလင်း မြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ဖန်းမော်မြို့၊ မိုးညှင်းမြို့နှင့် ကွမ်းလုံ မြို့တို့တွင် ၀ ဒသမ ၄၈ လက်မစီနှင့် ဘားအံမြို့တွင် ၀ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။




နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**(မိုး/ဇလ)**




နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဆင့် အစည်းအဝေးပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

*✱ ကျောဖုံးမှ*

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Asaduzzaman Khan ၊ အမြဲတမ်းအတွင်းဝန်များ၊ ရဲချုပ်၊ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ဖွင့်လှစ်ခြင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုနှင့် လူဝင်၊ လူထွက်မှုများ စိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်လက်ခံမှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စသည့် ကဏ္ဍတို့တွင် အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား နိုင်ငံသားစိစစ်မှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် ၁၀ ချက်ကို အတည်ပြုခဲ့ကြောင်း သိရှိရသည်။

ဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် လုံခြုံရေးကဏ္ဍဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းဝန် Mr. Mostafa Kamal Uddin တို့က လည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံးများ(Border Liaison Offices) ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုယ်စား နယ်ခြားစောင့်ရဲတပ်ဖွဲ့ Additional Director General Brigadier General Abul Hasnat Mohammad Khairul Bashar တို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

## မြန်မာ-ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ

**နှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ဖွင့်လှစ်ခြင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုနှင့် လူဝင်၊ လူထွက်မှုများ စိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်လက်ခံမှုများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စသည့် ကဏ္ဍတို့တွင် အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား နိုင်ငံသားစိစစ်မှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြန်လည်လက်ခံနိုင်ရေး။**

## ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် အောက်တိုဘာ ၂၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ နှင့် အဖွဲ့အား ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ဝဲပုံ)**

အဆိုပါ ဧည့်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယမြောက်နေ့သို့ ရန်ကုန်တိုင်းဒေသကြီး Strategy First Institute မှ သင်တန်းသား၊ သင်တန်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၀၅ ဦး တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၂၂၀၇ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များ လျှပ်စစ်ဓာတ်အား တည်ငြိမ်စွာရရှိရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့ ကဝမြို့ အင်းတကော်မြို့နှင့် ပဲခူးမြို့များအတွင်းရှိ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၏ လက်ရှိဝန်အားနိုင်နင်းမှု အခြေအနေ၊ ဗို့အား အဝင်၊ အထွက် အခြေအနေများနှင့် ဓာတ်အားခွဲရုံများတွင် ဗို့အား ကျဆင်းမှု မရှိစေရေးအတွက် Voltage Tapping ပြောင်းလဲဆောင်ရွက်ပေးခြင်းများအား ထိန်းညှိဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းလက်အောက်ရှိ ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ဓာတ်အားပေးစက်ရုံ မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးမှုများအား ရှင်းလင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခြင်း၊ စက်ရုံဝန်ထမ်းမိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် စက်ရုံအား အမြန်ဆုံး ပြုပြင်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၃) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် လေးပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဇွဲကပင်အသင်းမှာမူ ယခုရာသီနောက်ဆုံးပွဲတွင် ကိုးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်အသင်းက ခပ်မာမာ တုံ့ပြန်ကစားခဲ့သောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရသည်။

အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၅ မိနစ်တွင် ရှင်းရန့်ထွေး၊ ၇၂ မိနစ်တွင် သဥ္ဇာချိုတို့က သွင်းယူပေးခဲ့သည်။ ဒုတိယနေ့ကို အောက်တိုဘာ ၂၅ ရက် **(ယနေ့)** မွန်းလွဲ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ဒီနေ့ ဆွေးနွေးပွဲကတော့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ နှစ်နိုင်ငံပြဿနာတွေကို အလေးထားပြီးဆွေးနွေးခဲ့ပါတယ်

**အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်**

**မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်တွင် ယနေ့နံနက် ၉ နာရီက စတင်ကျင်းပခဲ့ပြီး နှစ်နိုင်ငံကြား ပြည်ထဲရေးဝန်ကြီးများအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ညနေ ၃ နာရီတွင် ကျင်းပခဲ့ပါသည်။**

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအပြီးတွင် မြန်မာ့သတင်းစဉ်က ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့ကို အစည်းအဝေးနှင့်ပတ်သက်သည့် ရလဒ်များကို မေးမြန်းခဲ့ပါသည်။



ဦးကျော်ဇေယျ အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန



ဦးတင်မြင့် အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန

**ဦးကျော်ဇေယျ၊ အမြဲတမ်းအတွင်းဝန်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

အဓိကကတော့ နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှာရှိတဲ့ အဆင့်မြင့်အရာရှိတွေ တွေ့ဆုံဆွေးနွေးတဲ့ ပွဲဖြစ်ပါတယ်။ ထွက်ပြေးတိမ်းရှောင်တဲ့သူတွေကိစ္စက နည်းနည်းလေးလောက်ပဲ ဆွေးနွေးပါတယ်။ အဓိကဆွေးနွေးတာက နိုင်ငံကြားမှာရှိတဲ့ နယ်စပ်ဆက်ဆံရေးရုံး (BLO) ဖွင့်မယ့်ကိစ္စ၊ နှစ်နိုင်ငံကြားမှာ သတင်းအချက်အလက်ဖလှယ်မှုကိစ္စတိုးမြှင့်ဖို့နဲ့ အပြန်အလှန်နားလည်မှုမြှင့်တင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ Joint working group ဖွဲ့ဖို့ အစီအစဉ်တွေလည်း ပါပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဖြစ်နိုင်သမျှအားလုံးကို သူ့အဆင့်ဆင့်သွားတာပဲ အဓိက ဆွေးနွေးပါတယ်။ အထူးသဖြင့် သတင်းအချက်အလက်ဖလှယ်မှုအပိုင်းမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ အဆင့်ဆင့်တွေ့ဆုံမှု၊ ယုံကြည်မှု တည်ဆောက်ဖို့ကိစ္စတွေ အဓိကထား ဆွေးနွေးပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ လက်မှတ်ရေးထိုးခဲ့တာ ၁၉၉၂ ခုနှစ်ကပါ။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေ လက်မှတ်ရေးထိုးခဲ့တဲ့၊ နောက်တစ်ခါ ၂၀၀၀ ပြည့်မှာလည်း လဝကတွေနဲ့ ညှိနှိုင်းဆွေးနွေးခဲ့တဲ့ သဘောတူညီချက် လေးချက်ရှိတယ်။ ဒီလေးခုပေါ့လေ။ ကျွန်တော်တို့ကတော့ ဒီမူလေးချက်ကိုပဲ အဓိကထားဆွေးနွေးမှာဖြစ်ပါတယ်။

**ဦးတင်မြင့်၊ အမြဲတမ်းအတွင်းဝန်**
**ပြည်ထဲရေးဝန်ကြီးဌာန**

နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးနဲ့ ထိရောက်စွာအရေးယူဆောင်ရွက်ရေးကိစ္စ၊ နောက်နှစ်နိုင်ငံ နယ်စပ်ပြဿနာတွေပေါ့။ နယ်စပ်ပြဿနာတွေကို ချစ်ကြည်ရင်းနှီးစွာနဲ့ ဖြေရှင်းရေးပေါ့။ ပြီးရင် ပြီးခဲ့တဲ့လက မြန်မာနိုင်ငံကရဲစခန်းတွေကို ARSA အစွန်းရောက်အကြမ်းဖက်သောင်းကျန်းသူတွေရဲ့တိုက်ခိုက်မှုကြောင့် နေအိမ်စွန့်ခွာပြီးထွက်ပြေးသွားခဲ့ကြတဲ့ မြန်မာနိုင်ငံဘက်ကနေပြီးတော့မှ ဘင်္ဂလားဒေ့ရှ်ဘက်ကို ရောက်နေတဲ့သူတွေကို ပြန်လည်ပြီးတော့မှ လက်ခံရေးကိစ္စ၊ အထူးသဖြင့် မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံဟာ အိမ်နီးချင်းတွေဖြစ်တဲ့အတွက် နိုင်ငံတကာကသတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးတွဲဆောင်ရွက်ရေးအတွက် အဓိက ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲကတော့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံပြဿနာတွေ အလေးထားပြီး ဖြေရှင်းဖို့ကိစ္စ၊ နိုင်ငံကြားမှာဖြစ်ပေါ်နေတဲ့ သောင်းကျန်းသူတွေအပေါ်မှာ အဓိကဆွေးနွေးတာဖြစ်ပါတယ်။ နှစ်နိုင်ငံလက်ခံရေးကိစ္စတွေကတော့ နိုင်ငံတော်အဆင့်က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘယ်တော့လောက်လက်ခံမလဲဆိုတာကတော့ ကျွန်တော်တို့ မပြောနိုင်သေးပါဘူး။ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ National Verification Card မှုတည်ပြီးတော့မှ ဟုတ် မဟုတ် စိစစ်ပြီး လက်ခံမှာဖြစ်ပါတယ်။ ပြီးရင်လည်း ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောတွေမှာ အမှန်တကယ်နေသွားတဲ့သူတွေ ဟုတ် မဟုတ်ကိုလည်း စိစစ်ရဦးမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးကတော့ နှစ်နိုင်ငံကြားမှာဖြစ်ပေါ်နေတဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို နှစ်နိုင်ငံပူးပေါင်းပြီးတော့မှ ချစ်ကြည်ရင်းနှီးစွာ အလေးထားဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးဝါးများကို နှစ်နိုင်ငံ ဖမ်းဆီးအရေးယူဖို့ကိစ္စတွေ၊ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်ကြားမှာ BLO ဆိုတဲ့ နှစ်နိုင်ငံဆက်ဆံရေးရုံးတွေ ထားရှိပြီးတော့ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်သွားမယ်ဆိုတဲ့အချက်တွေကို သဘောတူညီမှု ရရှိပါတယ်။ ဒီအချက်တွေကိုလည်း နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ နယ်စပ်ဆက်ဆံရေးရုံးတွေဖွင့်ဖို့ ဆွေးနွေးထားပြီးသား။ အဓိကကတော့ နယ်စပ်မြို့ဖြစ်တဲ့ မောင်တောနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာ ဖွင့်ဖို့ရှိပါတယ်။

ထို့နောက် သတင်းစာရှင်းလင်းပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှာ အိမ်နီးချင်းနိုင်ငံများ ဖြစ်တာနဲ့အညီနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ဒီကနေ့ အလေးထားဆွေးနွေးတာကတော့ နှစ်နိုင်ငံနယ်စပ်ဒေသနဲ့ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်တိုက်ဖျက်ရေးမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့၊ နယ်စပ်ဆက်ဆံရေးရုံးလို့ခေါ်တဲ့ BLO ရုံးများ ဖွင့်လှစ်နိုင်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု တားဆီးရေးတွင် ပူးပေါင်းပါဝင်ကြမှု၊ နိုင်ငံသားစိစစ် လက်ခံရေးမှာ ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့ စတဲ့အချက် ငါးချက်ကို ဆွေးနွေးခဲ့ကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အဓိကဆွေးနွေးတာက နယ်စပ်တည်ငြိမ်အေးချမ်းရေးမှာ ပူးပေါင်းဆောင်ရွက်ကြဖို့၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးမှာ အပြန်အလှန်ကူညီကြဖို့၊ နယ်စပ်ဆက်ဆံရေး ရုံးဖွင့်လှစ်ဖို့၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ဖို့ စတဲ့အချက်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

**တွေ့ဆုံမေးမြန်း - ကျော်သဲအိမ်၊ ကျော်ထိုက်စိုး**
**ဓာတ်ပုံ - သုတ**

✳ *ကျောဖုံးမှ*

အဆိုပါအခမ်းအနားကို ဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့၊ အစ္စလာမ်ဘာသာအဖွဲ့၊ ဟိန္ဒူဘာသာအဖွဲ့၊ မဟာယာန ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာအဖွဲ့တို့က ငြိမ်းချမ်းရေးအတွက် သက်ဆိုင်ရာဘာသာအလိုက် ဆုတောင်း မေတ္တာပို့သကြပြီး ဓမ္မတေးများကို သီဆိုကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကားပြောကြားရာတွင် "ကျွန်တော်တို့အားလုံးရဲ့စိတ်ထဲမှာ နိုင်ငံတော်ကြီး ငြိမ်းချမ်းဖို့ အေးချမ်းသာယာဖို့အတွက် ခိုင်မာတဲ့ယုံကြည်ချက်တွေရှိနေရင် ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကိုရောက်ရှိမှာ ဖြစ်ပါတယ်။

ဒီလိုရောက်ရှိနိုင်ဖို့အတွက် ကျွန်တော်တို့အားလုံး ညီညွတ်ကြဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ရင်ထဲမှာ ကောင်းမြတ်တဲ့ မေတ္တာတရားနဲ့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ ဒီအတွက် ဒီနေရာမှာ တူညီတဲ့စိတ်ဓာတ်နဲ့ တူညီတဲ့ဆန္ဒတွေ၊ တူညီတဲ့မေတ္တာတရားတွေနဲ့ ဒီနေရာမှာ စုစည်းရောက်ရှိနေကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ယုံကြည်မှုတွေ၊ မေတ္တာတရားတွေ၊ ခိုင်မြဲတဲ့လက်တွေနဲ့ နိုင်တော်ကြီး တည်ဆောက်ကြပါစို့။ ကျွန်တော်တို့ရဲ့ ယနေ့စုစည်းနေတဲ့ စိတ်ဓာတ်ခွန်အားတွေ၊ ရှေ့အနာဂတ်အတွက် မျှော်လင့်ချက်တွေ၊ ကျွန်တော်တို့မျှော်လင့်နေတဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ကြိုးစားရုန်းကန်ကြပါစို့"ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများနှင့် အတူ ပြည်သူ ငါးထောင်ကျော် တက်ရောက်ကြပြီး ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် သံပြိုင်ဆုတောင်း မေတ္တာပို့သကြသည်။

အဆိုပါ ဆုတောင်းပွဲတွင်ပါဝင်သူ မရမ်းကုန်းမြို့နယ်မှ (အစ္စလာမ်ဘာသာဝင်) မထက်ရတနာကျော်က "ကျွန်မက ငြိမ်းချမ်းရေးကို လိုလားတယ်။ ဒါ့ကြောင့် ဒီပွဲမှာ အစ္စလာမ်ဘာသာအနေနဲ့ ငြိမ်းချမ်းရေးဆုတောင်းပွဲအတွက် ဖယောင်းတိုင် ထွန်းညှိပေးခဲ့တယ်။ ဘာသာပေါင်းစုံက ညီအစ်ကိုမောင်နှမတွေ တစ်နေရာတည်းမှာ အတူတကွ စည်းစည်းလုံးလုံးနဲ့ တွေ့မြင်ရတာဟာ အင်မတန် ကြည်နူးစရာကောင်းပါတယ်။ အခုလို ဆုတောင်းပွဲတွေ လုပ်ခြင်းအားဖြင့် ဘာသာပေါင်းစုံ ညီအစ်ကိုမောင်နှမတွေအနေနဲ့ အရင်ကထက်ပိုပြီး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိလာနိုင်ပါတယ်။

ယုံကြည်ချက်နဲ့ ပြည်သူတွေ စုပေါင်းပြီးပြုလုပ်တဲ့ ဆုတောင်းပွဲဖြစ်တာကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ကောင်း ရရှိလာမယ်လို့မြင်ပါတယ်"ဟု ပြောသည်။

အလားတူ ယနေ့ကျင်းပသည့် ဆုတောင်းပွဲတွင်ပါဝင်သူ သာကေတမြို့နယ်မှ ဦးမြင့်ဦးက "ဒီလိုဆုတောင်းပွဲတွေလုပ်တာ ကောင်းပါတယ်။ ဒီလိုဆုတောင်းပွဲတွေကနေ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ငြိမ်းချမ်းရေးကို ဘယ်လောက်လိုလားတယ်ဆိုတာကို သိရှိနိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက် အတူတူဆုတောင်းမှုတွေ လုပ်ရတော့ တစ်ယောက်ရဲ့ခံစားမှု၊ လိုလားတောင့်တမှုတွေကိုလည်း သိရှိနိုင်သလို ရင်းနှီးမှုတွေလည်း ပိုမိုရရှိလာပါတယ်။ ဒီလိုဆုတောင်းပွဲတွေကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုရရှိလာမယ်။ အဲဒီကနေတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးကဏ္ဍတွေအပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှာ အထောက်အကူတွေ အများကြီးရရှိလာမယ်လို့ ယုံကြည်ပါတယ်"ဟုဆိုသည်။

ယနေ့ကဲ့သို့ ငြိမ်းချမ်းရေးဆုတောင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အောက်တိုဘာ ၁၀ ရက်က အောင်ဆန်းအားကစားကွင်းတွင် လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင်တွင် လည်းကောင်း ကျင်းပခဲ့ရာ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူများတစ်ခဲနက် တက်ရောက်ဆုတောင်း မေတ္တာပို့သခဲ့ကြသည်။

ထို့အပြင် အောက်တိုဘာ ၃၁ ရက်တွင်လည်း ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ ဆုတောင်းပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင်လည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး**



## တိုင်းရင်းသားကျေးရွာများ ပြန်လည်နေရာချထားပေးရေးကွင်းဆင်း

**မောင်တော အောက်တိုဘာ ၂၄**

မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များသည် ARSA အစွန်းရောက် အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးခဲ့သည့် မောင်တောမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာများ ပြန်လည်နေရာချထားရေးအတွက် ယနေ့တွင် မြေနေရာသစ်များ သွားရောက်ရွေးချယ် တိုင်းတာပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်းရှိ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စု၊ နတ်ချောင်းကျေးရွာအုပ်စု၊ ငါးရံ့ချောင်းကျေးရွာအုပ်စုများသို့ သွားရောက်ကာ ဒေသခံများ ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် ရေနောက်ငါးသားကျေးရွာနှင့် သက်ကိုင်ညာကျေးရွာတို့မှ အိမ်ထောင်စု ၉၆ စုအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာမီးများကိုလည်းကောင်း(**အပေါ်ပုံ**)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ခြင်ထောင်များနှင့် အဝတ်အထည်များကိုလည်းကောင်း ဒေသခံများအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သန့်လင်းကြည်**



## အကြမ်းဖက်မှုဖြစ်စဉ်အတွင်းကျဆုံးသွားသော ဘူးသီးတောင်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအားဂုဏ်ပြုထောက်ပံ့

**စစ်တွေ အောက်တိုဘာ ၂၄**

ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများတွင် ကျဆုံးသွားသော ဘူးသီးတောင်မြို့နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ဝေဟင်အောင်ပရဟိတအဖွဲ့နှင့် ဝဠ္ဍကျော်ဖောင်ဒေးရှင်းတို့က အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်းကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဘူးသီးတောင်မြို့နယ် လမ်းမတော်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

"ဒီလိုပေးရတဲ့ ရည်ရွယ်ချက်က အကြမ်းဖက်ဖြစ်စဉ်မှာ သူတို့ရဲ့အသက်ကို ပဓာနမထားဘဲ တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို အသက်ပေးကာကွယ်ပေးခဲ့တဲ့အတွက် သူတို့ကိုလည်း ပြန်လည်အသိအမှတ်ပြု ဂုဏ်ယူတဲ့အနေနဲ့ ထောက်ပံ့ပေးတာဖြစ်တယ်။ ဒီနေ့ ထောက်ပံ့ပေးတာကတော့ ဘူးသီးတောင် မြို့နယ်တွင်းက ကျဆုံးသွားတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ မိသားစုတွေကို ထောက်ပံ့တာပါ။ မောင်တောမြို့နယ်က ကျဆုံးသွားတဲ့တပ်ဖွဲ့ဝင်တွေရဲ့မိသားစုတွေကိုလည်း ဆက်လက်ထောက်ပံ့သွားဖို့ရှိပါတယ်"ဟု စာရေးဆရာ ဝေဟင်အောင်က ပြောသည်။

ယနေ့ ထောက်ပံ့လှူဒါန်းပွဲတွင် ဘူးသီးတောင်မြို့နယ်မှ ကျဆုံးသော ရဲတပ်ဖွဲ့ဝင် ကိုးဦး၏ မိသားစုဝင်များကို တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် ဝေဟင်အောင် ပရဟိတအဖွဲ့က ဘူးသီးတောင်မြို့နယ် အနောက်တံခါး လူမှုကယ်ဆယ်ရေးအဖွဲ့ (WDAB) သို့ လူနာတင်ကားတစ်စီး ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲကို ဝေဟင်အောင်ပရဟိတအဖွဲ့နှင့် ဝဠ္ဍကျော် ဖောင်ဒေးရှင်းတို့က ပူးပေါင်း၍ ဘူးသီးတောင်မြို့နယ် အနောက်တံခါး လူမှုကယ်ဆယ်ရေးအဖွဲ့ (WDAB) က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိရန် ကျန်နေသေးသော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အရေးပေါ်ရန်ပုံငွေ တင်ပြတောင်းခံ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၈၁၃၆ ဒသမ ၈၇၅ သန်း ခွဲဝေသုံးစွဲခဲ့သည့်ကိစ္စရပ်**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုးတက်သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဝေးလံဒေသများတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးတို့အတွက် စီမံကိန်းလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအနက် ရခိုင်တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ၂၃၀ ကေဗွီနှင့် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများလည်း ပါဝင်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံတော်ဓာတ်အားစနစ်မှ မြို့နယ် ၁၁ မြို့နယ်ဖြစ်သော စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော်၊ ကျောက်ဖြူ၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲ၊ ပေလီ၊ တောင်ကုတ်၊ မအီမြို့နယ်များနှင့် ဆက်စပ်လျက်ရှိသော ကျေးရွာပေါင်း ၁၄၄ ရွာသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှု၍ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ရရှိရန် ကျန်ရှိနေသေးသော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် - မောင်တော ဓာတ်အားလိုင်းအရှည် ၆၅ ဒသမ ၀၃ မိုင်နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံသုံးရုံ စီမံကိန်းအား အလျင်အမြန်ထပ်မံတည်ဆောက်ပေးနိုင်ရန် လိုအပ်လာပါကြောင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၆ မိုင်နှင့် ရသေ့တောင် ဓာတ်အားခွဲရုံအား ၂၀၁၈ ခုနှစ် မတ်လတွင် ပြီးစီးရန်အတွက် လည်းကောင်း၊ ၆၆ ကေဗွီ ရသေ့တောင် - ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ ဒသမ ၅ မိုင်နှင့် ဘူးသီးတောင် ဓာတ်အားခွဲရုံအား ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြီးစီးရန်အတွက် လည်းကောင်း၊ ၆၆ ကေဗွီ ဘူးသီးတောင် - မောင်တော ဓာတ်အားလိုင်း ၈ ဒသမ ၉၃ မိုင် နှင့် မောင်တော ၆၆ကေဗွီ ဓာတ်အားခွဲရုံအား ၂၀၁၈ ခုနှစ် အကုန်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ရည်မှန်းချက်ထား စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများအတွက် ခန့်မှန်းကုန်ကျ ငွေကျပ် ၃၀ ဒသမ ၃၅၅ ဘီလီယံခန့် အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ယခု ဘဏ္ဍာနှစ်အတွင်း တည်ဆောက်နိုင်မည့် လုပ်ငန်းပမာဏအတွက် ကျပ်လေးဘီလီယံခန့်ကို ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အရေးပေါ်ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံခြင်းဖြစ်ပါကြောင်း၊ အရေးပေါ်ရန်ပုံငွေ အသုံးပြုခွင့်အား ယခုလွှတ်တော်တွင် အတည်ပြုပါက တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါ ၆၆ ကေဗွီလိုင်းများ ဘူးသီးတောင်၊ မောင်တောမြို့တို့သို့ ရောက်ရှိသွားပါက ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်နှင့်ပတ်ဝန်းကျင် ကျေးရွာများအား ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ရသေ့တောင်မြို့နယ်ပတ်ဝန်း ကျင်ကျေးရွာ ၁၇ ရွာ၊ ဘူးသီးတောင်မြို့နယ်ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာနှင့် မောင်တောမြို့နယ် ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာ စုစုပေါင်း ကျေးရွာ ၄၃ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀၇ မိုင်၊ ၄၀၀ ဗို့လိုင်း ၄၅ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီ ထရန်စဖော်မာ ၅၃ လုံး တည်ဆောက်ခြင်းနှင့် ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာတွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် သယ်ယူတပ်ဆင်ခြင်းလုပ်ငန်းတို့အတွက် အရေးပေါ်ရန်ပုံငွေမှ ကျပ် ၅၇၅၅ ဒသမ ၂၉ သန်း တင်ပြတောင်းခံရခြင်းဖြစ်ပါကြောင်း။



ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာထွန်းနိုင်
ဒုတိယဝန်ကြီး



ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး

အဆိုပါ လုပ်ငန်းများအား ဆောင်ရွက်ရန် တင်ဒါခေါ်ယူချိန်၊ ပစ္စည်းများ မှာယူစုဆောင်းချိန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန် စုစုပေါင်းအများဆုံး ကိုးလခန့် လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအား ၂၀၁၈ ခုနှစ် မတ်လတွင် အပြီးဆောင်ရွက်ရန် လိုအပ်နေသည့်အတွက် ဆောလျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ရန်ပုံငွေမှ တင်ပြတောင်းခံရခြင်းဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၄၄ ရွာရှိ အိမ်ထောင်စုများအားလျှပ်စစ်ဓာတ်အား ၂၄ နာရီ သွယ်ယူရရှိနိုင်မည်ဖြစ်သည့်အပြင် ဒေသ၏လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် အရေးပေါ်ရန်ပုံငွေ တင်ပြတောင်းခံရခြင်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြသည်။

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၈၁၃၆ ဒသမ ၈၇၅ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းနှစ်ခုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း လေးခုတို့အတွက် ကျပ်သန်း ၂၈၁၃၆ ဒသမ ၈၇၅ ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အစိုးရ ရသုံးခန့်မှန်းခြေငွေစာရင်း၏ လိုငွေကို ပြည်တွင်း၊ ပြည်ပမှ ချေးယူငွေများဖြင့် ဖြည့်ဆည်းရခြင်းသည် နိုင်ငံတကာ ကျင့်ထုံးတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အစဉ်အဆက်ကပင် အရအသုံး ခန့်မှန်းခြေငွေစာရင်း၌ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေရရှိမှုများကို ထည့်သွင်းတွက်ချက်ပြီးနောက် ထပ်မံဖြစ်ပေါ်လာသည့် ဘတ်ဂျက်လိုငွေများကို ပြည်တွင်းချေးငွေဖြင့် ဖြည့်ဆည်းခဲ့ပါကြောင်း။

ယခင်ကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ နှစ်စဉ်ချေးယူရမှုများ ရှိခဲ့သော်လည်း အစိုးရအဖွဲ့ကသာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉၁ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အစိုးရသို့ ငွေချေးလိုပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ထုတ်ချေးရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လွှတ်တော်ခွင့်ပြုချက်ရရှိရန် တင်ပြခြင်းဖြစ်ပါကြောင်း။ အစိုးရက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းသည် ငွေကြေးပမာဏတိုးစေခြင်း၊ လှည့်လည်သုံးစွဲငွေတိုးစေခြင်းတို့ကို တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ဘဲ သွယ်ဝိုက်သော နည်းအားဖြင့်သာ သက်ရောက်မှုရှိမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ပြင်ပဈေးကွက်မှ ငွေချေးယူခြင်းအနေဖြင့် ငွေကြေးပမာဏနှင့် လှည့်လည်သုံးစွဲငွေတို့ကို လျော့နည်းစေသော တိုက်ရိုက်အကျိုးသက်ရောက်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ကျပ် ၁၂၀၀ ဘီလီယံအတွင်း ချေးယူမည့်အစီအစဉ်အား ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်အားရယူရာ ထောက်ခံမဲ ၅၆၈ မဲ၊ ကန့်ကွက်မဲ ၅ မဲနှင့် ကြားနေမဲ ၅ မဲဖြင့် ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ**တို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြန်လည်ရှင်းလင်း တင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းဆွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်း တင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်းအပြန်အလှန် အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်နွယ်နွယ်အောင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ** နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ထုမေက က ဒေသတွင်းနိုင်ငံများဖြင့် ၁၉၆၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံသည် One Vision, One Identity, One Community ဆိုသည့် ဆောင်ပုဒ်ချမှတ်ကာ အာဆီယံလူမှုအသိုက်အဝန်း တိုးတက်ဖွံ့ဖြိုးလာရန်အတွက် အဓိကမဏ္ဍိုင် ၃ ရပ် ဖြစ်သည့် The ASEAN Political-Security Community (APSC)၊ The ASEAN Economic Community (AEC) နှင့် The ASEAN Socio-Cultural Community (ASCC) တို့ဖြင့် မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်စာချုပ်တွင် တတိယအကြိမ်ပြင်ဆင်သည့် တတိယအခြေပြစာချုပ်ကို လက်မှတ်ရေးထိုးရမည်ဖြစ်ပါကြောင်း။

ယင်းစာချုပ်ကို အာဆီယံဒေသတွင် လွတ်လပ်ပွင့်လင်းသော၊ လွယ်ကူချောမွေ့စေသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ယှဉ်ပြိုင်နိုင်မှုရှိသော၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးရန်နှင့် အာဆီယံဒေသတွင် အခြေပြုသည့် ရင်းနှီးမြှုပ်နှံသူများ အကျိုးစီးပွားကို ခိုင်မြဲစေရန်ရည်ရွယ်ပြီး ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် မတ် ၂၉ ရက်တွင် အတည်ပြုခဲ့ပါကြောင်း၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူအခြေပြစာချုပ်များသည် အာဆီယံအသိုင်းအဝိုင်းအတွက် အရေးကြီးသကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ရှိပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် အရှေ့တောင်အာရှ၏ မတူကွဲပြားစီးပွားရေးကို Single Market ဖြစ်ရန် ထုတ်လုပ်မှု အခြေခံသည့် စီးပွားရေးဖြစ်ရန်၊ ပြိုင်ဆိုင်မှုအားကောင်းသော စီးပွားရေးဒေသဖြစ်ရန်၊ မျှတသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းမြှင့်တင်ရေးသာမက ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ပါဝင်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ ဘက်စုံရင်းနှီးမြှုပ်နှံမှုစာချုပ်သည် ပြည်သူကို မည်သို့ အကျိုးရှိစေမည် နည်းဆိုသည့် စီးပွားရေးမူဝါဒကို အာဆီယံနိုင်ငံများ စီးပွားရေးမူဝါဒများနှင့် နှိုင်းယှဉ် သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

**အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူအခြေပြစာချုပ်များသည် အာဆီယံအသိုင်းအဝိုင်းအတွက် အရေးကြီးသကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့်အခန်းကဏ္ဍတွင် ရှိပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် အရှေ့တောင်အာရှ၏ မတူကွဲပြားစီးပွားရေးကို Single Market ဖြစ်ရန် ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးဖြစ်ရန်၊ ပြိုင်ဆိုင်မှုအားကောင်းသော စီးပွားရေးဒေသဖြစ်ရန်၊ မျှတသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်းမြှင့်တင်ရေးသာမက ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပါဝင်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ ဘက်စုံရင်းနှီးမြှုပ်နှံမှုစာချုပ်သည် ပြည်သူကို မည်သို့ အကျိုးရှိစေမည်နည်းဆိုသည့် စီးပွားရေးမူဝါဒကို အာဆီယံနိုင်ငံများ စီးပွားရေးမူဝါဒများနှင့် နှိုင်းယှဉ်သုံးသပ်သင့်**

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

# ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က အစိုးရထံတောင်းဆိုသည့် အဆိုပြုချက်အများစုကို သဘောတူညီမှုရရှိပြီးဖြစ်ကာ လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် သတ္တမအကြိမ် အစည်းအဝေးနောက်ဆက်တွဲအဖြစ် ညှိနှိုင်း၍ NCA လက်မှတ်ရေးထိုးမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

**ငြိမ်းချမ်းရေးကော်မရှင်(PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် တရားဝင်အစည်းအဝေးဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့သည်။**


ဦးဇော်ဌေး


နိုင်အောင်မငေး

အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရေးအချက် အပါအဝင် အစိုးရထံသို့ အဆိုပြုတောင်းဆိုထားသည့်အချက် ကိုးချက်ကို ဆွေးနွေးသည်။

ဆွေးနွေးသည့် အဆိုပြုချက် ရှစ်ချက်အနက် အများစုကို သဘောတူညီမှုရရှိပြီးဖြစ်ကာ တောင်းဆိုထားသည့် အဆိုပြုချက် အချက် ငါးသည် တပ်ပိုင်းဆိုင်ရာကိစ္စများ ပါဝင်သောကြောင့် နှစ်ဖက် တပ်ပိုင်းဆိုင်ရာခေါင်းဆောင်များနှင့် ပြန်လည်ညှိနှိုင်း၍ လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် သတ္တမအကြိမ် အစည်းအဝေး အဆက်အဖြစ် ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်း DPN ဒုတိယအဖွဲ့ခေါင်းဆောင် နိုင်အောင်မငေးက ပြောသည်။

နိုင်အောင်မငေးက “ကျွန်တော်တို့ အဆိုပြုထားတဲ့ ရှစ်ချက်ထဲမှာ အများစုက ပြီးပြတ်မှုရှိတယ်။ မပြီးပြတ်သေးတာက တစ်ပိုင်းတစ်စပေါ့။ အဲ့ဒီအထဲမှာမှ နံပါတ် ငါးပဲ အရေးကြီးပါတယ်။ အဲ့ဒီမှာမှ စကားဖော်ပြမှု၊ အဓိပ္ပာယ်သတ်မှတ်ချက်အချို့က အခက်အခဲ ဖြစ်နေတာပေါ့။ နံပါတ် ငါးမှာက ကျွန်တော်တို့ ဆွေးနွေးမှုအစီအစဉ်တွေကို ကြိုတင်ပြီးတော့ သတ်မှတ်ရအောင်ဆိုတာရှိတယ်။ အဲ့ဒီဆွေးနွေးမှု အစီအစဉ်ထဲမှာ ၁၀ ချက်ရှိပါတယ်။ ဥပမာ-ကြားကာလအစီအစဉ်တို့၊ အဓိပ္ပာယ်ဖော်ပြချက်တို့ ပစ်ခတ်တိုက်ခိုက်မှု တပ်ပိုင်းဆိုင်ရာ CoC တို့၊ လုပ်ငန်းလမ်းညွှန် ToR တို့မှာ အသေးစိတ်ပြန်ပြီးတော့ ဆွေးနွေးကြဖို့ နှစ်ဖက်သဘောတူထားတယ်။ နံပါတ်ငါးက စစ်ဘက် ပုဂ္ဂိုလ်တွေနဲ့ တာဝန်ရှိတဲ့သူတွေနဲ့ ကျွန်တော်တို့ ပြန်ညှိမယ်။ DPN ထဲမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်း စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ ပြန်ညှိမယ်။ အဲ့ဒါတွေပြီးရင် နိုဝင်ဘာလ ၈ ရက်နေ့မှာ နိုင်ငံတော်နဲ့ ပြန်ညှိပါမယ်”ဟုပြောသည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် သတ္တမအကြိမ် အစည်းအဝေးနောက်ဆက်တွဲအဖြစ် ဆွေးနွေးမည်ဖြစ်ပြီး UNFC တောင်းဆိုထားသည့် အချက် ရှစ်ချက်ကို သဘောတူညီမှုရရှိပါက နံပါတ် ကိုးအချက် ဖြစ်သည့် NCA လက်မှတ်ရေးထိုးနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျွန်တော်တို့ ဆွေးနွေးမှုပြီးပြတ်တဲ့အခါ ရှေ့ဆက်လုပ်ဖို့ အစီအစဉ် အသေးစိတ် ရှိလာမယ်။ ပြောထားတာက ရှစ်ချက်ကို ပြေလည်မယ်ဆိုရင် NCA လက်မှတ်ထိုးဖို့ အဆိုပြုချက် နံပါတ် ကိုးမှာ အတိအလင်းဖော်ပြထားတာရှိပါတယ်” ဟု နိုင်အောင်မငေးက ပြောသည်။

UNFC အနေဖြင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် နီးစပ်မှုများရှိလာနေပြီ ဖြစ်သော်လည်း အပစ်ရပ်စဲမှု ပိုမိုခိုင်မာစေလိုသည့် သဘောမျိုးဖြင့် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ် ဦးဇော်ဌေးက ပြောသည်။

ဦးဇော်ဌေးက “ကျွန်တော်တို့ အပစ်အခတ်ရပ်စဲတယ်။ ရပ်စဲပြီးစာချုပ်တွေ ချုပ်ပြီးတဲ့အချိန်မှာ တချို့အခက်အခဲလေးတွေ ဖြစ်တယ်။ အပစ်အခတ်ရပ်စဲတာကို ခိုင်မာအောင်လုပ်ဖို့ အဆင့်ကြတော့ လုပ်ငန်းလမ်းညွှန် ToR တို့ လုပ်ထုံးလုပ်နည်း SoP တို့ ဆက်လုပ်တယ်။ အဲ့ဒီလို လုပ်တာကလည်း စိတ်ကူးနဲ့ လုပ်ရတာ ဖြစ်တဲ့အတွက်ကြောင့် အချိန်နဲ့အမျှ အမြဲပြောင်းနေရတဲ့ သဘောပေါ့။ UNFC ဘက်ကလည်း လက်မှတ်ထိုးပြီးတာတောင် ပဋိပက္ခတွေ ဖြစ်နေသေးတယ်ဆိုတဲ့ အမြင်ကလည်း ရှိတယ်။ ဒါက ကမ္ဘာပေါ်မှာလုပ်သမျှ အပစ်အခတ်ရပ်စဲရေးတိုင်း ဖြစ်လေ့ဖြစ်ထရှိတယ်။ ဒါပေမယ့် UNFC အနေကလည်း သူတို့ဝင်လာတဲ့အချိန် ဒါမျိုးတွေ မဖြစ်အောင် ကြိုပြီး ပြင်ဆင်ချင်တဲ့သဘောပဲ။ ဒါကို စိုးရိမ်မှုရှိတယ်လို့ ဆိုလိုတာ”ဟု ပြောသည်။

NCA လက်မှတ်ရေးထိုးရန်အတွက် UNFC ၏ အဆိုပြုမှု အချက် ခြောက်ဖြစ်သည့် နှစ်ဖက်သဘောတူလက်ခံသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များပါဝင်ရေးကိစ္စတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ JMC Support platform ပုံစံဖြင့် သွားမည်ဖြစ်ကြောင်း နိုင်အောင်မငေးထံမှ သိရသည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် လက်ရှိတင်ပြထားသည့် ဆွေးနွေးမှုခေါင်းစဉ်များကို ဆွေးနွေး၍ သဘောတူညီမှုရရှိပါက NCA လက်မှတ်ရေးထိုးပြီးသည်နှင့် လုပ်ငန်းအကောင်အထည် ဖော်မည်ဖြစ်ကြောင်း သိရသည်။

“တင်ပြထားတဲ့ ဆွေးနွေးမှုခေါင်းစဉ်ကို ဆွေးနွေးမယ်။ ခေါင်းစဉ်ရဲ့အခြေခံမှုတွေကို ဘယ်လိုသဘောထားမလဲ။ လုပ်ငန်းအကောင်အထည်ဖော်တာကြတော့ NCA လက်မှတ်ထိုးပြီးမှ အကောင်အထည်ဖော်မယ်။ ဒါကြောင့် နှစ်ဖက် သဘောထား ကြိုတင်ပြီးတော့ ရယူထားတယ်” ဟု နိုင်အောင်မငေးက ပြောသည်။

DPN အနေဖြင့် တပ်မတော်၏ သဘောထားကို ငြိမ်းချမ်းရေးကော်မရှင်၏ သဘောထားအဖြစ်သာမြင်ပြီး ယခုဆွေးနွေးပွဲရလဒ်သည် တိုးတက်ကောင်းမွန်ကြောင်း ပြောသည်။

“ကျွန်တော်တို့ ဆွေးနွေးတာက ငြိမ်းချမ်းရေး ကော်မရှင်အနေနဲ့ပဲ မြင်တယ်လေ။ ဒီနေ့ဆွေးနွေးပွဲမှာ တပ်မတော်က ခေါင်းဆောင်လည်းပါတယ်ဆိုတော့ ခေါင်းဆောင်ရဲ့ အပြောအဆိုအရ တပ်မတော်ရဲ့သဘောထားလည်း ဒီထဲမှာပါဝင်တယ်။ တပ်မတော်ရဲ့ သဘောထားက ငြိမ်းချမ်းရေးကော်မရှင်ထဲမှာ အကျုံးဝင်နေတော့ သိပ်ပြီးတင်းမာမှုမရှိပါဘူး” ဟု နိုင်အောင်မငေးက ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် (DPN) တို့၏ သတ္တမအကြိမ် တရားဝင်အစည်းအဝေးသည် NCA လက်မှတ်ရေးထိုးရန် ကျော်ဖြတ်မည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဦးဇော်ဌေးက “အခုအခြေအနေက ငြင်းတဲ့အဆင့် မဟုတ်တော့ဘူး။ ဘယ်လိုကျော်ဖြတ်မလဲဆိုပြီး နှစ်ဖက်စဉ်းစားတဲ့အနေအထားရောက်လာပြီ။ အကောင်းဆုံးအခြေအနေပါ” ဟု သတင်းမီဒီယာများအား ဖြေကြားသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့၏ သတ္တမအကြိမ် အစည်းအဝေးအပြီးတွင် အပိုဒ်လေးပိုဒ်ပါဝင်သော ပူးတွဲသတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် -

အစည်းအဝေးတွင် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) ၏ အဆိုပြုချက် ကိုးချက်အပေါ် အခြေခံ၍ နှစ်ဖက်အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကျန်ရှိနေသေးသော ဆွေးနွေးညှိနှိုင်းမှုအစီအစဉ်များနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အတူတကွဖော်ဆောင်သွားကြရန် သန္နိဋ္ဌာန်ပြုကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ပါရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အလျင်အမြန်အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ တွင် ငြိမ်းချမ်းရေးကော်မရှင်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့မှ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) သည် NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းကို ရန်ကုန် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းအများစုတည်ရှိရာမြို့ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို ဥပဒေမူဘောင်အတွင်းမှ ကူညီပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

“ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှာ ဦးဆောင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့လိုအပ်ချက်တွေ၊ အခက်အခဲတွေ၊ အဆင်မပြေမှုတွေရှိနေမယ်ဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရတစ်ရပ်အနေနဲ့ တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ နံနက်ပိုင်းတွင် ကျင်းပသော တော်ဝင်းဂါးဒင်းဟိုတယ်၏ တော်ဝင်မင်္ဂလာခန်းမ ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးနယ်ပယ်အသီးသီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပေါ်ထွန်းလျက်ရှိကြောင်း၊ အခက်အခဲဖြစ်နေသော စီးပွားရေးလုပ်ငန်းများအား ဥပဒေဘောင်အတွင်းမှ ကူညီပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ထပ်လောင်းပြောကြားလိုက်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်သော အခွင့်အလမ်းများရရှိနေပြီဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးအောင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ပြီး မိမိတို့စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ယင်းအခမ်းအနားသည် တော်ဝင်မိသားစုကုမ္ပဏီ၏ စီးပွားရေးသက်တမ်း နှစ် ၅၀ ပြည့် ရွှေရတုမင်္ဂလာပွဲကို ပူးတွဲကျင်းပခြင်းဖြစ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို ဥပဒေနှင့်အညီ ကူညီပေးသွားရန် စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်းပြောဆိုခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် မြင်းခြံမြို့ အဖြူရောင်ကမ်းလက်များ ပရဟိတအသင်းသို့ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ အရေးပေါ်လူနာတင်ယာဉ် တစ်စီးကိုလည်း တော်ဝင်မိသားစုကုမ္ပဏီက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

နိုင်ငံတကာသတင်း

# (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် ပိတ်ပွဲအခမ်းအနား ကျင်းပ

**ပေကျင်း အောက်တိုဘာ ၂၄**

(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် ပိတ်ပွဲအခမ်းအနားကို ပေကျင်းမြို့ရှိ ပြည်သူ့မဟာခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ဗဟိုကော်မတီအသစ်တွင် လက်ရှိသမ္မတ ရှီကျင့်ဖျင်အား ဆက်လက်ရွေးချယ်ခဲ့ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

ပါတီအနေဖြင့် ပါတီဗဟိုကော်မတီဝင် အသစ်များကိုလည်း ရွေးချယ်ခဲ့ပြီး ခေတ်သစ်ပိုးလမ်းမကြီးနှင့်ပတ်သက်၍လည်း ပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားတွင် သမ္မတရှီကျင့်ဖျင်က ပါတီအနေဖြင့် တရုတ်နိုင်ငံအား ခေတ်မီနိုင်ငံအဖြစ် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အမျိုးသားကွန်ဂရက်ကို ငါးနှစ် တစ်ကြိမ် ကျင်းပကာ (၁၉)ကြိမ်မြောက် အမျိုးသားကွန်ဂရက် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်းအား ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြီးစီးရေး ဆောင်ရွက်နေ

**ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်ဖြစ်စဉ်နောက်ပိုင်း ယခုအခါ နယ်မြေပြန်လည် တည်ငြိမ်အေးချမ်းလာပြီဖြစ်သောကြောင့် ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် လမ်းတံတားများတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ မောင်တောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်ဦး** (အောက်ယာပုံ) **အား မေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ အခုလက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးမှု အပိုင်းမှာ ဘာတွေဆောင်ရွက်နေသလဲ သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ အစိုးရ အဖွဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ကျေးလက်လမ်းတံတားလုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်နေပါတယ်။ ဩဂုတ် ၂၅ ရက် ဖြစ်စဉ်နောက်ပိုင်းမှာ မောင်တောခရိုင် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော် (၄၆ မိုင် ၅ ဖာလုံ)မှာရှိတဲ့ လမ်းပိုင်းတွေ ပြုပြင်ခြင်း၊ ပေ ၁၀၀ အထက်တံတားတွေကို ဘေလီသံပေါင် တံတားများ တည်ဆောက်ခြင်း၊ ပေ ၅၀ အောက် တံတားတွေကို သံကူကွန်ကရစ် တံတားများ တည်ဆောက်ခြင်းလုပ်ငန်းတွေကို ပြည်ထောင်စု ခွင့်ပြုငွေနဲ့ လက်ရှိဆောင်ရွက်နေပါတယ်။ ဘူးသီး တောင်ကနေ အငူမော်အထိ လမ်းပိုင်းမှာဆိုရင် ပေ ၁၅၀ တံတားတစ်စင်း၊ ပေ ၁၄၀ တံတားတစ်စင်း၊ ပေ ၁၂၀ တံတား သုံးစင်း၊ ပေ ၉၀ တံတားတစ်စင်း၊ ပေ ၆၀ တံတားတစ်စင်း၊ ပေ ၄၀ တံတားသုံးစင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ပေ ၂၀ တံတား လေးစင်း၊ ၁၀ ပေတံတားငါးစင်း စတာတွေကို ဆောင်ရွက်နေပါတယ်။

**မေး။ ဘယ်တော့လောက် ပြီးစီးမလဲဆိုတာ သိပါရစေ။**

ဖြေ။ လက်ရှိအချိန်မှာ တံတားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တံတားအုကြောင်းရှာဖွေခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ လာမယ့်အပတ်ထဲမှာ soil test လုပ်ငန်း ဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လမ်းပိုင်းအနေနဲ့ကတော့ လက်ရှိမှာ ပစ္စည်းစုဆောင်းခြင်းတွေ စတင်နေပြီဖြစ်တဲ့အတွက် လမ်းပိုင်းကို သတ်မှတ်ထားတဲ့ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အတွင်း ပြီးစီးရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မေး။ မေယုတောင်ကြောမှာ ဖောက်လုပ်နေတဲ့ လမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**



ဖြေ။ မေယုတောင်ကြောလမ်းကို လမ်းအထူးအဖွဲ့ (၁၇) က ဦးဆောင်ပြီးတော့ စေတီပြင်-အင်းဒင် တောင်ကျော်လမ်းနဲ့ ကြိမ်ချောင်း-ဂုတ်ပီ တောင်ကျော်လမ်း နှစ်လမ်းကို ဖောက်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ဌာနက ကျေးရွာချင်းဆက်သွယ်တဲ့လမ်းတွေဖြစ်တဲ့ မေယုတောင်ကြောလမ်းဖြစ်တဲ့ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**မေး။ လမ်းလုပ်ငန်းဆောင်ရွက်မှု အပိုင်းမှာ ရာခိုင်နှုန်းဘယ်လောက်ပြီးစီးသွားပြီလဲ။**

ဖြေ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ လမ်းအပိုင်းမှာတော့ ငါးရာခိုင်နှုန်းလောက်ပဲ ဆောင်ရွက်ပြီးစီးပါသေးတယ်။ လက်ရှိမှာ ပွင့်လင်းရာသီရောက်လာပြီဖြစ်တဲ့အတွက် ပစ္စည်းစုဆောင်းခြင်းနဲ့ လိုအပ်တဲ့ အထောက်အပံ့လုပ်ငန်းတွေကိုပဲ ဆောင်ရွက်ထားနိုင်သေးတာ ဖြစ်ပါတယ်။

**မေး။ လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းမှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေကကော ဘာတွေဖြစ်မလဲ။**

ဖြေ။ လက်ရှိ လုပ်ငန်းဆောင်ရွက်တဲ့ အပိုင်းမှာ လုံခြုံရေးအခက်အခဲပဲ နည်းနည်းရှိပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးတဲ့ အချိန်မှာတော့ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်နေပါတယ်။ တခြားအခက်အခဲကတော့ မရှိသလောက်ပါပဲ။

**မေး။ လမ်းတံတားတည်ဆောက်ရေးမှာ အပိုင်းလိုက် တာဝန်ယူမှုတွေကို ပြောပြပေးပါဦး။**

ဖြေ။ လက်ရှိ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ အစီအမံနဲ့ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဦးဆောင်ပြီး ဌာနအင်ဂျင်နီယာတွေ ကိုယ်တိုင် တာဝန်ယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပေ ၁၀၀ အထက် တံတားတွေကိုတော့ တံတားအထူးအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ပြီး ပေ ၅၀ နဲ့ ပေ ၁၀၀ ကြား တံတားတွေကို ကျေးလက်တံတားအထူးအဖွဲ့က ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပေ ၅၀ အောက်တံတားတွေကိုတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဘူးသီးတောင်ကနေ အငူမော်အထိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားမယ်ဆိုရင် ဒီဒေသဖွံ့ဖြိုးတိုးတက်မှု အပါအဝင် အကျိုးသက်ရောက်မှုတွေ ဘယ်လိုရှိလာနိုင်မလဲ သိပါရစေ။**

ဖြေ။ ဘူးသီးတောင်မြို့နယ်ဟာ စစ်တွေမြို့နဲ့ ဆက်သွယ်ရဖို့ ဒီလမ်းတစ်ခုတည်းကိုသာ အားကိုးနေရတာဖြစ်ပါတယ်။ ကျေးရွာအများစုဟာလည်း မြစ်တွေ၊ ချောင်းတွေကို ဖြတ်ပြီး သွားလာရတာဖြစ်တဲ့အတွက် သွားလာရေး အပိုင်းမှာ ကြန့်ကြာမှုတွေရှိပါတယ်။ လက်ရှိလုပ်နေတဲ့လမ်း ပြီးစီးသွားမယ်ဆိုရင် အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေရဲ့ဆက်သွယ်သွားလာရေးတွေ လွယ်ကူလျင်မြန်လာမှာဖြစ်တဲ့အပြင် ကျေးရွာ တွေရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ ဒေသလုံခြုံရေးကိစ္စရပ်တွေကိုလည်း ပိုမိုလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမှာဖြစ်တဲ့အတွက် စီးပွားရေးအခွင့်အလမ်းတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

**မေး။ လမ်းတံတားတွေ တည်ဆောက်နေမှုမှာ ဘယ်လိုတွေ ပူးပေါင်းဆောင်ရွက်နေလဲဆိုတာ ရှင်းပြပါဦး။**

ဖြေ။ မောင်တောခရိုင်မှာဆိုရင် လမ်းတံတားတွေနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ လမ်းဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန အောက်မှာရှိတဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတွေ၊ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ဖြည့်စွက် ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါဦး။**

ဖြေ။ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အနေနဲ့ ကျေးရွာကနေ အဓိကလမ်းမကြီးတွေကို ဆက်သွယ်နိုင်တဲ့ လမ်းတွေကို ဦးစားပေး ဆောင်ရွက်ပေးနေပါတယ်။ ဦးစီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ၂၀၃၀ ခုနှစ်မှာ ကျေးရွာတိုင်းအားလုံး ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဖြစ်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မောင်တောခရိုင်အတွင်းရှိ လမ်းရှစ်လမ်း (မိုင်အားဖြင့် ၁၅၆ မိုင်)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းများကိုလည်း လာမည့်သုံးနှစ်တာကာလအတွင်း ကွန်ကရစ်လမ်းများအဖြစ် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်**
**ဓာတ်ပုံ-သန့်ဇင်ဝင်း**



မောင်တောဒေသ၌ ပျက်စီးနေသော တံတားတစ်စင်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်

## မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ



**ရသေ့တောင် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ နှင့် ရန်ပုံငွေစီမံခန့်ခွဲမှု (၁/၂၀၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မတီဝင်တစ်ဦးက ကျေးရွာကော်မတီ ဖွဲ့စည်းရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ယခင် ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၃၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ပါးစေရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၃၀ မတည်ပေး၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်အတွက် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာ လေးရွာအတွက် တစ်ရွာလျှင် ငွေကျပ်သန်း ၃၀ စီဖြင့် ငွေကျပ်သန်း ၁၂၀ ကို မြစိမ်းရောင်ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ ကော်မတီဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်း မြေပုံမြို့၌ ဖွင့်

**မြေပုံ အောက်တိုဘာ ၂၄**

မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ချက်ဖြင့် မြေပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက သင်တန်းသားများအနေဖြင့် ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာအတွက် အကျိုးရှိသော ဖွံ့ဖြိုးရေး စီမံကိန်းကို ရေးဆွဲနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဦးဘစောက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့မှ သင်တန်းနည်းပြ ဦးဘဇံက သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

မြေပုံမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၅၀ ၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းကို စုရပ်များခွဲ၍ ၁၀ ကြိမ် ဖွင့်လှစ်မည်ဖြစ်ရာ ယခုသင်တန်းသည် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး ကျေးရွာ ၁၄ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ နှစ်ရက် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားပေးရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ကူညီဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားပေးရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထူထောင်ထားသော အများပိုင် ကုမ္ပဏီဖြစ်သည့် မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)နှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ အသင်းဝင်များ၊ မိတ်ဖက် အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများ၌ လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ထားရှိမှု လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပွဲကို အောက်တိုဘာ ၂၄ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အမှုဆောင်အရာရှိချုပ် ဦးအောင်ဆန်းက ရှင်းလင်းပြောကြားရာတွင် စီစဉ်ထားသည့် လုပ်ငန်းစဉ်များတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး လက်တလော ကူညီဖြေရှင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့် ရေတိုရေရှည် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ ပါဝင်သည်။

### လေလွင့်ဆုံးရှုံး

လက်တလော ကူညီဖြေရှင်းပေးရမည့်လုပ်ငန်းစဉ်များတွင် အဓိကအားဖြင့် မိုးစပါးများမှာ ရင့်မှည့်ရိတ်သိမ်းချိန်ရောက်ရှိနေပြီး အချို့ဒေသများတွင် ရိတ်သိမ်းမည့်ပိုင်ရှင်များ မရှိခြင်း၊ ပိုင်ရှင်ရှိသော်လည်း ရိတ်သိမ်းမည့် လယ်ယာလုပ်သားများမရှိသဖြင့် လေလွင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ကြားသိရသည်။

ထို့ကြောင့် ဦးစားပေး(၁)အဖြစ် ရိတ်သိမ်းခြွေလှေ့စက်များ အမြန်ဆုံးသွားရောက်ကူညီပေးရန် လိုအပ်သည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ဆုံးဖြတ်ပြီး အသင်းချုပ်၏ အဖွဲ့အစည်းများကို အကူအညီ တောင်းခံ၍ စီစဉ်ပေးခဲ့သည်။ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အကူအညီပေးရန် ကတိကဝတ်များရရှိခဲ့ပြီး ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရိတ်သိမ်းခြွေလှေ့ပြီးသည့် စပါးများအား လိုအပ်ပါက ကော်မတီအဖွဲ့နှင့် ဈေးနှုန်းတစ်ခုသတ်မှတ်စေလျက် ဝယ်ယူပေးခြင်း၊ သိုလှောင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ သိုလှောင်ရုံများ သင့်လျော်သည့်နေရာဒေသတွင် ညှိနှိုင်း သိုလှောင်ခြင်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

### တစ်ပါတည်းပေးပို့မည်

ထို့အပြင် ရိတ်သိမ်းပြီးသည့် မိုးစပါးစိုက်ခင်းများတွင် အခြေအနေပေး၍ သီးထပ်သီးနှံများ အချိန်မီစိုက်ပျိုးလိုပါကလည်း ထွန်ယက်ရေးအကူအညီများ ပေးနိုင်ရေးအတွက် လယ်ထွန်စက်ကြီး ငါးစီးကိုလည်း တစ်ပါတည်းပေးပို့မည်ဖြစ်သည်။ အခြောက်ခံစက်များကိုလည်း ပေးပို့မည်ဖြစ်သည်။

### မျိုးစပါးများ လိုအပ်မှုရှိ

လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒုတိယလုပ်ငန်းစဉ်အဖြစ် ယင်းဒေသရှိ တောင်သူလယ်သမားများအတွက် လာမည့်ရာသီတွင် မျိုးစပါးများ လိုအပ်မှုရှိလျှင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်လျက် အချိန်မီ ပေးပို့နိုင်ရေးကို လည်းကောင်း၊ ဓာတ်မြေဩဇာလိုအပ်ချက်များကို ယခုပွင့်လင်းရာသီတွင် ကြိုတင်ပေးပို့ထားပြီး အဆင်သင့်ကူညီနိုင်အောင် ထားရှိပေးခြင်းတို့ကို လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

တတိယလုပ်ငန်းစဉ်အဖြစ် လာမည့်ရာသီချိန်အမီ ဒေသအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်မည့် Seed Farm တစ်ခုထူထောင်ခြင်း၊ စက်မှုလယ်ယာစနစ်သုံး Full Machanization Farm တစ်ခု၊ စံပြလယ်ယာမြေ အဆင့်မြင့်လယ်ယာမြေထူထောင်ခြင်းတို့ကို ဧကတစ်ထောင်အထိ မျှော်မှန်းဆောင်ရွက်မည်ဖြစ်ပြီး သင့်လျော်သည့်နေရာဒေသနှင့် Site Plan ရွေးချယ်ရေးတို့ကို လာမည့်ရက်အတွင်း Agribusiness Service Center အဖွဲ့များမှ သွားရောက်လေ့လာပြီး ရာသီချိန်အမီ အကောင်အထည်ဖော်မည်ဖြစ်သည်။ စံပြလယ်ယာဧက တစ်ထောင်တွင် မျိုးထုတ်ခြင်း၊ သုတေသနပြုခြင်း၊ တောင်သူပညာပေးခြင်းများပါဝင်သည့် စိုက်ကွင်းအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

### ကြိုတင်လေ့လာ

ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် သုံးနှစ်တာ ကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဖြစ် ရခိုင်ပြည်နယ်အတွင်းရှိ ဆန်စက်များအတွက် စပါးအခြောက်ခံစက်များကို တပ်ဆင်ပေးခြင်း၊ ခေတ်မီဆန်စက်ယူနစ်များ ပြောင်းလဲတပ်ဆင်နိုင်ရန် ကူညီခြင်း၊ အထူးသဖြင့် ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေနှင့် ကျောက်တော်မြို့တို့တွင် ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ၊ အဆင့်မြင့်ပေါင်းဆန်စက်များ တည်ထောင်ရင်းနှီးမြှုပ်နှံပြီး ဆန်စပါးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုကာလကတည်းက ကြိုတင်လေ့လာမှုများ သွားရောက်ဆောင်ရွက်နေပြီဖြစ်သည်။

သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် Agribusiness Service Center (ASC) ပရောဂျက်များကို သင့်လျော်သည့် မြို့နယ်များတွင် ရွေးချယ်လျက် ဆောင်ရွက်မည်ဖြစ်သည်။ လက်ရှိတွင် ကျောက်တော်၊ စစ်တွေ၊ မြောက်ဦးဒေသများကို ရွေးချယ်ထားသည်။ ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းလျက် လိုအပ်မည့်ဒေသများကိုလည်း တိုးချဲ့ဆောင်ရွက်မည် ဖြစ်သည်။

ယင်းလုပ်ငန်းစဉ် (ASC) ပရောဂျက်တွင် 4 in 1 Concept ပါဝင်မည်ဖြစ်ပြီး Contract Farming & Seed Production, Drying Storeage & Processing, Fertilizer & Agrochemicals; Farm Mechanization Service တို့ပါဝင်မည်ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု Supply Chain တစ်ခုလုံးကို One Stop Service အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားသည်။

### အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်

လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဘူးသီးတောင်မြို့နယ်တွင် မြေဧရိယာ ဧက ၅၀၀ ပေါ်၌ Agri Food Park တစ်ခုထူထောင်ပြီး ဆန်စပါးနှင့် စိုက်ပျိုးရေးအခြေခံထွက်ကုန် ကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်းတို့ကို စီစဉ်မည်ဖြစ်သည်။

### ရင်းနှီးမြှုပ်နှံမည်

ထိုကဲ့သို့ လက်တလောလုပ်ငန်းများ၊ ရာသီချိန်အလိုက်လုပ်ငန်းများ နှစ်တို၊ နှစ်လတ်လုပ်ငန်းအစီအစဉ်များ ချမှတ်လုပ်ဆောင်ရာတွင် လုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်အောင်မြင်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဦးဆောင်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်အခြေပြု လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီကို အမြန်ဆုံးဖွဲ့စည်းပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သုံးနှစ်အတွင်း တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် ငွေကျပ် ၅၀ ဘီလီယံခန့် အသုံးပြုပြီး ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရ၊ UEHRD၊ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **အောင်သူရ**

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် ပိုင်ရှင်မဲ့ ကျွဲ/နွားများ ထိန်းကျောင်းခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၄**

မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ ကျွဲ၊ နွားထိန်းသိမ်းရေးစခန်း သုံးခုဖြစ်သော ပန်းတောပြင်စခန်း၊ ခုံတိုင်စခန်းနှင့် ငါးခူရစခန်းတို့အား တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကို စနစ်တကျထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်တို့အတွက် လုပ်ငန်းကော်မတီနှင့် မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး စခန်းတည်ရှိသည့် ကျေးရွာများမှ နွား၊ ဆိတ်များကို ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က ပန်းတောပြင်ကျေးရွာတွင် နွား ၂၇ ကောင်၊ ဆိတ် ၁၃၅ ကောင်၊ ခုံတိုင်ကျေးရွာတွင် နွား ၁၇ ကောင်၊ ဆိတ် ၉၅ ကောင်နှင့် ငါးခူရကျေးရွာတွင် နွား ၂၃ ကောင်၊ ဆိတ် ၆၈ ကောင်၊ စုစုပေါင်းစခန်းသုံးခုတို့တွင် နွား ၆၇ ကောင်နှင့် ဆိတ် ၂၉၈ ကောင်တို့ကို ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ ကျွဲ၊ နွားများကို စနစ်တကျ ထိန်းသိမ်းရန်၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်း ကော်မတီများက ပိုင်ရှင်မဲ့တိရစ္ဆာန်များအား ထိန်းသိမ်းထားနိုင်ရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က နွားနှင့်ဆိတ်များ ဆေးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ခုံတိုင်ကျေးရွာရှိ ကျွဲ၊ နွား တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၌ တိရစ္ဆာန်များကို ဆေးကုသပေးနေစဉ်** (ဓာတ်ပုံ-မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)



**နွားများအား ဆေးကုသပေးနေသည်ကို တွေ့ရစဉ်** (ဓာတ်ပုံ-မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)






## စက်မှုလယ်ယာက ရခိုင်ပြည်နယ်၌ ရိတ်သိမ်းခြွေလှေ့ရေး ကူညီဆောင်ရွက်သွားမည်

**စစ်တွေ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မိုးစပါးများအား အချိန်မီ ရိတ်သိမ်းခြွေလှေ့ဆောင်ရွက် ပေးနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက် ၂၄ စီးကို ရန်ကုန်မြို့မှ ပို့ဆောင်ပေးခဲ့ရာ စစ်တွေမြို့သို့ အောက်တိုဘာ ၁၇ ရက်တွင် ရောက်ရှိခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်များ မောင်းနှင်ထိန်းသိမ်းမှု ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော် စက်မှုလယ်ယာဦးစီးဌာနများမှ စက်မောင်း၊ စက်ပြင် စုစုပေါင်း ၅၃ ဦးမှာလည်း စစ်တွေမြို့သို့ အောက်တိုဘာ ၂၁ ရက်က ရောက်ရှိပြီး ၂၄ ရက်တွင် မောင်တောမြို့သို့ ဆက်လက်သွားရောက်ကြသည်။

ရင့်မှည့်နေသော စပါးများအား ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းစဉ်အား နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ တွင် ရှေ့တန်းစခန်းခုနစ်ခုဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မောင်တောဒေသအတွင်း စပါးရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက် ၂၄ စီးကို စစ်တွေ စက်မှုလယ်ယာစခန်း၌ စုစည်းထားရှိစဉ်** (ဓာတ်ပုံ-စက်မှုလယ်ယာ)

# ပုပ္ပားတောင်ကလပ်မြေကျွံနိမ့်ကျမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု၊ ဘူမိဗေဒပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် စက်တင်ဘာလနှင့် အောက်တိုဘာလ ဒုတိယပတ်အထိ ရက်ရှည်မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အောက်တိုဘာ ၁၅ ရက်မှ စတင်၍ မြေသားများပြတ်ရွေ့မှုဖြစ်ခြင်းနှင့် အောက်တိုဘာ ၁၉ ရက်မှစတင်၍ မြေသားပြိုခြင်း၊ လျှောကျခြင်းများဖြစ်ပေါ်ခဲ့ရာ ယင်းအခြေအနေများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက ပုပ္ပားမြို့သို့ ရောက်ရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုပ္ပားမြို့ ဗျတ္တလမ်းပေါ်ရှိ လင်းဟိုတယ်သို့ရောက်ရှိကြပြီး မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ပညာရှင်များနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအတွင်းရေးမှူး ပုပ္ပားတောင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း(ဘူမိဗေဒပညာရှင်)က အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းကော်မတီဝင် ဦးကျော်ဦးနှင့် ပညာရှင် ဒေါက်တာစိုးမိုးကျော်ဝင်းတို့က ပုပ္ပားတောင်ကလပ်ဒေသ လက်ရှိမြေသားပြတ်ရွေ့မှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပုပ္ပားဒေသ၏မြေသားအခြေအနေနှင့် အဆောက်အအုံများ ထူထပ်စွာဆောက်လုပ်ထားရှိမှုအခြေအနေများ၊ ရေဆိုးစွန့်ပစ်မှုအခြေအနေများနှင့် ပြီးခဲ့သည့်ရက်များအတွင်းရက်ရှည်မိုးရွာသွန်းမှုများသဖြင့် မြေသားပျော့အိနိမ့်ဆင်းကျလာမှုများ၊ မြေသားပြတ်ရွေ့မှုဖြစ်ပွားခြင်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြနေကြသည့် တောင်ကလပ်ကြီး ၉၆ ဒီဂရီတိမ်းစောင်းသွားသည်ဆိုခြင်းနှင့် မီးတောင်ပြန်လည်သက်ဝင်လာသည်ဆိုခြင်းတို့မှာလည်း လုံးဝမှန်ကန်မှုမရှိသည့်သတင်းများဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် မြေသားဆက်လက်ပြိုဆင်းနေခြင်းရှိ မရှိကိုမူ စောင့်ကြည့်ရေးအဖွဲ့များဖြင့် စောင့်ကြည့်ပြီး လိုအပ်သလို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါတောင်ကလပ် ဧရိယာအတွင်း မြေသားပြတ်ရွေ့မှုနှင့် မြေပြိုမှုအခြေအနေများကို လေ့လာစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် လက်ရှိ အဆိုပါဧရိယာအတွင်းရှိ အိမ်ထောင်စုစာရင်းနှင့် ကျူးကျော်နေအိမ်စာရင်းများ စစ်တမ်းကောက်ယူထားရှိရန်နှင့် နောက်ထပ်အဆောက်အအုံသစ် ထပ်မံဆောက်လုပ်ခြင်းမပြုလုပ်ရန်၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ရရှိသည့်အဖြေကို ဘူမိဗေဒပညာရှင်အဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် ယင်းအခြေအနေပေါ်မူတည်၍ ဘူမိဗေဒပညာရှင်များ၏ သုံးသပ်အကြံပြုချက်ဖြင့် မြေသားထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်၊ လက်ရှိအခြေအနေတွင် ဘုရားဖူးပြည်သူများ အသွားအလာမပျက် ဝင်ထွက်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားရန် ဆွေးနွေးမှာကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကလပ် အောင်သိဒ္ဓိကုန်းရှိ မြေသားအက်ကွဲ ပြတ်ရွေ့မှုဖြစ်ပွားနေသည့် နေရာများနှင့် မြေကျွံနေသည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၉ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် ၁၉ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ယနေ့ နံနက်ပိုင်းက တပ်ဆင်ခဲ့သည်။



"ရန်ကုန်မြို့ရဲ့ကျန်းမာရေးကဏ္ဍမှာ အမြဲတမ်းအရေးပါခဲ့တဲ့ အဆောက်အအုံဆိုတော့ ကျွန်မတို့ ဒီဟာကိုရွေးချယ်ခဲ့ပါတယ်။ ဟိုးအစကတည်းက ရွေးထားတာပါ။ ဒါပေမယ့် အခုလိုဝန်ကြီးဌာနနဲ့ ညှိနှိုင်းလုပ်ရတာဆိုတော့ ၁၉ ခု မြောက်အနေနဲ့ တပ်ဖြစ်တာပါ"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

မြန်မာနိုင်ငံရှိ သက်တမ်းအရင့်ဆုံးနှင့် အကြီးမားဆုံးဆေးရုံကြီးတစ်ခုဖြစ်သည့် ရန်ကုန်ဆေးရုံကြီးကို လက်ရှိနေရာတွင် တည်ဆောက်ရန် ၁၈၉၀ ပြည့်နှစ်တွင် စတင် နေရာရွေးချယ်ခဲ့ကြောင်း သိရသည်။ ကိုလိုနီခေတ် ပြည်သူ့ဆောက်လုပ်ရေးဌာန အမှုဆောင်အင်ဂျင်နီယာ ဟင်နရီဟွိုင်းဖောက်စ်က ဒီဇိုင်းရေးဆွဲခဲ့ပြီး ပင်မဆောင်တွင် ထိုခေတ်က ခေတ်မီနည်းပညာများဖြစ်သည့် လျှပ်စစ်နှင့်မေ့ဆေးခန်းများပါဝင်သည့် ခွဲစိတ်ခန်းမများထည့်သွင်း တည်ဆောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအဖြစ် ဆေးရုံကြမ်းခင်းကို သံကူကွန်ကရစ် နည်းပညာအသုံးပြု တည်ဆောက်ခဲ့ပြီး စကျင်ကျောက်ပြား၊ အလှဆင် ကြမ်းခင်းပြားများ ခင်းထားသည်။ ၁၉၀၉ ခုနှစ်တွင် ပင်မဆောင်ပြီးစီးခဲ့ပြီး အုပ်ချုပ်ရေးအဆောင်၊ သူနာပြုအဆောင်၊ ရေခဲတိုက် စသည်တို့ကို ဆက်လက်တည်ဆောက်ခဲ့သည်။ ရှုပီးသိန်း ၄၀ ကုန်ကျပြီး ၃၄၂ ခုတင်ဆံ့သည့် ရန်ကုန်ဆေးရုံကြီးကို ၁၉၁၁ ခုနှစ် တွင် ပထမဆုံးဖွင့်လှစ်ခဲ့သည်။ ရန်ကုန်ဆေးရုံကြီးသည် ရန်ကုန်မြို့၏ သမိုင်းအဖြစ်အပျက်များစွာကို မျက်မြင်ဖြစ်ခဲ့ပြီး ခေတ်သစ်သမိုင်းတွင် အရေးပါသောနေရာမှ ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ ဩဂုတ် ၂၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ လက်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အများပြည်သူသို့ ပထမဦးဆုံး မိန့်ခွန်းပြောကြားခဲ့သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ယနေ့တပ်ဆင်သော အပြာရောင်ကမ္ပည်းပြားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။**(အပေါ်ပုံ)**

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# မိတ္ထီလာ-တောင်ကြီးကားလမ်းမှ ရေများပြန်လည်ကျဆင်း ယာဉ်ကြီး၊ ယာဉ်ငယ်များပုံမှန်အတိုင်း ဖြတ်သန်းမောင်းနှင်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာနှင့် မင်းလှကန်အနီး မိတ္ထီလာ-တောင်ကြီးကားလမ်းပေါ်တွင် ရေကျော်မှုမှာ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီခန့်ကစတင်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

"မနေ့ကအထိတော့ လမ်းပေါ်ရေကျော်နေတာကြောင့် မိတ္ထီလာ-တောင်ကြီးကားလမ်းကို ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ဖြတ်သန်းမောင်းနှင်ခွင့် ယာယီပိတ်ထားပေမယ့် လမ်းပေါ်ကရေတွေလည်း ပြန်ကျသွားတာကြောင့် ဒီနေ့မနက်ပိုင်းမှာပဲ လမ်းပိတ်ထားတဲ့ ဆိုင်းဘုတ်တွေကို သက်ဆိုင်ရာက ပြန်သိမ်းသွားပါတယ်။ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ဒီလမ်းပေါ်ကနေ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းမောင်းနှင်နေပါပြီ"ဟု သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာ-တောင်ကြီးကားလမ်းမပေါ်တွင် မိုးရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုရှိသည့်နေရာများအား အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



# ညမီးကြီးအလုံးရေ အများဆုံးပါဝင်ယှဉ်ပြိုင်မည့် တောင်ကြီးတန်ဆောင်တိုင်ပွဲ



**တောင်ကြီး အောက်တိုဘာ ၂၄**

၂၀၁၇ ခုနှစ် မြို့လုံးကျွတ် တောင်ကြီးတန်ဆောင်တိုင်နှင့် မီးပုံးပျံပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အဝေယာ ကုန်းသာယာမီးပုံးပျံကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ညမီးကြီး ၈၈ လုံး၊ စိန်နားပန် ၃၉ လုံး၊ ခြေ နှစ်ချောင်းအရုပ် ၁၄၄ လုံး၊ ခြေလေးချောင်းအရုပ် ၇၂ လုံး၊ အုပ်စု ၅၀ လုံးအပါအဝင် စုစုပေါင်း ပြိုင်ပွဲဝင် မီးပုံးပျံ ၃၉၃ လုံးရှိကြောင်း သိရသည်။ ယခုနှစ်တွင် အခြားနှစ်များနှင့် မတူဘဲ ညမီးကြီး ၈၈ လုံး ဝင်ရောက်ယှဉ်ပြိုင်သည့်အတွက် ပြိုင်ပွဲကာလတစ်လျှောက် အများဆုံးအဖြစ် စံချိန်တင်သွားသည်ဟု ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခုနှစ်တွင် ညမီးကြီးပထမဆု ငွေကျပ် ၆၅ သိန်း၊ ဒုတိယဆု ငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ် ၄၅ သိန်း၊ စိန်နားပန် ပထမဆု ငွေကျပ် ၂၇ သိန်း၊ ဒုတိယဆု ငွေကျပ် ၂၂ သိန်း၊ တတိယဆုငွေကျပ် သိန်း ၂၀၊ မီးပဒေသာ လှည့်လည်ပြိုင်ပွဲ ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၇ သိန်း၊ တတိယဆုငွေကျပ် ၁၅ သိန်း၊ အရုပ်ပြိုင်ပွဲ (ခြေနှစ်ချောင်း) ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆုငွေကျပ် နှစ်သိန်းခွဲ၊ တတိယဆုငွေကျပ် နှစ်သိန်း၊ အရုပ်ပြိုင်ပွဲ (ခြေလေးချောင်း) ပထမဆု ငွေကျပ် လေးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းခွဲ၊ တတိယဆု ငွေကျပ် သုံးသိန်း၊ အရုပ်ပြိုင်ပွဲ(အုပ်စု) ပထမဆု ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် လေးသိန်း၊ အထူးဆုများနှင့် နှစ်သိမ့်ဆုများ အပါအဝင် ဆုကြေးငွေကျပ် ၈၈ ဒသမ ၂၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကျင်းပသည့် အခမ်းအနားအား ပွဲတော်ရက်အစအဆုံး ချယ်ရီ FM မှ အသံဖြင့် နေ့စဉ် တင်ဆက်ပေးသွားမည်ဖြစ်ပြီး Sky Net ရုပ်သံလိုင်းမှ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# မြန်မာ ယူ- ၁၉ အသင်း အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရ

၂၀၁၈ အာရှ ယူ- ၁၉ ခြေစစ်ပွဲ အုပ်စု (G)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲ အောင်မြင်ရေးအတွက် အားထည့်ကစားခဲ့ပြီး အနိုင်ရလဒ်အပြင် ဂိုးပြတ်ရန်လည်း လိုအပ်နေသောကြောင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် အဘက်ဘက်မှ ယှဉ်ကစားနိုင်ခြင်းမရှိ၍ မြန်မာအသင်းသည် ပွဲစကတည်းက တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစ ရှစ်မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အသင်းခေါင်းဆောင် စိုးမိုးကျော်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဆက်လက်ဖိကစားခဲ့သော်လည်း ဂိုးကံခေခဲ့၍ မိနစ် ၄၀ မှ ဂိုးထပ်ရခဲ့သည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို မြတ်ကောင်းခန့်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးထပ်မံယူရန် အားထည့်လာခဲ့ပြီး ၅၈ မိနစ်တွင် လွင်မိုးအောင်၊ ၆၉ မိနစ်တွင် စိုးမိုးကျော်တို့က ဂိုးများထပ်မံ သွင်းယူပေးခဲ့သည်။ ယခုပွဲတွင် ခြေစွမ်းပြနေသည့် ကွင်းလယ်လူ မြတ်ကောင်းခန့်က ၈၁၊ ၈၈ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သောကြောင့် ဟက်ထရစ်ရကာ မြန်မာအသင်း ခြောက်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယား အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**


# မြိတ်မြို့ ကမ္ဘောဇမြိတ်မီနီဘဏ်ခွဲတွင် သေနတ်ပြခြိမ်းခြောက်ငွေတောင်းခံမှုဖြစ်၊ ငွေကျပ်သိန်းပေါင်း ၂၇၀ ကျော်ပါသွား

**မြိတ် စက်တင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကန်ဖျားနယ်မြေ ကန်ဖျားလမ်းမကြီးပေါ်ရှိ ရသာစုံမုန့်တိုက်အရှေ့ ကမ္ဘောဇမြိတ်မီနီဘဏ်ခွဲတွင် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက အမျိုးသားတစ်ဦး ဆိုင်ကယ်ဦးထုပ်ဆောင်းလျက် ဘဏ်အတွင်းသို့ ရောက်ရှိလာပြီး သေနတ်ပြခြိမ်းခြောက်ကာ ငွေတောင်းခံမှုဖြစ်ပွားခဲ့ရာ ငွေကျပ်သိန်း ၂၇၀ ကျော်ပါရှိသွားကြောင်း ရဲတပ်ဖွဲ့ဝင်များထံမှ သိရသည်။

ဖြစ်စဉ်မှာ အင်္ကျီအဖြူလက်ရှည်၊ ဂျင်းဘောင်းဘီအရှည်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားသော အမျိုးသားတစ်ဦးသည် ကန်ဖျားလမ်းမကြီးအတိုင်း မောင်းနှင်လာပြီး ကန်ဖျားလမ်းမကြီးပေါ်၌ ဖွင့်လှစ်ထားသော ကမ္ဘောဇမြိတ်မီနီဘဏ်ခွဲရှေ့တွင် ဆိုင်ကယ်ရပ်ကာ ဘဏ်အတွင်းသို့ဝင်ရောက်လာပြီး ဘဏ်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ် သိန်း ၂၇၀ ကျော်ကို ခြိမ်းခြောက်ငွေတောင်းယူပြီး ကန်ဖျား ပိတောက်ပင်လမ်းဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း၏ ပြောပြချက်အရ သိရသည်။



သေနတ်ပြခြိမ်းခြောက်ငွေတောင်းသူကို စီစီတီဗွီမှတ်တမ်းတွင် တွေ့ရစဉ်

ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အတည်ပြုပြောဆိုနိုင်ခြင်းမရှိသေးပါကြောင်း၊ ရုံးချုပ်မှ အတည်ပြုပြောကြားမည်ဖြစ်ကြောင်း အဆိုပါဘဏ်ဝန်ထမ်းများထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သေနတ်ပြပြီးခြိမ်းခြောက်ငွေတောင်းယူကာ ထွက်ပြေးသွားသောသူအား ဖမ်းဆီးရမိရေးအတွက် မြိတ်ခရိုင်မှုခင်းအကူအဖွဲ့မှ ရဲအုပ်ခင်မောင်အေး ဦးစီးတပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့အဝင်/အထွက်လမ်းများအား ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## တရားမဝင်နေထိုင်သည့် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံသားများအား လက်နက်များနှင့်အတူ ဖမ်းဆီးရမိ

**တာချီလိတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ထိုင်းနိုင်ငံသား ခြောက်ဦးနှင့် တရုတ်နိုင်ငံသား ငါးဦးတို့အား တရားမဝင်ရောက်ရှိမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လက်နက်ကိုင်ဆောင်မှုတို့ဖြင့် အောက်တိုဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ဖမ်းဆီးရမိခဲ့သည်။

အောက်တိုဘာ ၂၃ ရက်မွန်းလွဲ ၁ နာရီကျော်တွင် တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးလွင်နှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲအုပ် ကျော်စွာထွန်းနှင့်အဖွဲ့ တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်(၁)လမ်း အမှတ်(၁/၁၄၂)ရှိ အိုက်ကျွဲ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ထိုင်းနိုင်ငံသားများဖြစ်သည့် Mr. Thanaphon Siriphan(၆၇ နှစ်) (ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် အောက်တိုဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ တာချီလိတ် မြို့သို့ဝင်ရောက်လာသူ)၊ Mr. Sitthipong Kunna(၄၃ နှစ်) (ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် အောက်တိုဘာ ၂၁ရက်တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ တာချီလိတ်မြို့သို့ ဝင်ရောက်လာသူ )၊ Mr. Adisak Insuriya (၁၅ နှစ်)နှင့် Mr.Sutti Pong (၃၀ နှစ်) (ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် အောက်တိုဘာ ၃ရက်က ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ တာချီလိတ်မြို့သို့ ဝင်ရောက်လာသူ) လေးဦးကို တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ PBX675 နံပါတ်ပါ ဩစတြေးလျနိုင်ငံထုတ် Glock အမျိုးအစား 9 MM ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်အိမ်နှစ်ခု၊ 9 MM ကျည်အတောင့် ၁၀၀၊ Glock စာတန်းပါ သေနတ်ထည့်သည့် လက်ကိုင် ကွင်းပါ အနက်ရောင်ကော်ဘူးတစ်ဘူး၊ ပွိုင့် ၄၅ ကျည် အတောင့် ၁၀၀ တို့နှင့်အတူ ဖမ်းဆီးရမိကြောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့ဆန်ဆိုင်း(က)ရပ်ကွက် နံ့သာဖြူလမ်း အမှတ်(၈/၄၈-၅၁) အခန်းအမှတ်(၆)အား ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း အိမ်ခန်းငှားနေထိုင်သူ ထိုင်းနိုင်ငံသား Mr. Salmal Hammad အား တွေ့ရှိပြီး အခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ပြား၊ (အလေးချိန် ၃ ဒသမ ၆) ဂရမ်ခန့် (ဒေသတန်ဖိုး ငွေကျပ်၃၆၀၀၀) ခန့်၊ ဆေးခြောက် အလေးချိန် ငါးဂရမ်ခန့်နှင့် မူးယစ်ဆေးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅၁ စီး၊ သွင်းကုန် ၅၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၈၈ ဒသမ ၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၃ ရက်တွင် မန္တလေးသို့ သွားရောက်မည့် (၁၂) ဘီးယာဉ် တစ်စီးနှင့် (၆) ဘီးယာဉ် တစ်စီးတို့အား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း နှင့်လျှပ်စစ်ပစ္စည်းစုစုပေါင်း ၂၇ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅ ဒသမ ၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/2039 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

တလေးနာမည်ပေးဆရာကြီး
ရာဇာဇော်ဝင်း
01-394727, 01-399426, 09-73009994(LL.B.)
09-5152521 , လူကြီးလိုရာမေးအိမ်အရောင်းထွက်ဖို့
တိုက်(၉၄)ဝထပ်၊ဗန္ဓုလလမ်း(လယ်)ဓဂံလာတောင်ညွန့်၊ရန်ကုန်မြို့၊(ဝိတ်ရုတ်ခန်း)

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် ထွေ/အုပ်-ဒုဦးစီး/လဝက
ဝန်ကြီးဌာန-၁၁ခုလစ်လပ်ရာထူးများ
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

# ရခိုင်ပြည်နယ်အတွက် " ၆၅,၁၆၀ သိန်း" လှူဒါန်းခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အား အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ( BFM ) ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းမှ ရခိုင်ပြည်နယ်အတွက်

(က) ၂၆.၈.၂၀၁၇ - ရက်နေ့က ကျဆုံး/ဒဏ်ရာရဝန်ထမ်းများအတွက် ( ၄၇၀) သိန်း

(ခ) ၁၀.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်၊မောင်တောမြို့နယ် - နယ်စပ် ခြံစည်းရိုးကာရန်အတွက် ( ၃၁၆၉၀) သိန်း

(ဂ) ၁၂.၉.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မောင်တောဒေသဖွံ့ဖြိုးရေးအတွက် ( ၃၀၀၀) သိန်း

(ဃ) ၁၉.၁၀.၂၀၁၇ - ရက်နေ့က ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံ သို့ ပေးအပ်ခြင်း။ ( ၃၀၀၀၀) သိန်း

စုစုပေါင်း ကျပ်သိန်းပေါင်း ခြောက်သောင်း ငါးထောင်တစ်ရာ့ခြောက်ဆယ် (၆၅,၁၆၀သိန်း) အား ရခိုင်ပြည်နယ်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးခဲ့ပါသည့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့်အဖွဲ့သားများ အားလုံး သက်ရှည် ကျန်းမာပြီး စီးပွားဥစ္စာများ အမြဲမပြတ် တိုးပွားပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး ဆထက်တိုး၍သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးကျေးဇူးတင် ရှိပါကြောင်း ဂုဏ်ပြုအပ်ပါသည်။

(၁) နာရေးကူညီမှုအသင်း (ဘူးသီးတောင်မြို့)
(၂) သွီးအလှူရှင်များအသင်း (ဘူးသီးတောင်မြို့)
(၃) W.D.A.B ကူညီမှုအသင်း (ဘူးသီးတောင်မြို့)
(၄) လူငယ်အသင်းပရဟိတ (ဘူးသီးတောင်မြို့)


၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ထုတ်ဝေခဲ့သည့်
မြဝတီ
ထွက်ပြီ
အတွဲ(၆၆) အမှတ်(၁)၊ ၂၀၁၇ ခုနှစ်၊
နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉၃၀၃၆၇၅၆၂ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)
၁၉၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။


၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည့်
တေဇ ရုပ်စုံ
ထွက်ပြီ
အတွဲ(၂၉)၊ အမှတ်(၆)၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလထုတ်
တေဇရုပ်စုံ ထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉ ၃၀၀၈၁၀၁၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)
၃၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။

**အများသိစေရန်ကြေညာချက်**

၁။ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ်(၃၀၅)တွင် ၂ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဒေါ်ကျင်သန်း၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးလင်းအောင် (LC-568)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးရဲဖြိုး(LS-1215) တို့အား ဤဌာန၏ (၂၃-၆-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄၉၁/၄၉၂/စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ် ခွင့်ပြုထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

(က)နိုင်ငံခြားစက္ကူ ၃၀"(Standard)45 Gsm - ၁၀၀၀ တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၁၀-၂၀၁၇ရက်မှ ၂၄-၁၁-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာတွင် တစ်စောင်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၄-၁၁-၂၀၁၇ရက် နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းတန်ဖိုး၏ (၁%)ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၃၄၁၂၁၂၃၊<br>၀၆၇-၃၄၁၂၀၂၈ | ပြည်တွင်း/ပြည်ပပစ္စည်းများ<br>ဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၃၄၁၂၃၉၀ |

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ နီလာ (၃) လမ်း၊ (ဂ) ရပ်ကွက်၊ အမှတ်(၄၃၅)၊ အကျယ်အဝန်း ပေ (၂၀×၆၀) မြေ တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဦးတင့်လွင်-ဒေါ်မေသန်းတို့ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသော ဦးလှမြင့်(၁၂/ဥကမ(နိုင်)၁၀၆၈၁၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်အား ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက မြေနှင့်အိမ်အား အပြီးသတ်ငွေပေးချေပြီး လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမွန်သက် (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)
ဖုန်း-၀၉ ၄၂၃၅၃၃၇၀၀

# မြောက်ကိုရီးယားကို စစ်ရေးအရ ခြိမ်းခြောက်ရန် အမေရိကန် တိုက်လေယာဉ်သစ်များ အိုကီနာဝါရှိ လေတပ်အခြေစိုက်စခန်း၌ ဖြန့်ကြက်မည်



**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်လေတပ်သည် မြောက်ကိုရီးယားအပေါ် စစ်အင်အားပြသသည့်အနေဖြင့် တိုက်လေယာဉ်သစ်များကို အိုကီနာဝါရှိ ကာဒီနာလေတပ်အခြေစိုက်စခန်းသို့ မကြာမီပို့ဆောင်ဖြန့်ကြက်ချထားတော့မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၄ ရက်က ဖော်ပြခဲ့သည်။ ပစိဖိတ်လေတပ်အင်အားစုက အက်ဖ်-၃၅ တိုက်လေယာဉ်တစ်ဒါဇင်နှင့် လေသူရဲ ၃၅၀ကို ကာဒီနာလေတပ် အခြေစိုက်စခန်းသို့ နိုဝင်ဘာလကတည်းကစကာ ခြောက်လကြာပေးပို့တပ်ဖြန့်မည်ဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့သည်။ အက်ဖ်-၁၅ဂျက်လေယာဉ်များရှိနေလင့်ကစား ယခုကဲ့သို့ အက်ဖ်-၃၅ တိုက်လေယာဉ်များကို ကာဒီနာလေတပ်အခြေစိုက်စခန်းသို့ ဖြန့်ကြက်ချထားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ စစ်လေယာဉ်အုပ်စုများ ယူတားပြည်နယ်အခြေစိုက်စခန်းမှနေ၍ ကာဒီနာလေတပ်အခြေစိုက်စခန်းကို မကြာမီ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရသည် စစ်ရေး၊ စီးပွားရေးနှင့် သံတမန်ရေးတို့တွင် မြောက်ကိုရီးယားအပေါ် ဖိအားပေးမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုထပ်မံဖြန့်ကြက်မည့် အက်ဖ်-၃၅ တိုက်လေယာဉ်များသည် ပစ်မှတ်ကို မလွဲအောင်ပစ်ခတ်နိုင်ပြီး လက်ရှိနှင့်ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုအန္တရာယ်များကို အောင်မြင်စွာတုံ့ပြန်နိုင်ကြောင်း ပစိဖိတ်လေတပ်အင်အားစုအကြီးအကဲ ဗိုလ်ချုပ် တားရန့် အိုရှောက်နက်ဆီက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## ဘရာဇီးနိုင်ငံ၌ ဆရာကဆုံးမသည်ကိုမကြိုက်၍ ကျောင်းသားတစ်ဦး ကျောင်းမီးရှို့

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၄**

ဘရာဇီးနိုင်ငံ မြောက်ပိုင်း ကျောင်းတစ်ကျောင်း၌ ဆရာတစ်ဦးက ကျောင်းသားတစ်ဦးကို ဆုံးမမှုပြုပြီးနောက် ဆိုဆုံးမခံရသော ကျောင်းသားမှာမကျေနပ်ဘဲ လက်စားချေသည့်အနေဖြင့် ကျောင်းကိုမီးရှို့ခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံ ဇေပြည်နယ်၏ သေးငယ်သော မြို့လေးတစ်မြို့ဖြစ်သော ဗီဂျီမြို့လေး၌ အဆိုပါကိစ္စဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ကျောင်းမီးလောင်မှုတွင် သေဆုံးဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။ ကျောင်းမီးရှို့မှုဖြစ်စဉ်၌ အသက် ၁၃ နှစ်အရွယ် ရှစ်တန်းကျောင်းသား တစ်ဦးသည် အသက် ၁၉ နှစ်အရွယ် ကားလိုစ်ဒါလက်ဇ်ရီဘယ်ရီရို၏ အကူအညီကို ရယူခဲ့ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံ၏ ဥပဒေအရ အသက် ၁၃ နှစ်အရွယ် ကလေးငယ်၏အမည်ကို ထုတ်ဖော်ပြောပိုင်ခွင့်မရှိကြောင်း သိရသည်။

ဒေသတွင်းသတင်းမီဒီယာဖော်ပြချက်အရ ဗင်စင်တီဘရီတိုဒီဆိုဆာပြည်နယ်ကျောင်းအဆောက်အအုံသည် မီးလောင်သွားခဲ့ပြီး ကျောင်းခန်းသုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများအားလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထို့အပြင် ကျောင်းသားပေါင်း ၁၀၀ ကျော်လည်း ကျောင်းတက်ခွင့်မရခဲ့ကြောင်းသိရသည်။ ယခုဖြစ်ပွားသော ဖြစ်ရပ်က ယခင်ဖြစ်ရပ်နှင့် နှိုင်းယှဉ်လျှင် တော်သေးသည်ဟု ဆိုရမည်။ ဘရာဇီးနိုင်ငံအလယ်ပိုင်း ဂိုင်အာနီယာရှိ စာသင်ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့သော ယခင်ဖြစ်ရပ်တွင် အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးက သူ့အမေ ရဲအရာရှိတစ်ဦး၏သေနတ်ကို ယူကိုင်ပြီး ပစ်ခတ်မှုများပြုလုပ်ခဲ့ရာ အသက် ၁၄နှစ်အရွယ် ကျောင်းသားနှစ်ဦးသေဆုံးခဲ့ကာ အခြားဆယ်ကျော်သက်လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **(ဆင်ဟွာ)**

## ဗီယက်နမ်၌ စစ်ကျန်ဗုံးသီး ပေါက်ကွဲမှုကြောင့် မိသားစုဝင်များသေဆုံး

**ဟန္နိုင်း အောက်တိုဘာ ၂၄**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွန်တမ်ပြည်နယ်၌ စစ်ကျန်ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဇနီးမောင်နှံနှစ်ဦးစလုံးသေဆုံးခဲ့ပြီး ၎င်းတို့၏ ကလေးငယ် နှစ်ဦးလည်းဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက အောက်တိုဘာ ၂၄ ရက်တွင် ပြောခဲ့သည်။ မပေါက်ကွဲနိုင်ဟုယူဆရသည့် စစ်ကျန်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ၄၆နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၄၀ အရွယ်ရှိ သူ၏ဇနီးတို့ သေဆုံးခဲ့ပြီး အသက် ၁၇ နှစ်အရွယ်ရှိ ၎င်းတို့၏သမီးဖြစ်သူနှင့် အသက် ၉ နှစ်အရွယ်ရှိ သားတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါအိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားသည် စစ်ကျန်ဗုံးမှ သတ္တုကိုခွာယူရန်ကြိုးစားစဉ် ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၁၉၆၅-၁၉၇၅ထိဖြစ်ပွားခဲ့သော ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့က ဗုံးများ၊ မိုင်းများ၊ အမြောက်ကျည်များနှင့် စစ်လက်နက်ပစ္စည်းတန် ၁၅ သန်းခန့်ဖြန့်ကြက်ချထားခဲ့ကြောင်း၊ အဆိုပါ စစ်လက်နက်ပစ္စည်းများအနက် ၁၀ ရာခိုင်နှုန်းလောက်သည် သတ်မှတ်နေရာများတွင် ပေါက်ကွဲမှုမရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ဗီယက်နမ်စစ်မှုထမ်းအောက်မေ့ရန်ပုံငွေအဖွဲ့က ပြောသည်။ ဗီယက်နမ်သံတိုသံစဝယ်သူများသည် တစ်ခါတစ်ရံတွင် ပေါက်ကွဲမှုမရှိသော ဗုံးသီးများကို တွေ့ခဲ့ရကြောင်း၊ တချို့ကလေးငယ်များလည်း အဆိုပါဗုံးဆန်များကို ဆော့ကစားရင်း မတော်တဆပေါက်ကွဲမှုများဖြစ်ကာ ဒဏ်ရာရသေဆုံးမှုများရှိကြောင်း၊ နှစ်စဉ် ဗီယက်နမ်နိုင်ငံ၌ အဆိုပါကိစ္စကြောင့် လူရာကျော်သေဆုံး ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## နိုင်ငံရေးအကျပ်အတည်းကို ရွေးကောက်ပွဲလုပ်ခြင်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း စပိန်တရားရေးဝန်ကြီးပြော


**မက်ဒရစ် အောက်တိုဘာ ၂၄**

ကက်တလိုနီးယားခေါင်းဆောင် ကားလ်ပစ်ဒီမောင့်သည် မက်ဒရစ်နှင့်ဖြစ်ပွားနေသော နိုင်ငံရေးအကျပ်အတည်းကို ဒေသတွင်း ရွေးကောက်ပွဲလုပ်ခြင်းအားဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း စပိန်တရားရေးဝန်ကြီးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကိုရင်ဆိုင်ရန် မက်ဒရစ်အနေဖြင့် ကက်တလိုနီးယားအပေါ် တိုက်ရိုက်စည်းမျဉ်းများ ပြဋ္ဌာန်းမည် ဖြစ်ကြောင်း သိရသည်။ လွှတ်တော်ကလည်း တိုက်ရိုက်စည်းမျဉ်းများအကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ခံမဲပေးမည်ဖြစ်ကြောင်း သိရသည်။

အစိုးရက ရွေးချယ်မှုအနေဖြင့် ပုဒ်မ ၁၅၅ကိုသာ အဆိုပြုမည်ဆိုပါက ကက်တလိုနီးယားခေါင်းဆောင်အတွက် သူ၏ကတိကဝတ်များကို အကောင်အထည်ဖော်ရန် လွယ်ကူလိမ့်မည်မဟုတ်ကြောင်း တရားရေးဝန်ကြီး ရာဖေးလ်ကက်တလာက ရေဒီယိုအင်တာဗျူးတစ်ခု၌ ပြောခဲ့သည်။ ရွေးကောက်ပွဲကျင်းပပေးလိုက်ရုံဖြင့် အခြေအနေအားလုံး ကို ကောင်းအောင်လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**





## ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသော တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသစ်၌ ရှီကျင့်ဖျင်ရွေးချယ်ခံရ

**ပေကျင်း အောက်တိုဘာ ၂၄**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်အသစ်များနှင့် စည်းကမ်းစစ်ဆေးခြင်း ဗဟို ကော်မရှင်အသစ်အားရွေးချယ်ပြီးနောက် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်ကို အောက်တိုဘာ ၂၄ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ သမ္မတဖြစ်သူ ရှီကျင့်ဖျင်သည် (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၌ အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သော တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံပိတ်ပွဲအခမ်းအနား၌ ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအသစ်ဝင်တစ်ဦးအဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

ရွေးချယ်ခံရသော ရှီကျင့်ဖျင်သည် အသက် ၆၄ နှစ်ရှိပြီဖြစ်ကာ (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်တစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

ညီလာခံတက်ရောက်လာသော ကိုယ်စားလှယ်များက (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ လုပ်ငန်း အစီရင်ခံစာ၊ စည်းကမ်းစစ်ဆေးခြင်း ဗဟိုကော်မရှင်၏ လုပ်ငန်းအစီရင်ခံစာနှင့် တရုတ်ကွန်မြူနစ်ပါတီ အခြေခံဥပဒေပြင်ဆင်ချက်စသည်တို့ အပေါ်ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြောင်း သိရသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီအနေဖြင့် အကျင့်ပျက်ခြစားမှုအား ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း (၁၉) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် ပိတ်ပွဲအခမ်းအနားတွင် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

နိုင်ငံတကာ သတင်းတိုထွာ

## အာဖဂန်နစ္စတန် လေကြောင်းတိုက်ခိုက်မှု၌ တာလီဘန်သစ္စာတော်ခံ အကြမ်းဖက်သမား ၁၂ ဦးထက်မနည်း ချေမှုန်းခဲ့

**မိုင်မာနာ (အာဖဂန်နစ္စတန်)**
**အောက်တိုဘာ ၂၄**

အာဖဂန်နစ္စတန် ဖာယက်ပြည်နယ် မြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုတွင် တာလီဘန်သစ္စာတော်ခံ အကြမ်းဖက်သမား ၁၂ ဦးထက်မနည်း ချေမှုန်းနိုင်ခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးက ပြောခဲ့သည်။

အာဖဂန်နစ္စတန် လေတပ် တပ်ဖွဲ့ဝင်များသည် ယမန်နေ့ညက ဖာယက်ပြည်နယ် ပါ့ရှ်တွန်ကော့တ်နှင့် ရှီရင်တာဂတ်ဒေသများတွင် လေကြောင်းတိုက်ခိုက်မှုနှစ်ခု ပြုလုပ်ခဲ့ရာ တာလီဘန်သောင်းကျန်းသူ အကြမ်းဖက်သမား ၁၂ ဦးထက်မနည်းသေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ၂၀၉ ရှာဟင်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နာ့စ်ရာတူလာဂျမ်ရှီဒီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတော်များများကတည်းက အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့သည့် တာလီဘန်တို့က အဆိုပါသေဆုံးခြင်းအပေါ် မည်သည့်မှတ်ချက်မှ ပြောကြားခြင်းမရှိပေ။ **(ဆင်ဟွာ)**

## ပစ်ခတ်လုပ်ကြံမှု၌ ပါဝင်သည့် သံသယရှိသူသုံးဦးကို ရဲများက ဖမ်းဆီး

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၂၄**

လူတစ်ဦးကို ပစ်ခတ်လုပ်ကြံမှုတွင် ပါဝင်သည်ဟု သံသယရှိသူသုံးဦးကို ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကို ပင်လယ်အော်ဒေသအနောက်ပိုင်းရှိ ဖရီမောင့်မြို့၌ ဒေသခံရဲများက မကြာသေးမီတွင် ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ဟိုတယ်တစ်ခုတွင် ပစ်ခတ်လုပ်ကြံမှုကြောင့် သေဆုံးခဲ့သူမှာ အသက် ၄၈ နှစ်ရှိ ဖရီမောင့်ဒေသခံတစ်ဦးဖြစ်သည်။ သေဆုံးသွားသူကို အသိတစ်ဦးက လုပ်ကြံပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ဒေသခံမီဒီယာသို့ ပြောခဲ့သည်။ ပစ်ခတ်လုပ်ကြံခံရသူအမည်နှင့် ထိန်းသိမ်းခံထားရသူများ၏ အမည်များကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ရဲများ ရောက်လာချိန်တွင် သေနတ်ပစ်ခတ်ခံရသူမှာ ဟိုတယ်ဧည့်နားနေဆောင်အပြင်ဘက်တွင်ရရှိခဲ့သော သေနတ်ဒဏ်ရာကို ခံစားနေရကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောသည်။ ရှေးဦးသူနာပြုစုခြင်းကိုခံယူခဲ့ပြီးနောက် ၎င်းကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းတွင် သေဆုံးခဲ့ကြောင်း ကြေညာခဲ့သည်။

စုံစမ်းစစ်ဆေးသူများက သေဆုံးသူသည် ဟိုတယ်အခန်းထဲတွင် ပစ်ခတ်ခံရခြင်းဖြစ်သည်ဟု ယူဆခဲ့သည်။ ဆန်ဖရန်စစ္စကိုပင်လယ်အော်ဒေသတွင် ဖရီမောင့်မြို့သည် စတုတ္ထမြောက် လူအစည်ကားဆုံးမြို့ဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# နွေရာသီစံနန်း (Summer Palace) သို့ ရောက်ခဲ့စဉ်ဝယ် (၂)

**တင်လင်းအောင်**


နွေရာသီစံနန်းတစ်ခုလုံးတွင် စိတ်ဝင်စားစရာကောင်းသော နေရာများဖြင့် ပြည့်နေလင့်ကစား သက်ရှည်တောင်ကုန်းနှင့် ကူမင်းရေကန်တို့မှာ အထင်ရှားဆုံးဖြစ်သလို မရောက်မဖြစ် အရောက်သွားရမည့်နေရာများလည်း ဖြစ်ပေသည်။ အဆိုပါနေရာများသည် နွေရာသီစံနန်းတစ်ခုလုံး၏ လေးပုံပုံ သုံးပုံလောက်ထိရှိကာ စိတ်ဝင်စားစရာကောင်းပြီး အရေးကြီးသည့် အဆောက်အအုံများကို သက်ရှည်တောင်ကုန်း၏ တောင်-မြောက် တစ်နံတစ်လျား တည်ဆောက်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သက်ရှည်တောင်ကုန်းသည် အရှေ့ဘက်တောင်ကုန်းနှင့် အနောက်ဘက်တောင်ကုန်းတို့ကို ပိုင်းခြားထားသည်။

ကူမင်းရေကန်အတွင်းတွင် သေးငယ်သော ကျွန်းပေါင်းသုံးခုရှိရာ ယင်းတို့မှာ နန်းဟူကျွန်း၊ ကျောင်ကျင်းတန်ကျွန်းနှင့် ဇီကျင်းဂျီကျွန်းတို့ ဖြစ်သည်။ ကူမင်းရေကန်၏ အနောက်ဘက်ဆည်သည် ကူမင်းရေကန်ကြီးကို နှစ်ပိုင်းပိုင်းထားသည်။ အရှေ့ဘက်ဆည်ကို ဂွမ်ဇုမင်းလက်ထက်က တည်ဆောက်ခဲ့ကြောင်း သိရသည်။

နွေရာသီစံနန်းတွင် စိတ်ဝင်စားစရာကောင်းသော နေရာများကို ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် ခြောက်ခုလောက်ထိရှိမည်ဖြစ်ပြီး အဆိုပါနေရာများသည် တကယ့်ကိုပင် ခရီးသွားပြည်သူများကို ဆွဲဆောင်လျက်ရှိသော နေရာများဖြစ်ကြောင်း သိရပေသည်။ ခရီးသွားများကို ဆွဲဆောင်လျက်ရှိသော အဆိုပါနေရာများမှာ ခန်းမကျယ်ကြီးများရှိရာနေရာ၊ သက်ရှည်တောင်ကုန်း၊ ကူမင်းရေကန်၊ သဘာဝအလှများပေါင်းစပ်ထားသည့်နေရာ၊ ရှည်လျားသောစင်္ကြံလမ်း၊ အလယ်ဗဟိုအချက်အချာကျသောနေရာတို့ ဖြစ်ကြပေသည်။

ရှီရှန်းတောင်စဉ်တောင်တန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မီတာ ၆၀ မြင့်သည့် သက်ရှည်တောင်ကုန်း၏ တောင်ပိုင်းတွင် ကူမင်းရေကန်တည်ရှိပြီး ယင်းသည် နှစ်စတုရန်းကီလိုမီတာခန့်ရှိသည်။ သက်ရှည်တောင်ကုန်းနှင့် ကူမင်းရေကန်တို့၏ ပေါင်းစပ်အလှသည် နွေရာသီစံနန်းဟူသော နာမည်အလှကို အယဉ်ဆင့်ဆိုသလို တင့်တယ်နေပေတော့သည်။ ကူမင်းရေကန်သည် လူတို့ပြုပြင်ထားသော ရေကန်ဖြစ်သဖြင့် အနည်းငယ်တိမ်ကြောင်း သိရပေသည်။ ရေကန်၏ အနက်မှာ ၁ ဒသမ ၇ မီတာရှိသည်။

ကူမင်းရေကန်ပတ်လည်တွင် တံတားပေါင်း ခြောက်စင်းရှိသည်။ အဆိုပါတံတားများမှာ တစ်ခုနှင့် တစ်ခု မတူဘဲ ကွဲပြားခြားနားသည်ကို တွေ့မြင်နိုင်သည်။ အကြီးဆုံးတံတားမှာ ခုံးကျော် ၁၇ ခုပါသော တံတားဖြစ်ပြီး တောင်ရေကန်ကျွန်း၏ အရှေ့ဘက်ကမ်းခြေကို ထိစပ်ထားကြောင်း သိရသည်။ အဆိုပါတံတားသည် မီတာ ၁၅၀ ရှည်လျားသည်။ ယင်းတံတား



အနီး လက်ရာမြောက်လှသည့် ကြေးသွန်းနွားထီးပုံကို တွေ့မြင်ရမည်။ ကူမင်းရေကန်သည် တရုတ်ရိုးရာ ပန်းအလှစိုက်ပျိုးခြင်းအလေ့ဖြစ်သည့် ရေကန်တစ်ကန်၊ တောင်ကုန်းသုံးခုဆိုသည့် ဆိုရိုးအတိုင်း တည်ဆောက်ထားကြောင်း သိရသည်။

ရှည်လျားသော စင်္ကြံလမ်းသည် သက်ရှည်တောင်ကုန်း၏ တောင်ဘက်တွင် တည်ရှိပြီး ကူမင်းရေကန်ကို မျက်နှာချင်းဆိုင်ထားသည်။ ထို့ကြောင့် ရှည်လျားသော စင်္ကြံလမ်းပေါ်တွင် လျှောက်ကြည့်ရင်း ကူမင်းရေကန်၏ အလှအပကို ခံစားနိုင်သလို ရောင်စုံမီးပုံးများချိတ်ဆွဲထားသော ခြေနင်းလှေများကိုလည်း ယင်းရေကန်ထဲတွင် လှပစွာ တွေ့မြင်နိုင်ပေသည်။

ခရီးသွားများသည် ရောင်စုံမီးပုံးများချိတ်ဆွဲထားသော ခြေနင်းလှေများကို ငှားစီးပြီး ဟိုဟိုဒီဒီ လှော်ခတ်ကြည့်ရင်း ကန်ကြီး၏အလှကို လွတ်လပ်ပျော်ရွှင်စွာ ခံစားလေ့ရှိသည်။ ထို့အတူ လှေစီးရင်း ကန်ကြီး၏ သဘာဝအလှများကို ကြည့်မဆုံး ခံစားနိုင်ရုံသာမက ရှည်လျားသော စင်္ကြံလမ်း၏ မရိုးနိုင်သောအလှနှင့် အဆိုပါစင်္ကြံပေါ်တွင် စိုက်ပျိုးထားသော ရှားပါးလှသည့် သစ်ပင်ကြီးငယ်များ၏ အလှကိုလည်း ခံစားနိုင်ပေသည်။ ထို့အတူ လှေပေါ်မှနေ၍ မြင်မြင်သမျှသော သဘာဝအလှများကို တဝကြီး ခံစားနိုင်ပေသည်။ စင်္ကြံ၏အရှည်သည် ၇၂၈ မီတာရှိပြီး စင်္ကြံလမ်း၏ အရှေ့ဘက်တွင် ယူယီတံခါးရှိပြီး အနောက်ဘက်တွင် ရှီကျန်းဇရပ်ကြီးတည်ရှိကာ စင်္ကြံလမ်းတစ်လျှောက် အနားယူနိုင်သော နေရာပေါင်း အတော်များများရှိသည်။

နွေရာသီစံနန်း၏ စင်္ကြံလမ်းသည် တရုတ်နိုင်ငံရှိ ပန်းခြံများတွင် အရှည်ဆုံး စင်္ကြံ လမ်းဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် နွေရာသီစံနန်း၏ စင်္ကြံလမ်းကို ကမ္ဘာ့အရှည်ဆုံး စင်္ကြံလမ်းအဖြစ်သတ်မှတ်ကာ ဂင်းနစ်မှတ်တမ်းတွင် ဖော်ပြခဲ့သည်။ အဆိုပါစင်္ကြံလမ်းတစ်လျှောက် လှပသည့် အနုပညာမြောက်လက်ရာများ ယဉ်ကျေးမှုအမွေများဖြင့် ထုံမွမ်းထားသည့် အဆောက်အအုံများကို ရင်သပ်ရှုမောမဆုံး တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါအဆောက်အအုံရှိ ရက်မတိုင်းကို ဆေးရောင်စုံများဖြင့် ခြယ်သထားသည်မှာ မျက်စိပသာဒရှိလှပေသည်။ လေ့လာသိမှတ်ခဲ့ရသော အထောက်အထားများအရ တရုတ်ရိုးရာ ဆေးရောင်ခြယ်အနုပညာမြောက်လက်ရာပေါင်း ၁၄၀၀၀ ကျော်အထိရှိကြောင်း သိရသည်။

ဗုဒ္ဓနံ့သာစံကျောင်းသည် နွေရာသီစံနန်း၏ နောက်ထပ် အထင်ကရနေရာတစ်ခုဖြစ်သည်။ ဗုဒ္ဓနံ့သာစံကျောင်းကို သက်ရှည်တောင်ကုန်းပေါ်တွင် တည်ထားသည်။ အောက်ခြေထုထည် ၂၀ မီတာမြင့်သော ပလက်ဖောင်းပေါ်၌ တည်ထားသည်။ ဗုဒ္ဓနံ့သာစံကျောင်း၏ တောင်ဘက်တွင် ကူမင်းရေကန်ကို မျက်နှာမူထားပြီး အနောက်ဘက်တွင် ဉာဏ်ပညာပင်လယ်က နောက်ခံပြုထားသဖြင့် အဝေးတစ်နေရာမှကြည့်လျှင် ရေများ၏အလယ်တွင် ထီးထီးကြီး တည်ရှိနေသယောင်ထင်ရသည်။ များပြားလှသော အဆောက်အအုံများကိုလည်း ဗုဒ္ဓနံ့သာစံကျောင်း၏ ဘေးပတ်ပတ်လည်တွင် အချိုးညီညီ တွေ့မြင်နိုင်မည်ဖြစ်သည်။ ဗုဒ္ဓနံ့သာစံကျောင်းသည် မီတာ ၄၀ အမြင့်ရှိပြီး စံကျောင်းကို သံတိုင်လုံးကြီးရှစ်ခုဖြင့် အင်အားဖြည့်တည်ဆောက်ထားသည်ကို တွေ့ရသဖြင့် အလွန်တရာ ခိုင်ခံ့လှကြောင်း သိရသည်။

ဗုဒ္ဓနံ့သာစံကျောင်းတည်ဆောက်ပုံမှာ ရုပ်ထွေးလှသလို ဂန္ထဝင်လက်ရာအမြောက်အမြားလည်း ထည့်သွင်းထားသဖြင့် အလွန်တရာမှ အံ့မခန်းရှိလှပေသည်။ ဗုဒ္ဓနံ့သာစံကျောင်းတော်သည် ထင်ရှားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံ ဖြစ်သည်နှင့် အညီ နွေရာသီစံနန်းတစ်ခုလုံး၏ အခင်းအကျင်း ပိုင်းဆိုင်ရာ အချက်အချာလည်းဖြစ်ပေသည်။ ဗုဒ္ဓနံ့သာစံကျောင်းပုံစံသည် ဟန်ကျိုးတွင် တည်ဆောက်ထားသော ဘုရားပုံစံကို နမူနာယူကာတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ချင်မင်းဆက် ချင်းလောင်မင်းလက်ထက် (၁၇၃၆-၁၇၉၅) တွင် ဗုဒ္ဓနံ့သာစံကျောင်းကို တည်ဆောက်ခဲ့သည်။ ၁၈၆၀ ပြည့်နှစ်တွင် ဗုဒ္ဓနံ့သာစံကျောင်းသည် ဖျက်ဆီးခြင်းခံခဲ့ရပြီး ဂွမ်ဇုမင်းလက်ထက်တွင် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် စစ်ပွဲကြောင့် အဆိုပါ ဗုဒ္ဓနံ့သာစံကျောင်းသည် ဆိုးရွားစွာပျက်စီးခဲ့ပြန်သည်။ ဗုဒ္ဓနံ့သာစံကျောင်းတော် နောက်တစ်ကြိမ်ပြုပြင်မွမ်းမံခြင်းကို ဘုရင်မ ဒိုဝါဂါစီဆီက ပြန်လည်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခုံး ၁၇ ခုပါတံတားသည် တရုတ်နိုင်ငံ ပေကျင်းမြို့၌တည်ရှိသော နွေရာသီစံနန်း၏ နောက်ထပ်ကျော်ကြားသော နေရာတစ်ခုဖြစ်သည်။ ယင်းသည် တရုတ်နိုင်ငံရှိ ထင်ရှားသော တော်ဝင်ပန်းခြံများထဲတွင် ရှိသမျှသော တံတားအားလုံးထက် အရှည်ဆုံးတံတားတစ်ခုဖြစ်သည်။ အဆိုပါတံတားသည် မီတာ ၁၅၀ (၁၆၄ ကိုက်) ရှည်ပြီး ရှစ်မီတာ (၈ ဒသမ ၇၅ ကိုက်) ကျယ်ကာ ကူမင်းရေကန်၏ အရှေ့ဘက်ကမ်းရှိ အဋ္ဌဂံပုံမျှော်စင်နှင့် တောင်ဘက်တွင် တောင်ရေကန်ကျွန်းငယ်တို့နှင့် ထိစပ်တည်ဆောက်ထားသည်။

ခုံး ၁၇ ခုပါ တံတားသည် ကောင်းကင်မှ လူ့ပြည်ကို ထိစပ်ထားသော သက်တံပုံသဏ္ဌာန်နှင့် တူသယောင်ထင်ရပြီး အလွန်တရာလှပပေသည်။ တံတားပေါ်ကို ဖြတ်လျှောက်ရင်း ကန်ရေပြင်ကြီးနှင့် ဟိုးအဝေးတွင်ရှိသည့် ဗုဒ္ဓနံ့သာစံကျောင်းကို တွေ့မြင်နိုင်ပေသည်။ တရုတ်နိုင်ငံရှိ ထင်ရှားသော တော်ဝင်ပန်းခြံများထဲတွင် ရှိသမျှသော တံတားအားလုံးထက် လှပသည့် တံတားကြီးပေါ်၌ နွေရာသီစံနန်း၏အလှကို ခံစားရန် ရောက်ရှိလာသော ခရီးသွားများနှင့် စည်ကားလှပေသည်။ ထို့အပြင် အဆိုပါတံတားကြီးပေါ်တွင် ဆေးရောင်စုံခြယ်သထားသည့် လေတံခွန်များနှင့် စက္ကူစွန်များကို လွှတ်တင်နေသည်ကိုလည်း ကြည်နူးဖွယ် တွေ့မြင်နိုင်ပေသည်။

အဆိုပါတံတားကြီးကို အေဒီ ၁၇၅၀ ချင်မင်းဆက်၌ ချင်းလောင်ဘုရင်က တည်ဆောက်ခဲ့ကြောင်း သိရသည်။ တံတားကြီး၏ တစ်ဖက်တစ်ချက်တွင် ထူးခြားသော တိရစ္ဆာန်လေးကောင်ကို ထုဆစ်ပုံဖော်ထားသည်။ အဆိုပါလက်ရာများမှာ ချင်မင်းဆက်၏ ရှားပါးလှသော အနုအရွလက်ရာများဖြစ်သည်။ အဆိုပါတံတားကြီးသည် အဝေးမှ ကြည့်လျှင် သက်တံရေဆင်းသောက်သလိုဖြစ်နေသည်မှာ မြင်ရသူအပေါင်းကြည်နူးမဆုံး တပြုံးပြုံးဖြစ်နေပေတော့သည်။

နွေရာသီစံနန်းသို့ ရောက်ရန် မြေအောက်မီးရထားလိုင်း ၄ (မြောက်ပိုင်းတော်ဝင်နန်းတော်ဂိတ်) ကိုစီးပြီး ဘိုင်ဂွန်မန်ဘူတာတွင်ဆင်းကာ ဝင်ပေါက်သို့ရောက်ရန် နည်းနည်းလျှောက်လျှင် နောက်ဆုံးတွင် နွေရာသီစံနန်းသို့ ရောက်မည်ဖြစ်သည်။ သို့မဟုတ် အငှားယာဉ်၊ စင်းလုံးငှားယာဉ်တို့ကိုစီးပြီးလည်း သွားနိုင်ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ နွေရာသီစံနန်းသည် သွားရောက်လေ့လာလည်ပတ်မည့် ခရီးသွားများအတွက် တန်ဖိုးမဖြတ်နိုင်သော နေရာတစ်ခုဟုပင် ဆိုချင်ပါတော့သည်။ တရုတ်သို့ ရောက်လျှင် နွေရာသီစံနန်း (Summer Palace) သို့ အရောက်သွားစေချင်ကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

# ပုဂံသမိုင်းဝင်နယ်မြေမှ အမှတ်တရ လက်ပန်းချီ အလှရေးဆွဲခြင်းကို စိတ်ဝင်စားသူ များပြားလာ

**ညောင်ဦး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံသမိုင်းဝင်နယ်မြေရှိ လက်ရေးပန်းချီ အလှရေးဆွဲပေးရာ နေရာများကို ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များ စိတ်ဝင်စားမှု များပြားလာကြောင်းနှင့် ပုဂံခေတ် ပန်း၊ ကနုတ်နှင့်ပတ်သက်သည့် လက်ရာများကို လက်ဖျံ၊ လက်ဖမိုး၊ လက်ချောင်းနှင့် လက်မောင်းများတွင် ပုဂံရောက်အမှတ်တရအဖြစ် ရေးထိုးနေကြကြောင်း သိရသည်။

"ဘုရားတွေမှာ ပိတ်ပန်းချီရေးပြီး ရောင်းကြတဲ့သူတွေ ရှိတယ်လေ။ ဘုရားဖူးတွေလာတော့ သူတို့လက်ပေါ် အမှတ်တရ ဆွဲပေးရင်းနဲ့ ဆွဲပေးစမ်းပါ၊ဆွဲပေးစမ်းပါနဲ့ တဖြည်းဖြည်း တွင်ကျယ်လာတာ။ လက်ပန်းချီရယ်လို့စလာတာ နှစ်နှစ်လောက်တော့ရှိပြီ။ ခုလို တွင်တွင်ကျယ်ကျယ် ဖြစ်လာတာတော့ တစ်နှစ်ကို မပြည့်သေးဘူး။ ဒါက အသားမနာဘူး။ ပြန်ဖျက်လို့ရတယ်။ ရောက်တုန်းရောက်ခိုက် အမှတ်တရ အလှပေါ့။ စိတ်ဝင်စားတဲ့သူတွေ များလာတယ်"ဟု မြင်းကမ္ဘာကျေးရွာမှ ဒေသခံ ကိုသိန်းလှိုင်က ပြောသည်။

ပန်းချီအလှရေးဆွဲလိုသူများအတွက် ရွေးချယ်ရန် နမူနာပုံများ ပြသထားပြီး ဈေးနှုန်းမှာ ကနုတ်ပန်း အနည်းအများအပေါ်မူတည်၍ ၁၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်အထိ အစားစားရှိကြောင်း၊ ရေဆေးကိုအသုံးပြု ရေးဆွဲခြင်းဖြစ်ကာ ရေးဆွဲပြီးပါက အရောင်တက်လာစေရန် လိုက်ကာတင်ပေးကြောင်း၊ ရေထိသော်လည်း ပွတ်ဖျက်ခြင်းမပြုလျှင် ပျက်မသွားဘဲ အနည်းဆုံး သုံးရက်ခံကြောင်း၊ နမူနာပြထားသည့် ပုံများအပြင် မိမိတို့ရေးဆွဲလိုသည့်ပုံများကို ပြ၍လည်း အလှရေးဆွဲနိုင်ကြောင်း သိရသည်။




မျိုးရိုးက ယွန်းထည်ပန်းချီတွေ ဆွဲကြတာဆိုတော့ လက်ဆင့်ကမ်း တတ်လာကြတာ။ လက်ရေးပန်းချီဆိုင်တွေ တစ်ဆိုင်စ၊ နှစ်ဆိုင်စကနေ အခုဆို ဆိုင် ၃၀ လောက်ရှိနေပြီ။ လပြည့်နေ့ ဘုရားဖူးများတဲ့အချိန်ဆို တစ်နေကုန် မထရဘူး။ တစ်လမှာ ပျမ်းမျှ နှစ်သိန်းခွဲလောက်တော့ ဝင်ငွေရှိပါတယ်။ ချစ်သူစုံတွဲတွေ၊ သူငယ်ချင်းအဖွဲ့လိုက်တွေ၊ နိုင်ငံခြားသားတွေ အလာများတယ်"ဟု ယွန်းထည်လုပ်ငန်းဖွံ့ဖြိုးရာ မြင်းကမ္ဘာကျေးရွာနေ ကိုအာကာမြင့်က ဆိုသည်။

ပန်းချီရေးဆွဲရာနေရာအနီးတွင် ဇော်ဂျီရုပ်၊ မင်းသမီးရုပ်၊ ဝန်ကြီးရုပ်၊ သူငယ်တော်ရုပ်၊ မြင်းရုပ် အစရှိသည့် ရုပ်သေးရုပ်ငယ်များကို ကြိုးများဖြင့် အလှချိတ်ဆွဲထားပြီး အမှတ်တရ ဓာတ်ပုံရိုက်သူ၊ အရုပ်ဝယ်သူများ များလာသလို လက်ရေးပန်းချီ အလှရေးဆွဲသူလည်း များပြားလာကြောင်း၊ လူမှုကွန်ရက်ပေါ်တွင် အမှတ်တရပုံများ တင်ရာမှတစ်ဆင့် ပို၍လူသိများလာသည်ဟု ယူဆကြောင်းလည်း ၎င်းက ဆိုသည်။

"ပုဂံရောက်တုန်း ဒါလေးဆွဲရတာက ပုဂံရဲ့အနှစ်သာရကို ပိုပြီးပေါ်လွင်စေတယ်လို့ ထင်တယ်"ဟု မကွေးမြို့မှ ပုဂံသို့ ဘုရားဖူးလာရင်း လက်ဖျံတွင် ကျန်စစ်သားမင်းကြီးရုပ် အမှတ်တရ ရေးဆွဲနေသူ ဦးအောင်သိန်းလင်းက ပြောသည်။

ယွန်းထည်ပေါ်တွင် ရေးဆွဲလေ့ရှိသည့် ပုဂံပန်းလေးများ၊ ဘုရားနံရံများတွင်တွေ့ရသည့် ပုဂံပန်းခွေပုံလေးများ၊ နံရံဆေးရေးပန်းချီ လက်ရာများ၊ ဘုရင်နှင့် ဘုရင်မပုံများ စသည့် ပုဂံဆိုင်ရာ ပုံများကို ပုဂံသို့အလည်လာရင်း လက်ပေါ်တွင် အမှတ်တရ ရေးဆွဲသူ များပြားလာခြင်းကြောင်း ဒေသတွင်း ယွန်းထည်လုပ်ငန်းမှ ဆင့်ပွားလာသော လက်ရေးပန်းချီ အလှရေးလုပ်ငန်းမှာ အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် ပိုမိုခိုင်မာလာလျက်ရှိကာ ယင်းလက်ပန်းချီလုပ်ငန်းက ပုဂံ၏ပြယုဂ်ကို မြတ်နိုးတန်ဖိုးထားသောစိတ်များ ပိုမိုအားကောင်းလာစေမည်ဟု ယူဆကြောင်း ညောင်ဦးမြို့ဒေသခံများက ပြောဆိုကြသည်။

**ဇေယျတု(မကွေး)**

# ခင်းနေဆဲလမ်းတွင် လမ်းပခုံးသားများမညီသောကြောင့် ယာဉ်မောင်းသူများစိုးရိမ်နေ

**ကသာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ အင်းတော်-ဗန်းမောက်ကားလမ်း၏ အင်းတော် မြသီတာနှင့် ဗန်းမောက် ကျွဲကောကြီးကြားရှိ လမ်းပိုင်းကို ယခု အောက်တိုဘာလအတွင်း လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းကို မြှင့်၍ခင်းရာတွင် လမ်းပခုံးသားများမှာ လမ်းထက်နိမ့်နေပြီး အနိမ့်အမြင့်မညီသောနေရာများ ရှိနေခြင်းကြောင့် ယာဉ်မောင်းသူများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"မြို့နယ်ချင်းဆက်လမ်းဖြစ်တဲ့ ဒီလမ်းဟာဒေသခံပြည်သူတွေအတွက် အဓိကအချက်အချာကျပြီး အရေးပါတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ မြို့နယ် သက်ဆိုင်ရာက ကားလမ်းတွေကို ပြန်လည်ပြုပြင်နေတာကိုတော့ သဘောကျပါတယ်။ ဒါပေမယ့် ပြန်လည်ပြုပြင်တဲ့အခါမှာ လက်ရှိလမ်းထက် ဘေးကို အကျယ်မချဲ့ဘဲ အမြင့်ကိုသာ ထပ်ပိုးပြီး ကျောက်စီခင်းကျင်းနေတော့ လမ်းပခုံးသားတွေမညီဘဲ လမ်းမှာ ကားချင်းဆုံလို့ ရှောင်ကွင်းတဲ့အခါ အခက်အခဲဖြစ်နေရပါတယ်"ဟု ဒေသခံကားသမားတစ်ဦးက ပြောသည်။

လမ်းပခုံးသားများ မညီညာဘဲ ရှိနေသောကြောင့် ယာဉ်များအနေဖြင့် လမ်းပေါ်တွင် တစ်စီးနှင့်တစ်စီးရှောင်ကွင်းသည့်အခါများ၌ လမ်းဘေးချပေးရန် ခက်ခဲနေပြီး အဆင်မပြေမှုများ ရှိနေကြောင်း၊ အင်းတော်-ဗန်းမောက် ကားလမ်း၏ ကျောက်မဲတောင်နှင့် ဘိုင်ပင်ကွေ့တို့အနီးရှိ လမ်းပိုင်းများတွင်လည်း မြို့နယ်သက်ဆိုင်ရာက လမ်းပြန်လည်ပြုပြင်မှုများရှိနေပြီး လမ်းပခုံးသားများမညီခြင်းကြောင့် ယာဉ်မောင်းသူများအနေဖြင့် စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။



**သန်းမောင်လေး**

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်မည်

**ပြည် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ဆက်ကပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် သင်ကြားစီမံဆရာတော် ဘဒ္ဒန္တသြဘာသမဟာထေရ်မြတ်အား တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာသုခဇောတိသုံးထပ်ကျောင်းတော်ကြီးအလယ်ထပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲအခမ်းအနားကို ၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ၁၂-၁၁-၂၀၁၇ တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ နယ်အသီးသီးမှ ရပ်ဝေးသံဃာတော်များအကြောင်း အမျိုးမျိုးကြောင့်ပင့်စာမရောက်ရှိပါက ဤသတင်းဖြင့်ပင် ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။

**မောင်ရွှေဝင်း(ပြည်)**



# တောင်ငူမြို့မဈေးကြီး ပြန်လည်တည်ဆောက်ရေး ရှင်းလင်း

**တောင်ငူ အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အဓိကဈေးဖြစ်သော မြို့မဈေးကြီးသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က မီးလောင်ကျွမ်းခဲ့ရာ ဈေးဆိုင်ခန်းပေါင်း ၁၂၃၀ ပျက်စီးပြီး ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၆၆၀၀၀ ကျော် ဆုံးရှုံးခဲ့ရသည်။ အဆိုပါ မြို့မဈေးကြီးကို ယခုတိုင် ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးသည့်အတွက် ဈေးကြီးပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တောင်ငူမြို့ ပြည်တော်ဝင်ဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး အောင်စည်တီးသံ အများနှင့်သက်ဆိုင်သောကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဘဆွေနှင့် မြို့မဈေးတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်သိန်းတို့က ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ တောင်ငူမြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ရွေးချယ်ခံမှုနှင့်ပတ်သက်၍ ဦးချစ်တိုး(စည်ပင်သာယာရေးအငြိမ်းစား)က ရှင်းလင်းပြောကြားသည်။

တောင်ငူမြို့မဈေးကြီးတည်ဆောက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးတို့ထံသို့ အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစာရှင်းလင်းပွဲသို့ သတင်းမီဒီယာများ၊ မီးဘေးသင့်ဈေးမှ ဈေးသူ ဈေးသားများ၊ တရားရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် စိတ်ပါဝင်စားကြသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

# သုဝဏ္ဏဝတီမြို့၌ အခြေခံဘောလုံးသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေး

**သုဝဏ္ဏဝတီ အောက်တိုဘာ ၂၄**

ဘောလုံးအားကစားနည်းကို လူငယ်များ စိတ်ပါဝင်စားပြီး ကျန်းမာပျော်ရွှင် စိတ်ဓာတ်ခွန်အား တိုးတက်လာစေရန်အတွက် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(သိမ်ဆိပ်) ဘောလုံးကွင်း၌ အသက် ၁၁ နှစ်မှ အသက် ၁၃နှစ် အရွယ်အထိ ကလေးငယ်များအား အခြေခံဘောလုံးသင်တန်းကို အောက်တိုဘာ ၂၂ ရက်မှစ၍ အပတ်စဉ် စနေ တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ စတင်၍ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။

"အခု စစချင်း စာရင်းပေးသွင်းသင်ယူတဲ့ ကလေး ၃၀ ခန့်ကို စတင်လေ့ကျင့်သင်ကြားပေးနေပါပြီ။ အရင်က အလားအလာရှိတဲ့ ကလေးတွေကိုမှ သင်ကြားပေးခဲ့တာပါ။ အခုက ကျား/မ ခွဲခြားဆက်ဆံမှုမရှိဘဲ မည်သူမဆို ပါဝင်စေပြီး တစ်နှစ်တာပတ်လုံး သင်ကြားပေးဖို့ စီစဉ်ထားပါတယ်။ အမှန်တကယ် မရှိဆင်းရဲပြီး လိုအပ်နေတဲ့ ကလေး ၂၀ အတွက် ဘောလုံး ၂၀၊ အဝတ်အစားအသုံးအဆောင် ပစ္စည်းကအစ တစ်နှစ်စာအတွက်ကို Starfish Foundation အဖွဲ့က US ဒေါ်လာ ၄၂၀ လှူဒါန်းပေးပါတယ်။ ကျနော်တို့က လူဦးရေအကန့်အသတ်မရှိ စိတ်ဝင်စားသူ လူငယ်တိုင်း လာရောက် သင်ကြားလေ့ကျင့်နိုင်အောင် စီစဉ်ထားပါတယ်။ အချိန်ရရင်ရသလို အားတဲ့အချိန်တိုင်း နေ့ရက်တိုးပြီး တိုးမြှင့်သင်ကြားပေးမှာပါ။ သက်ကြီးဘောလုံး လက်ရွေးစင်ဟောင်းတွေက ပါဝင်ကူညီ သင်ကြားပေးမှာပါ"ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းပြ(ဃ)အဆင့်ရ တာဝန်ခံနည်းပြတစ်ဦးလည်းဖြစ်သူ သိမ်ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က ပြောကြားသည်။




Starfish Foundation အဖွဲ့သည် နိုင်ငံတကာသို့ လှည့်လည်၍ ကူညီထောက်ပံ့ပေးနေသော အဖွဲ့ကြီးတစ်ဖွဲ့ဖြစ်ပြီး ကရင်ပြည်နယ် ဘားအံမြို့၌လည်း မကြာမီအချိန်အတွင်း အခြေခံဘောလုံးသင်တန်းကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ သင်တန်းဆရာများကိုလည်း ငှါးရက်ကြာ သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ကျောက်ထုချပ်ကြီးများ အစဉ်လှုပ်ရှားနေမှုဖြစ်စဉ်ကြောင့် ပြောင်းလဲလာသည့် ကမ္ဘာ့ရာသီဥတု

## ဘာသာပြန်ရေးသားသူ-လှလှအောင်


ယခုအခါ တိုင်းပြည်များစွာတွင် ငလျင်လှုပ်သည့် သတင်းများ ကြားနေရသည်။ တစ်နေ့တွင် ငလျင်လှုပ်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း သက်ဆိုင်မှုရှိပါသလားဟူသော မေးခွန်းကို ကြားမိလိုက်သည်။ သို့နှင့်ဆိုင်မဆိုင်ကို စာပေများထဲတွင် လေ့လာကြည့်သောအခါမှ ဤစာတမ်းရေးစရာအကြောင်း ဖြစ်ပေါ်လာရသည်။ ငလျင်သည် ဘူမိဖြစ်စဉ်တစ်ခုဖြစ်သော ကျောက်ချပ်ကြီးများ အစဉ်လှုပ်ရှားနေမှုဖြစ်စဉ်ကြောင့် ၎င်းတို့ဖြစ်စဉ်နှင့် ဆက်နွှယ်၍ ငလျင်လှုပ်ရခြင်းဖြစ်သည်။ ထို့အတွက် သာဓကကို ပြန်၍ လေ့လာကြည့်သောအခါ နှစ်သန်းပေါင်း ၂၅၀ ခန့်အထိ နောက်ကြောင်းပြန်၍ ပြောပြစရာဖြစ်လာရသည်။




နှစ်သန်း ၂၀၀ ကျော်ကာလက တိုက်ကြီးများ တစုတည်းရှိနေပုံ




နှစ်သန်း ၁၈၀ ကျော်ကာလတွင် တိုက်ကြီးများ စတင် ခွဲခွာကွဲထွက်လာပုံ




နှစ်ပေါင်း ၁၃၅ သန်းကျော်ကာလ




နှစ်ပေါင်း ၆၅ သန်းကျော်ကာလ




ယနေ့ခေတ်ကာလ

ကျောက်ထုချပ်များ အစဉ်လှုပ်ရှားနေမှုဖြစ်စဉ်နှင့်သက်ဆိုင်သည့် ကွဲပြားသော အခြားဖြစ်စဉ်များ များစွာရှိသည်။ အကျဉ်းမျှပြောရလျှင် ကမ္ဘာ့အတွင်းပိုင်းမှ ကျောက်ရည်ပူများသည် ကမ္ဘာ့အပေါ်ယံအလွှာတွင် အက်ကြောင်းများပေါ်လာ၍ ယင်းမှတစ်ဆင့် အောက်မှအပေါ်သို့ တိုးဝင်နေရာယူလာရာမှ အပေါ်ဘက်ရှိကျောက်ထုချပ်ကို တွန်းပို့ရွှေ့လျောစေခြင်းမျိုးဖြစ်စဉ်ကို ခေါ်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင် ပိုမိုစုစည်းလာခြင်းကြောင့်သာမက ပင်လယ်သမုဒ္ဒရာများ၏ အကျယ်အဝန်း၊ ၎င်းတို့ ဒေသအလိုက် တည်ရှိနေမှုနှင့် ရေအောက်ကြမ်းပြင်အနိမ့်အမြင့် မညီမညာရှိနေသော အနေအထားကြောင့်ဖြစ်သည်ဟု ဆိုသည်။ ပင်လယ်သမုဒ္ဒရာထဲရှိ ချိုင့်ကြီးများ တည်ရှိနေသည့် အနေအထားကြောင့် ပင်လယ်ထဲရှိ အပူသည်လည်း ကွဲပြားခြားနားကြပြီး အကျိုးဆက်အနေဖြင့် တစ်နေရာမှတစ်နေရာ သယ်ဆောင်ရာတွင် ထပ်မံကွဲပြားလာရပြန်ကာ ပင်လယ်အပေါ်ဘက်ရှိ လေထုထဲတွင်လည်း ပူခြင်းနှင့် စွတ်စိုခြင်းကို ကွဲပြားစွာဖြစ်စေပြန်သည်။ ပင်လယ်မျက်နှာပြင်ပိုင်း အပူရေစီးကြောင်းသည် လေထုထဲရှိ လေကြောင့်လည်းကောင်း၊ ကမ္ဘာကြီးလည်ပတ်ခြင်းကြောင့်လည်းကောင်း၊ နေမှလာသော ဓာတ်ရောင်ခြည် စုစည်းမှုကြောင့်လည်းကောင်း၊ လတ္တီတွဒ်အနိမ့်ပိုင်းတွင် အရှေ့ဘက်ကုန်သည်လေကိုလည်းကောင်း၊ လတ္တီတွဒ်အမြင့်ပိုင်းတွင် အရှေ့လေကိုလည်းကောင်း၊ ကြားလတ္တီတွဒ်များတွင် အနောက်လေကိုလည်းကောင်း အသီးသီး ကွဲပြားစွာတိုက်ခတ်စေတော့သည်။ ထိုကဲ့သို့ ရာသီဥတုကို ပြောင်းလဲစေသော ပင်လယ်ထဲရှိ ချိုင့်ကြီးများသည် ကျောက်ထုချပ်များ ကွဲကွာရွေ့မျောခြင်းဖြစ်စဉ်ကြောင့် ပေါ်ထွန်းကြရသည်ဖြစ်၍ ယင်းဘူမိဖြစ်စဉ်သည် ကမ္ဘာ့ရာသီဥတုအပေါ် လွန်စွာသက်ရောက်မှုရှိစေခဲ့ပါသည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေသည်မှာ ယခုလက်ရှိအချိန်တွင်သာမဟုတ်ပါ။ ရှေးနှစ်သန်းပေါင်းများစွာကာလကပင် ပြောင်းလဲလာခြင်းဖြစ်သည်။ ပြောင်းလဲလာပုံအဆင့်ဆင့်သည် လူသားတို့ ထောက်လှမ်းပြောဆိုနိုင်သော နှစ်သန်း ၃၀၀ က စတင်သည်ဟု ဆိုရပါမည်။ ထိုအချိန်ကာလက ကမ္ဘာကြီးသည် ယနေ့တွေ့ရှိရသည့် အနေအထားမျိုး မရှိသေးပေ။ အချိန်ကာလသည် အရေအတွက်သန်းနှင့်ချီ၍ ကြာမြင့်သောကြောင့် ပြောင်းလဲလာသည့် ကမ္ဘာ့ရာသီဥတုအပေါ် အထင်ကရရှိသည့် ပြောင်းလဲမှုမျိုးကိုသာ ထည့်သွင်းရေးသားသွားပါမည်။

နှစ်သန်းပေါင်း ၃၀၀ ခန့် သို့မဟုတ် ထိုကာလ၏ နောက်ပိုင်းကာလက ကမ္ဘာကြီးသည် ယခုအချိန်၏ အနေအထားမျိုးမဟုတ်ပေ။ ပင်ဂီရာဟုခေါ်သော ကြီးမားသောတိုက်ကြီးနှင့် ဂွန်ဝါးနားခေါ်သော တိုက်ကြီး၊ ယူရေးလျှားဟုခေါ်သော တိုက်ကြီးတို့သာ ရှိခဲ့သေးသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုကိုပြောင်းလဲစေသော လေတို့တစ်နေရာမှ တစ်နေရာ တိုက်ခတ်ပုံသည်လည်း ထိုအချိန်က ယခုအချိန်နှင့်မတူ များစွာခြားနားလှသည်။

ဘူမိသက်တမ်း နှစ်သန်းပေါင်း ၂၅၀ ကာလ (Triassic)က 'ပင်ဂီရာ'ဟုခေါ်သော ကြီးမားလှသော တိုက်ကြီးသည် မြောက်ဝင်ရိုးစွန်းအရပ်မှ တောင်ဝင်ရိုးစွန်းအရပ်ထိ ရှည်လျားစွာ ရှိခဲ့ဖူးသည်။ ထိုပင်ဂီရာတိုက်ကြီးတွင် ယခုရှိနေသော တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်၊ အာဖရိကတိုက်၊ အရှေ့အလယ်ပိုင်းတိုက်များသည် ယခုကဲ့သို့ တကွဲတပြားမဟုတ် ကုန်းတစ်ခုတည်းအနေဖြင့် ပါဝင်စုစည်းနေကြသည်။ ထိုကာလ၏ ပင်လယ်ရေစီးကြောင်းသည် တောင်၊ မြောက်လတ္တီတွဒ်များဆီသို့ ကြားမရှိ ဆက်သွယ်ရောက်ရှိနေခြင်းကြောင့် ဝင်ရိုးစွန်းအရပ်များတွင် ရေခဲပြင်များ မရှိသေးပေ။

နှစ်သန်းပေါင်း ၁၆၀ ကာလ(Jurassic)တွင် ပင်ဂီရာတိုက်ကြီးတွင် မြောက်အမေရိကတိုက်ကြီးနှင့် တောင်အမေရိက အပါအဝင် အာဖရိကတိုက်ကြီးအကြားနေရာ၌ အက်ကြောင်းကြီးဖြစ်လာပြီး ကျောက်ရည်ပူများ တွန်းပို့မှုကြောင့် ကွဲထွက်ရွေ့မျောမှု ဖြစ်ပေါ်လာခဲ့သည်။ ၎င်း၏ အကျိုးဆက်အဖြစ် လတ္တီတွဒ်အနိမ့်ပိုင်း အီကွေတာအရပ်တွင် ကျောက်ရည်ပူကြောင့် ပင်လယ်အပူရှိန် မြင့်တက်လာစေသည်။ ထိုအခါ အရှေ့ဘက်အရပ်တွင် ရှိပြီးဖြစ်သော 'တက်သ်စ်' ပင်လယ်သည် အရှေ့မှ အနောက်သို့ ဆက်သွယ်လာစေတော့သည်။ ထိုအခါ သမုဒ္ဒရာရေနွေးစီးကြောင်းသည် ထိုနေရာကို ဖြတ်သန်းစီးဆင်းပြီး လတ္တီတွဒ် အမြင့်ပိုင်းများဆီသို့ ရောက်ရှိ စေခဲ့သည်။ ထိုကဲ့သို့ တိုက်ကြီးများ ဘူမိဖြစ်စဉ်ကြောင့် ကွဲကွာခွဲထွက်ခြင်းကို နောက်ပိုင်းကာလများတွင် ဆက်ခါဖြစ်ပေါ်စေခဲ့သည်။ အာဖရိကတိုက်ကြီးမှာ အန္တာတိကတိုက်ကြီးမှ ကွဲကွာခွဲထွက်လာခြင်း၊ နှစ်သန်းပေါင်း ၁၃၂ သန်းအချိန်တွင် တောင်အမေရိကတိုက်သည် အာဖရိကတိုက်မှ တောင်မှမြောက်ကွဲကွာဇုန်တစ်လျှောက် စတင်ခွဲထွက် ရွှေ့မျောလာခြင်းများ ဆက်ခါပေါ်ပေါက်စေခဲ့သည်။

နှစ်သန်းပေါင်း ၉၅ သန်း(Cretaceous) အချိန်တွင် အိန္ဒိယတိုက်ကြီးသည် ဂွန်ဝါးနားခေါ် ကြီးမားလှသည့်တိုက်ကြီးမှ စတင်ကွဲထွက်လာခြင်းကြောင့် အိန္ဒိယ၊ အာဖရိကတိုက်ကြီးများ၏ တောင်ပိုင်းတွင် ပင်လယ်တစ်ခု အသစ်ဖြစ်ပေါ်လာရသည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၆၀ (Paleocene)မှ သန်းပေါင်း ၃၅ သန်း(Oligo-cene)ထိ ကြားကာလတွင် ကွဲထွက်လာခဲ့သော အိန္ဒိယတိုက်ကြီး၊ ဩစတြေးလျတိုက်ကြီး၊ အာဖရိကတိုက်ကြီးများသည် အရှေ့မြောက်၊ မြောက်အရပ်ဆီသို့ ဆက်လက်ရွှေ့မျောဆဲဖြစ်ခါ နှစ်သန်းပေါင်း ၂၅ သန်း အရောက်တွင် မြောက်ဘက်မှရွှေ့လာသော ယူရေးလျှားတိုက်ကြီးနှင့် အာဖရိက၊ အိန္ဒိယတိုက်ကြီးတို့ အသီးသီးတိုက်မိရာမှ အက်လပ်စ်တောင်တန်း၊ ဟိမဝန္တာတောင်တန်းကြီးများ ဖြစ်ခဲ့ကြရသည်။ ထိုဖြစ်စဉ်၏ နောက်ဆက်တွဲအနေဖြင့် လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀ နောက်ပိုင်းမှ စတင်ရှိနေခဲ့သော တက်သ်စ်ပင်လယ်မှာလည်း ပျောက်ကွယ်ခဲ့ရသည်။ ရှိပြီးပင်လယ်များ ပျောက်ကွယ်ကြရသကဲ့သို့ အခြားဘက်တွင် ပင်လယ်အသစ်များ ပေါ်ထွန်းနေခြင်းသည် ကျောက်ထုချပ်များ လှုပ်ရှားခြင်း ဘူမိဖြစ်စဉ်ကြောင့်ဖြစ်သည်။

ဤကဲ့သို့သော တိုက်ကြီးများ ကွဲထွက်ရွှေ့မြောခြင်း ဘူမိဖြစ်စဉ်၏ အကျိုးဆက်အနေဖြင့် ပင်လယ်သမုဒ္ဒရာမျက်နှာပြင် ရေပူ၊ ရေအေး အခြေအနေတွင် ပြောင်းလဲခြင်းနှင့် လည်ပတ်စီးဆင်းမှုကို များစွာ သက်ရောက်ပြောင်းလဲစေခဲ့သည့်အပြင် အန္တာတိက ဝင်ရိုးစွန်းအရပ်တွင် ရေခဲပြင်များ စတင်ဖြစ်ထွန်းလာစေခဲ့သည်။ ထိုနှစ်သန်းပေါင်း ၃၀ ခန့်က စတင်ဖြစ်ထွန်းလာသည့် ရေခဲပြင်ပမာဏသည် ယခုအချိန်ကာလ ရေခဲပြင်ပမာဏ၏ တစ်ဝက်ခန့်ရှိကြောင်းကို ထိုအချိန်က ပင်လယ်ရေမျက်နှာပြင် မီတာ ၄၀ အထိ ကျဆင်းသွားမှုအရ သိရှိရသည်ဟု ဆိုသည်။ ထိုသို့ ရေမျက်နှာပြင်ကျဆင်းသွားမှုနှင့် ရေခဲပြင်ပမာဏ ကြီးထွားလာမှုကြောင့် ကျွန်းမြေများပေါ်ထွန်းလာခြင်း၊ ကျယ်ပြန့်လာခြင်းများ ဖြစ်စေခဲ့ပြန်သည်။

ထိုသို့ ဘူမိဖြစ်စဉ်ကြီးကြောင့် ဖြစ်ပေါ်လာသော ယင်းအခြေအနေများသည် နှစ်သန်းပေါင်း ခြောက်သန်းကာလ (PLio-Pliestocene)အထိ ဆက်ဖြစ်တည်နေခဲ့ရာ မြောက်ဝင်ရိုးစွန်းပိုင်း ဒေသများဖြစ်သော ဂရင်းလန်ကျွန်း၊ မြောက်အမေရိက မြောက်ပိုင်းအရပ် များနှင့် အနောက်မြောက်ဥရောပတိုက်များတွင်လည်း ရေခဲပြင်များ ပေါ်ထွန်းလာရသည်။

ထိုသို့ လတ္တီတွဒ်အမြင့်ပိုင်းအရပ်များတွင် ရေခဲပြင်များပေါ်ထွန်းလာစေသကဲ့သို့ အီကွေတာအရပ်များတွင်လည်း ဘူမိဖြစ်စဉ်ကြောင့် တိုက်ကြီးများ ကွဲထွက်ရွေ့လျားရာမှ ပင်လယ်ရေမြင့်တက်ခြင်း၊ ကျဆင်းခြင်းများ ရှိသကဲ့သို့ ကုန်းမြေအနိမ့်အမြင့်၊ အကျယ်အဝန်း၊ ဖြန့်ကြက်တည်ရှိနေမှုကလည်း ကမ္ဘာ့ရာသီဥတုကို များစွာသက်ရောက်ပြောင်းလဲစေသည်။ ကုန်းမြေသည် ပင်လယ်ရေထက် အပူချိန်အတက်၊ အကျ ပိုမိုလျင်မြန်စေသည်။ ထိုမြန်ဆန်တတ်မှုသည် ကုန်းဧရိယာကြီးမားလှသော ဒေသများတွင် ရာသီဥတု အချိန်ကာလကြာရှည်စွာ သက်ရောက်သောအခါတွင် မုတ်သုံရာသီဥတုကို ဖြစ်ပေါ်စေသည်။

ဆိုလိုသည်မှာ ကျယ်ပြန့်ကြီးမားသော ကုန်းပိုင်းဒေသတွင် နွေအခါ အပူရှိန်ကြောင့် အပူချိန်တက်၍ လေသည်အထက်သို့ တက်သည့်နေရာတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ခါ ပူနွေးစိုစွတ်သောလေ အစားထိုးဝင်လာစေသဖြင့် အနောက်မြောက်မုတ်သုံရာသီလေ တိုက်ခတ်လာရသည်။ ဆောင်းရာသီအခါတွင် အေးချမ်းသောဒေသမှ ထိုင်းမှိုင်းအေးမြသောလေသည် လေဖိအားများသောအရပ် ဖြစ်ပေါ်လာစေကာ ထိုအရပ်မှ လေတို့သည် ပင်လယ်ဘက်ဆီသို့ အရှေ့မြောက်မုတ်သုံရာသီလေအဖြစ် တိုက်ခတ်စေသည်။ ဤသို့ဖြင့် ဖြစ်ပေါ်လာသော မုတ်သုံရာသီလေ နှစ်မျိုး တိုက်ခတ်သည့်အတွက် အာဖရိက၊ အိန္ဒိယ၊ မြန်မာနှင့် သီရိလင်္ကာတိုင်းပြည်များတွင် အပူပိုင်းဒေသသစ်တောကြီးများ ပေါက်ရောက်လာစေသည်။

ကမ္ဘာကြီးတွင် ဤသို့သော ရှေးနှစ်သန်းပေါင်းများစွာမှ စ၍ကုန်းမြေဒေသနှင့် ပင်လယ်သမုဒ္ဒရာတို့ အသီးသီး တစ်ခုချင်းဖြစ်ပေါ်လာခြင်း ပျောက်ကွယ်သွားခြင်းသည် ကမ္ဘာ့ရာသီဥတုကို တစ်နည်းတစ်ဖုံ ပြောင်းလဲလာစေခဲ့သည်။ ရေခဲပြင်(သို့)ဆီးနှင်းများဖုံးလွှမ်းသည့်ဒေသများ ကျယ်ပြန့်လာလေ အေးမြသော ရာသီဥတုကို ပိုမိုဖြစ်စေသည့် သဘောမျိုးဟု ဆိုရမည်။

တစ်ဖန် မြင့်မားလှသော တောင်တန်းကြီးများ ဥပမာ ဟိမဝန္တာ၊ အက်လ်ပ်စ်နှင့် အင်ဒီးစ်အစရှိသော တောင်တန်းများသည် အစဉ်လှုပ်ရှားနေသော ကျောက်ထုချပ်ကြီးအချင်းချင်း ထိပ်တိုက်တိုက်မိရာမှ ပေါ်ပေါက်လာရာ ထိုမြင့်မားသော တောင်ထိပ်များတွင် ရေခဲ၊ ဆီးနှင်းများဖုံးလွှမ်းရာ ဒေသများ ပေါ်ထွန်းလာကြသဖြင့် ထိုတောင်တန်းကြီးများကလည်း ရာသီဥတုကို ပြောင်းလဲစေသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် လေ့လာကြည့်လျှင် ကုန်းတွင်းပိုင်းဒေသတွင် အနည်ကျပြီးဖြစ်ပေါ်လာသော ဧရာဝတီကျောက်စဉ်စုတွင် အင်ကြင်းကျောက်ခေါ် Fossil wood ကို တွေ့ရှိရသည်။ ထိုအင်ကြင်းကျောက်များ တွေ့ရှိရခြင်းသည် ရှေးနှစ်သန်းပေါင်း ၅ သန်း (Miocene) နောက်ပိုင်းအချိန်က ရာသီဥတုကို ဖော်ညွှန်းလျက်ရှိသည်။

ယနေ့မြင်တွေ့နေရသော ရခိုင်ရိုးမ တောင်တန်းကြီးသည် ထိုအချိန်က ပင်လယ်ရေအောက်မှ မြေပေါ်သို့ ဘူမိဗေဒဖြစ်စဉ်ကြောင့် တွန့်ခေါက်တောင်အဖြစ် ရောက်ရှိလာခဲ့သည်။ ယင်းတောင်တန်းများ ကာဆီးသွားခြင်းကြောင့် မြန်မာပြည်အလယ်ပိုင်းချိုင့်ဝှမ်းဒေသများဆီသို့ အနောက်တောင်မုတ်သုံလေ အရောက်နည်းသွားစေသည်။ ထို့ကြောင့် မြန်မာပြည်အလယ်ပိုင်း မိုးနည်းသွားခြင်းဖြစ်ကြောင်း ပြန်လည်ဆန်းစစ်၍ ရနိုင်သည်။ ။

နှစ်သန်းပေါင်း ၁၆၀ ကာလ(Jurassic)တွင် ပင်ဂီရာတိုက်ကြီးတွင် မြောက်အမေရိကတိုက်ကြီးနှင့် တောင်အမေရိက အပါအဝင် အာဖရိကတိုက်ကြီးအကြားနေရာ၌ အက်ကြောင်းကြီးဖြစ်လာပြီး ကျောက်ရည်ပူများ တွန်းပို့မှုကြောင့် ကွဲထွက်ရွေ့မျောမှု ဖြစ်ပေါ်လာခဲ့သည်။ ၎င်း၏ အကျိုးဆက်အဖြစ် လတ္တီတွဒ်အနိမ့်ပိုင်း အီကွေတာအရပ်တွင် ကျောက်ရည်ပူကြောင့် ပင်လယ်အပူရှိန်မြင့်တက်လာစေသည်။ ထိုအခါ အရှေ့ဘက်အရပ်တွင် ရှိပြီးဖြစ်သော 'တက်သ်စ်' ပင်လယ်သည် အရှေ့မှ အနောက်သို့ ဆက်သွယ်လာစေတော့သည်။ ထိုအခါ သမုဒ္ဒရာရေနွေး စီးကြောင်းသည် ထိုနေရာကို ဖြတ်သန်းစီးဆင်းပြီး လတ္တီတွဒ် အမြင့်ပိုင်းများဆီသို့ ရောက်ရှိစေခဲ့သည်

## သစ်တောအုပ်ချုပ်မှု ကောင်းမွန်ရေး အလုပ်ရုံဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ ၂၄**

လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် Green Network၊ ဂန့်ဂေါခရိုင်နှင့် ဂန့်ဂေါမြို့နယ် ဌာနဆိုင်ရာများ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှ သစ်တောနှင့် သစ်ပင်ချစ်ခင် မြတ်နိုးသူများ စုပေါင်းပါဝင်၍ သစ်တောအုပ်ချုပ်မှု ကောင်းမွန်လာစေရေးအတွက် ခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဂန့်ဂေါမြို့ရှိ အောင်စည်ဟိန်း မိုတယ်၌ စက်တင် ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် သစ်တောနှင့် သစ်ပင်ချစ်မြတ်နိုးသော ပြည်သူများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ဆွေးနွေးပွဲဖြစ်မြောက်ရေး စီမံချက်တာဝန်ခံ ဦးအောင်မျိုးသူက စီမံချက်အကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး သစ်တောထွက်ပစ္စည်းဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင် ပြည်သူတို့ ပူးပေါင်းပါဝင်နိုင်မှု၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် အကြောင်းအရာများ စသည်တို့ကို ဆွေးနွေးကြသည်။ သုံးရက်ကြာကျင်းပခဲ့သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ သစ်တောအတွင်း သွားရောက်လေ့လာကြမည့် အစီ အစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)



# ပွဲကူးမကြမ်းတော့ဘူးဆိုသည့် အဆိုတော် မနော တတိယမြောက် "ချမ်းမြေ့ပါစေအမေ" စီးရီး ထပ်မံထွက်ရှိ



ရန်ကုန် အောက်တိုဘာ ၂၄

"ကမ်းစပ်ကခြေရာ" များစီးရီးနှင့် ပထမဆုံး ကိုယ်ပိုင်သံစဉ်သီချင်းများဖြင့် အောင်မြင်ခဲ့သည့် အဆိုတော် မနောက မိဘမေတ္တာဘွဲ့သီချင်းတွေပါဝင်သော "ချမ်းမြေ့ပါစေ အမေ " စီးရီးကို လှိုင်တေးသံသွင်းမှ ယခုလ ၂၉ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ဒီအခွေလေးကို လုပ်နေတာကြာပါပြီ၊ အထူးသဖြင့် ပရိသတ်ကို ရသအသစ်တွေ ကျွန်တော် ပေးချင်တာကြောင့်ပါ၊ သီချင်းတွေကအစ ကျွန်တော်နဲ့ တေးရေးဆရာတွေတိုင်ပင်ပြီး ရွေးချယ်ဖန်တီးထားတာပါ၊ မိဘမေတ္တာဘွဲ့လေးဆိုချင်နေတာကြာပါပြီ၊ ဒါကြောင့်မို့ လုပ်ဖြစ်ခဲ့တာပါ" ဟု ဆိုသည်။ အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၃ ပုဒ်ပါဝင်ပြီး တေးရေး ဂီတစာဆို မြောင်ကြေးမုံ၊ တွံတေးစိုးအောင်၊ သဟာအောင်၊ ကျောင်းဆရာကြီးတို့၏ သီချင်းများ ပါဝင်ကြောင်း သိရသည်။

သူ့အနေဖြင့် နယ်မြို့အသီးသီးရှိ ပရိသတ်များ၏ လက်ခံအားပေးမှုကိုရရှိထားခဲ့ပြီး တစ်နှစ်ပတ်လုံး ပွဲငှားရမ်းမှုများပြည့်နေကြောင်း၊ အချို့ပွဲများကို ပယ်နေရသည့် အနေအထားကိုပင်ရောက်နေကြောင်း ထို့အတွက်ကြောင့် နားလည်မှုလေးပေးစေချင်ကြောင်း ပြောသည်။

"နောက်တစ်ခုက ပွဲကူးကြမ်းတယ်၊ ကတိမတည်ဘူးဆိုပြီး ပြောကြတဲ့အပေါ် ကျွန်တော်ပြောချင်တာလေးရှိပါတယ်၊ အရင်တုန်းက ကျွန်တော် ပထမဆုံး ချစ်တယ်ဆိုတဲ့သီချင်းလေး ပေါက်တယ်ပေါ့နော်၊ အဲ့တုန်းက ကိုယ်ကလည်း အဆိုတော်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် မခံယူထားတဲ့အချိန်၊ သီချင်းလေးကလည်း ပေါက်နေတယ်သိရတယ်။ ပွဲဆိုဖို့လာငှားကြတာတစ်ယောက်ပြီး တစ်ယောက်ဆိုတော့၊ အနည်းအကျဉ်းလောက်ပါပဲလေဆိုပြီး၊ ဒီလိုပဲ လက်ခံလိုက်တာ၊ နောက်တော့ ကိုယ်သွားရတဲ့ ခရီးတွေက နည်းတဲ့ခရီးတွေ မဟုတ်ဘူး၊ ချင်းပြည်နယ်ကနေ ဟိုတခြားမြို့ကို ပြေးကြ၊ လေယာဉ်စီးဖို့ကလည်းအဆင်မပြေ၊ အဲ့ဒါနဲ့ နောက်ပွဲတွေ အကုန်နောက်ကျတာမျိုးတွေဖြစ်လာတယ်၊ နောက်ပိုင်းတော့ ကျွန်တော်ပွဲတွေကို ခရီးအကွာအဝေးကြည့်ပြီး လက်ခံတော့တယ်၊ အဲ့ဒါတောင် မျက်နှာလေးပဲပြပါ သီချင်းမဆိုလည်း ရပါတယ်လို့ပြောကြတယ်၊ ကျွန်တော်ကြားရတော့ အင်မတန်ဝမ်းသာပါတယ်၊ အခုလိုအားပေးတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ပွဲကန်ထရိုက်ကတော့ လူရမှ ငွေရမှာဆိုတာ နားလည်ပါတယ်၊ ကျွန်တော်တို့ကျတော့ အဆိုတော်ဖြစ်တာမို့ အဆင်မပြေပါဘူး၊ ပရိသတ်အထင်လွဲမှာကို လုံးဝလက်မခံနိုင်လို့ပါ၊ အခုဆို ကိုယ်ကခရီးပန်းတာမျိုးတွေ ကြုံလာတော့ ပွဲတွေကို နှစ်ရက်ခြားမှာပဲ လက်ခံပါတော့တယ်"ဟု ပြောသည်။

**ကိုလင်း**

# လူမှုရေးလုပ်ဖို့ နေရာမရွေးတဲ့ဂျူးစံသာ

ရန်ကုန် အောက်တိုဘာ ၂၄


မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဗင်နီဇွဲလားနိုင်ငံတွင် ကျင်းပသော Miss Tourism World Asia 2014 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ ပြီး Miss Tourism World Asia 2014 ဆုကြီးကို ဆွတ်ခူးပေးနိုင်ခဲ့သူ လည်းဖြစ်သည့် အလှမယ် ဂျူးစံသာအနေဖြင့် ပထမဆုံးတစ်ကိုယ်တော် " No boyfriend No problem" ရည်းစားမရှိလည်း ပြဿနာမရှိပါဘူး။ တေးအယ်လ်ဘမ်ကို ကိုယ်ပိုင် သံစဉ်သစ်များဖြင့် အောက်တိုဘာ ၂၈ ရက်တွင် Bo Bo Music Production မှ ဖြန့်ချိမည်ဟု သိရသည်။ သူ့အနေဖြင့် ဂီတအလုပ်တွေကို အလှမယ်ပြိုင်ပွဲအပြီး နှစ်နှစ်ကျော်ကြာ ကြိုးစားဖန်တီးခဲ့ကာ ယခုကဲ့သို့ ထွက်ရှိခဲ့ခြင်းဖြစ်သည်"ဟု သိရသည်။

**မေး။ နိုင်ငံကိုယ်စားပြုဖြစ်ခဲ့ပြီးတော့ဆု ကြီးကိုလည်း ဆွတ်ခူးခဲ့ပြီးပြီလေ၊ အဲဒီတော့ နိုင်ငံအတွက် အကျိုးရှိတာတွေ ဘာတွေလုပ်ပြီးပြီလဲ ညီမလေး။**

ဖြေ။ အခိကကတော့ ညီမ ပရဟိတ အကျိုးပြု အလုပ်တွေ လုပ်ပါတယ်၊ လူမှုရေးလုပ်ငန်းတွေပေ့ါ၊ အခုအထိလည်း ကိုယ်တတ်နိုင်သလောက် လုပ်နေပါတယ်။ ဥပမာ မိဘမဲ့ကလေးအတွက်နဲ့ သက်ကြီးဘိုးဘွားတွေအတွက် ညီမ တတ်အားသမျှပါဝင် လှုပ်ရှားနေပါတယ်၊ ပရဟိတဆိုတာမျိုးက လမ်းသွားရင်းလည်း လုပ်လို့ရတဲ့ အရာပါပဲ၊ အခိကကတော့ ကိုယ့်စိတ်ပါ၊ ညီမတို့ပတ်ဝန်းကျင်မှာလည်း အခက်အခဲဖြစ်နေသူတွေရှိတယ်၊ ဒုက္ခရောက်နေသူတွေရှိမယ်၊ ကိုယ့်အနေနဲ့ ငွေကြေးမတတ်နိုင်တောင် ကိုယ်တတ်နိုင်တဲ့ဘက်က အများကောင်းကျိုးကို လုပ်လိုက်တာလည်း ပရဟိတပါပဲ၊ အဲ့ဒီတော့ ညီမက ကိုယ့် အတွက် အခွင့်အရေးရလာတဲ့ လူမှုရေးအလုပ်ကို ရရင်ရသလို ကူညီပါတယ်၊ ဒါဟာလည်းနိုင်ငံအတွက် အကျိုးရှိစေမယ့်အလုပ်လို့ ညီမမြင်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

စာမျက်နှာ ၁၉ သို့



# "ရင်ဘတ်ထဲကစား" ဇာတ်ကားအပေါ် သုံးသပ်လိုက်ကြသူများ

ရန်ကုန် အောက်တိုဘာ ၂၄

စာရေးဆရာမ လမင်းမိုမို၏ လက်ရာကောင်းဝတ္ထုတစ်ပုဒ်ဖြစ်သည့် "အမှောင်ထဲမှာ"ဟု အမည်ပေးထားသော ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် "ရင်ဘတ်ထဲကစား"ဟု အမည်ဖြင့် ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးကာ ဒါရိုက်တာဝိုင်းက ပြန်လည်ရိုက်ကူးဖန်တီးပြီး အကယ်ဒမီပြေတီဦး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် အနုပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ထားသည်။ အဆိုပါ ဇာတ်ကားကြီးသည် အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်သည့်အခါ အချစ်တစ်ခုထက် တစ်ဦးနှင့် တစ်ဦး နားလည်မှုများပေးနိုင်ပြီး တစ်ဖက်ကိုထိခိုက်စေနိုင်သည်များ မပြုလုပ်သင့်သည့်အချက်များကို နှစ်ဦးသားလက်မတွဲခင်ကတည်းက သိထားသင့်ကြောင်း စသည့် ရည်ရွယ်ချက်ဖြင့် ရိုက်ကူးထားသော ဇာတ်ကားကြီးဟု သိရသည်။



### စာရေးဆရာမ လမင်းမိုမို

"အူဝဲတို့၊ ကိုပြေတီဦးတို့ကလည်း ပရိသတ်အလွန်များတယ်၊ သိပ်ကိုအောင်မြင်တဲ့ မင်းသား၊ မင်းသမီး စုံတွဲပေ့ါနော်။ ဒါရိုက်တာဖြစ်တဲ့ ကိုဝိုင်းဆိုလည်း ပရိသတ်အလွန်များတယ်။ တော်တော်လည်း Creative ဖြစ်တယ်။ ဇာတ်ပို့တွေအနေနဲ့ပါတဲ့ သရုပ်ဆောင်တွေကလည်း တစ်ယောက်မကျန် အကုန်ကောင်းတယ်၊ ကျေနပ်ပါတယ်၊ အားလည်း အားရပါတယ်။ ဒီဝတ္ထုလေးကို အစ်မရေးဖို့စပြီး စဉ်းစားလိုက်ချိန်မှာတော့ အချက်တစ်ချက်ပေ့ါနော်၊ အိမ်ထောင်ရေးဆိုတာသည် ထင်သလောက်မလွယ်ဘူးဆိုတဲ့ အချက်လေးတစ်ချက်ကို အစ်မကပြောချင်တာ။ အဲ့ဒီအပေါ်မှာ ဇာတ်လမ်းစဉ်လိုက်တဲ့အခါကျတော့ အမေလက်ထက်တုန်းက မအောင်မြင်ခဲ့တဲ့ အိမ်ထောင်ရေးဟာ သမီးဖြစ်သူက သူ့လက်ထက်မှာ အောင်မြင်ရမယ်လို့ ဆုံးဖြတ်ထားတယ်။ သို့သော် သမီးလက်ထက်မှာလည်း မအောင်မြင်ခဲ့ဘူးဆိုတဲ့ ဇာတ်အိမ်ကို တည်ဆောက်လိုက်တာပါ။ အစ်မက အမျိုးသမီးစာရေးဆရာမတစ်ယောက်ဖြစ်တယ်၊ အစ်မရေးရင် မိန်းကလေးဘက်က ခံစားချက်ရေးတာများတယ်။ အခုကလည်း အမျိုးသမီးဘက်က ရေးရမှာဖြစ်တဲ့အတွက် အမျိုးသားဇာတ်ဆောင်ကို ဆိုးလိုက်ရတာပါ။"

### ဒါရိုက်တာ ဝိုင်း

"ဒီဇာတ်ကားနဲ့လိုက်တာတော့ မင်းသမီးထဲမှာလည်း မင်းသမီးကတော့ဘယ်သူ့ကိုမဆို ကမ်းလှမ်းရင်ရိုက်ကြမှာပဲ၊ ဒီဇာတ်က မင်းသမီးဇာတ်ကိုး။ သို့သော်လည်း တကယ့်တကယ်လိုက်တာ နှစ်ယောက်လောက်ပဲရှိတာပါ။ အူဝဲကတော့ ဒီထဲမှာ နံပါတ်(၁)ပေ့ါနော်။ အူဝဲကိုပဲ ကမ်းလှမ်းခဲ့တာပါ။ မင်းသားကတော့ အမှန်အတိုင်းပြောရရင် တီတီ့ကို ရိုက်မယ်လို့တောင်မထင်ပါဘူး။ သူက ရိုက်ရဲတယ်ဆိုတဲ့အခါကျတော့ တစ်ခွန်းတည်းပြောပါတယ် တီတီနော် ဖြည်ပေးလို့ မရဘူးနော်၊ ဖြည်ရင် ဇာတ်ပျက်မှာဆိုတော့ သူက မဖြည်နဲ့ရတယ်ဆိုတာနဲ့ ဇာတ်ညွှန်းရေးကြည့်တာ ရိုက်တဲ့အခါကျတော့လည်း တီတီ့အနေနဲ့ ဇာတ်ပေါ်မှာ သစ္စာရှိရှိနဲ့ သူ့တာဝန်သူကျေအောင် လုပ်သွားပါတယ်၊ လင်မယားဖြစ်တယ်ဆိုတာကလည်း သူတို့အပြင်က အိမ်ထောင်ရေးက သာယာပါတယ်။ ဒီလိုသတ်ပုတ်နေကြတာမရှိပါဘူး။ ဒီဇာတ်ကားထဲမှာကျတော့ နှစ်ယောက်က ပရော်ဖက်ရှင်နယ်ပီသစွာ ကိုယ့်ရဲ့စရိုက်အတိုင်း ကိုယ်လုပ်စရာရှိတာကို ပြတ်ပြတ်သားသား မညှာတမ်းလုပ်သွားတယ်ဆိုတာကို တွေ့ရမှာပါ။ ဒီဇာတ်ကားကို ပြင်ဆင်ချိန်ကနေစပြီးတော့ ဇာတ်ကား ဆုံးတဲ့အထိ ကျွန်တော်၊ တီတီ၊ အူဝဲ၊ မခိုင်ကြီးတို့အားလုံးက အာရုံစူးစိုက်မှုကောင်းခဲ့တယ်။ အဲ့ဒီအာရုံစူးစိုက်မှုကြောင့် ရလဒ်ကောင်းရတာ၊ အာရုံစူးစိုက်မှုမကောင်းရင် ဒီလိုမျက်လုံး၊ ဒီလိုအိုက်တင်မျိုးမရဘူး။ ဒီထဲမှာပါဝင်ပတ်သက်တဲ့ သူတွေအားလုံးရော ကျွန်တော့်အဖွဲ့သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။"

### ပြေတီဦး

"ပြောရမယ်ဆိုရင် ဒီဇာတ်ကားကို ရိုက်တဲ့နေရာမှာ သီဟနိုင် ဘက်က ပြောတဲ့စကားတွေကို အစ်ကိုတော်တော်ကြိုက်တယ်။ အိမ်ထောင်တစ်ခုမှာပဲ ဖြစ်ဖြစ်၊ သမီးရည်းစားနှစ်ယောက်မှာပဲဖြစ်ဖြစ် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်လေးစားမှုဆိုတာ သိပ်ကိုအရေးကြီးတယ်။ တစ်ယောက်ကိုတစ်ယောက် နေရာထားမှု၊ တစ်ယောက်ကိုတစ်ယောက် ကိုယ်ချင်းစာမှုက တော်တော့်ကိုအရေးကြီးတယ်။ သီဟနိုင်က ဒီဇာတ်ကားထဲမှာ သိပ်ကိုဆိုးနေတဲ့လူတစ်ယောက်ဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် သူ့ရင်ထဲမှာ သူတကယ်ခံစားခဲ့ရတာ၊ သူခံစားရလို့လည်း ဒါမျိုးတွေဖြစ်တာပေ့ါနော်။ သူ့အတွက် အမှန်တရားတစ်ခုတော့ ရှိတာပေ့ါ။ ဆိုလိုတာက ယုတ်မာတဲ့စိတ်နဲ့ တခြားမိန်းမတစ်ယောက်နဲ့ဖောက်ပြန်ချင်လို့ ဒီမိန်းမကို တမင်တကာ အပြစ်မရှိ အပြစ်ရှာပြီး လုပ်ချင်တာမဟုတ်ဘူး။ သူက သူ့ရင်ထဲမှာတကယ်ခံစားရတဲ့အတွက်ကြောင့်မို့လို့ ဒီလိုပုံစံဖြစ်သွားတာ။ အစ်ကိုက အဲ့ဒါကိုကြိုက်တာ။ အိမ်ထောင်ရှိတဲ့သူတွေတိုင်း၊ သမီးရည်းစားတွေတိုင်း၊ Relationship တစ်ခုကို တည်ဆောက်နေတဲ့ လူတွေတိုင်းကို အဲ့ဒီမက်ဆေ့ချ်လေး အစ်ကိုကပေးချင်တာ၊ အပြင်မှာလည်း ဒီလိုစိတ်ရှိတဲ့ယောကျ်ားတစ်ယောက်က ဒီလိုပဲဖြစ်မှာပဲ၊ ဒီဇာတ်က သိပ်သဘာဝကျတယ်၊ အဲ့ဒါကြောင့် အစ်ကိုက ကြိုက်တယ်။"

### အိန္ဒြာကျော်ဇင်

"ဒီကားထဲမှာ အူဝဲက လရိပ်ဝေးဆိုတဲ့ ကောင်မလေးနေရာက သရုပ်ဆောင်ထားတယ်၊ ဇာတ်တစ်ခုလုံးမှာ အဝေးကတော့ သူ့ရဲ့ခံစားချက်တွေပေ့ါနော်၊ အမေနဲ့ပတ်သက်ပြီးတော့ ခံစားချက်တွေ၊ ယောကျ်ားနဲ့ပတ်သက်ပြီးတော့ ခံစားချက်တွေ အဲ့ဒီခံစားချက်တွေအလျောက် အိုက်တင်တွေ၊ မုဖ်တွေကတော့ သူ့တန်ပိုနဲ့သူသွားတာပေ့ါ။ တန်ပိုက အဲ့ဒါလေးတစ်ချက်ချိန်ရတာပေ့ါ၊ အိုက်တင်တွေကိုလည်း မတူအောင်လို့ ချိန်ပြီးတော့လုပ်ရပါတယ်။ နောက်တစ်ခုကကျတော့ အူဝဲတို့ စကားပြောတဲ့အခါ ဒိုင်ယာလော့ဂ်တွေအပေါ်မှာလည်း အရေးကြီးတယ်ပေ့ါနော်၊ ဒိုင်ယာလော့ဂ်တွေ၊ မုဖ်တွေ၊ အိုက်တင်တွေ ပေါက်ပြီးတော့ ရိုက်ခဲ့ရတယ်။ မုဖ်တွေကလည်း တော်တော်လေးပြင်းပါတယ်။ ရိုက်ပြီးရင် ကိုယ်လည်းမောပြီး ရင်တုန်ပန်းတုန်ဖြစ်ပြီး ကျန်ခဲ့တဲ့အတွက် ပြင်းပြင်းထန်ထန်လေးတွေတော့ရိုက်ခဲ့ရတယ်။"

**ကိုလင်း**


# နဲ့ ဆရာမျိုးမင်းသန်း၏ မြစ်ရောကို သီကျူးဖွဲ့နွဲ့ထားသော မြစ်မင်းနဲ့ လေပြေ


**ရန်ကုန် အောက်တိုဘာ ၂၄**

နဲ့ဆရာ မျိုးမင်းသန်းကိုယ်တိုင် ဖန်တီးထားသည့် ရိုးရာနှင့် ဆန်းသစ်မှုများပေါင်းစပ်ထားသော "မြစ်မင်းနဲ့ လေပြေ" မြန်မာမှုပြုတေးစီးရီးခွေကို ပြည်တော်ဦး တေးထုတ်လုပ်ရေးကနေ နိုဝင်ဘာ ၃ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။ အဆိုပါတေးစီးရီးကို မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု တက္ကသိုလ်နှင့် ပူးပေါင်းစီစဉ် ဖန်တီးတင်ဆက်ထားသော တေးစီးရီးခွေဖြစ်ပြီး ထပ်ဆင့်အကယ်ဒမီ မိရာမိုရ်၊ အကယ်ဒမီ မြန်မာပြည်ကျောက်စိမ်း၊ ဖိုးသကြ်န်၊ ဦးသန်းဝင်း၊ ရီရီသန့်၊ ကျော်ကျော်ဟန်၊ မန္တလေးမောင်မော် (ဘိက်သိက်)၊ မျိုးမင်းသန်း(နဲ့)တို့နှင့် ရွှန်းလဲ့ဖြိုး(ကလေးအဆိုတော်)တို့က ပါဝင် ဖန်တီးထားကြသည်။ အဆိုပါတေးစီးရီးသည် မြန်မာသံတူရိယာ ဂီတကို သီးသန့်ခံစားနားဆင်လိုသူများအတွက် အဓိကထား ဖန်တီးထားပြီး မြန်မာပြည်၏ အသက်သွေးကြောဖြစ်သော မြစ်ရောကြီးကို တင်စားထားသော သီချင်းသံစဉ်များ ပါဝင် ဖော်ကျူးထားသောအခွေဟု သိရသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်းကိုးပုဒ် ထည့်သွင်းထားပြီး နဲ့နှင့် ဆိုင်းဝိုင်းတို့ လက်စွမ်းပြတီးခတ်ထားပြီး တေးသီချင်းခွေတွင် အနောက်တိုင်း တူရိယာ မပါဝင်သည်က ထူးခြားမှုတစ်ခုဟု သိရသည်။ **ကိုလင်း**

# မိခင်ရဲ့ဓာတ်ပုံပိုစ့်အတိုင်း လိုက်လံတုပခဲ့ကြတဲ့ ရိုမီရိုနဲ့ခရုဇ်





ဗစ်တိုးရီးယားဘက်ခမ်းရဲ့သားနှစ်ဦးဖြစ်တဲ့ ရိုမီရိုနဲ့ခရုဇ်တို့ဟာ မိခင်ဖြစ်သူရဲ့ နာမည်ကျော် ဓာတ်ပုံအတိုင်း လိုက်လံတုပပြီး ရိုက်ကူးထားတဲ့ဓာတ်ပုံကို အင်စတာဂရမ်ပေါ်ကိုတင်ခဲ့ပါတယ်။ အဆိုတော်နဲ့ ဖက်ရှင်ဒီဇိုင်နာလည်းဖြစ်တဲ့ ဗစ်တိုးရီးယားဟာ ဆိုဖာပေါ်မှာ ခြေထောက်ရှည်ရှည်လေးတွေဆန့်ပြီး ဓာတ်ပုံရိုက်ကူးမှုမှာ နာမည်ကြီးပြီး ယင်းပုံအတိုင်း ၎င်း၏သားနှစ်ဦးမှာ လိုက်လံတုပရိုက်ကူး ခဲ့ပါတယ်။ ရိုမီရိုဟာ အသက် ၁၅ နှစ်ရှိပြီး ခရုဇ်ကတော့ အသက် ၁၂ ရှိပါပြီ။ သူတို့နှစ်ဦးဟာ အိမ်မှာနေရင်း ဒီဟာသမြောက်တဲ့ဓာတ်ပုံကို ရိုက်ခဲ့တာပဲဖြစ်တယ်။ အဖြူအမည်းနဲ့ရိုက်ထားတဲ့ဒီဓာတ်ပုံမှာ ရိုမီရိုကတော့ မိခင်ဖြစ်သူနဲ့ အနီးစပ်ဆုံး တူအောင် ရိုက်နိုင်ခဲ့ပြီး ခရုဇ်ကတော့ သူ့အစ်ကိုလိုမဟုတ်ဘဲ မနည်းတူအောင် ရိုက်ထားရပုံပေါက်ပါတယ်။ ဘာပဲပြောပြော သူတို့ကိုချစ်ကြတဲ့ပရိသတ်တွေကတော့ ဒီဓာတ်ပုံတွေဟာချစ်ဖို့ကောင်းတယ်လို့ မှတ်ချက်တွေပေးကြပါတယ်။

ဒေးဗစ်ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့သားအကြီးဆုံးဖြစ်သူ ဘရွတ်ကလင်းဘက်ခမ်းကတော့ ဓာတ်ပုံပညာသင်ယူဖို့ နယူးယောက်မြို့ကို ရောက်ရှိနေပြီး သူ့ကိုကြည့်ရတာ အိမ်လွမ်းနေပုံရတယ်လို့ ပြောကြပါတယ်။သူရဲ့အင်စတာဂရမ်မှာလည်း အင်္ဂလန်ကိုလွမ်းတယ်လို့ ရေးသားထားပါတယ်။ ဒေးဗစ်နဲ့ဗစ်တိုးရီးယားတို့မှာ သားသုံးဦးအပြင် ဟက်ပါဆိုတဲ့ ခြောက်နှစ်အရွယ် သမီးလေးတစ်ဦးလည်းရှိပါသေးတယ်။ အဝေးရောက်နေတဲ့ ဘရွတ်ကလင်းက တော့ အိမ်မှာကျန်ခဲ့တဲ့ မောင်နှမတွေကို လွမ်းတယ်လို့ ဆိုပါတယ်။ **(ဟယ်လို)** **ခြူး**

*စာမျက်နှာ ၈ မှ*

**မေး။ အလှမယ်ကနေ အဆိုတော်ဖြစ်သွားတာက၊ အလှမယ်ဆိုတဲ့ခရီးလမ်းက ကိုယ့်အတွက် လျှောက်မယ်ဆို ဖြစ်နိုင်ခြေအားနည်းလို့လား။**

ဖြေ။ အဲဒီလိုမဟုတ်ပါဘူး၊ ညီမက အခွေလေး တစ်ခွေစမ်းလုပ်ချင်နေတာကြာပါပြီ၊ အလှမယ်က အလှမယ်သက်သက်၊ အဆိုဝါသနာက သက်သက်ပါ၊ ဟိုတုန်းကတည်းက သီချင်းဆိုနေရရင် ပျော်နေတဲ့ သူလေ၊ အခွေလုပ်တာ အလှမယ်နဲ့ မဆိုင်ပါဘူး၊ ညီမတို့နိုင်ငံမှာက အားနည်းချက်တွေ၊ လိုအပ်ချက်တွေ ရှိနေတာတော့ အမှန်ပါ၊ သူများနိုင်ငံတွေလိုတော့ အလှမယ်ဆိုအလှမယ်သက်သက် ရပ်တည်နိုင်တာမျိုးမဟုတ်ဘူးလေ၊ ညီမကတော့ ကိုယ်ကြိုက် တဲ့အလုပ်လည်းလုပ်မယ်၊ ဝါသနာပါတဲ့ ဂီတအလုပ်လည်းလုပ်မယ်ဆိုတဲ့ စိတ်ပဲရှိပါတယ်၊ ဒါကြောင့် အခွေလုပ်ဖြစ်တာပါ၊အလှမယ်နဲ့ ထိုးဖောက်တာ မလွယ်လို့မဟုတ်ပါဘူး။

**မေး။ အရည်အချင်းထက် အရေအတွက်တွေ ပေါများလာတဲ့ ဂီတလောကအတွက် ညီမအမြင်ကိုလည်း ပြောပြပါဦး။**

ဖြေ။ လူတစ်ယောက်ဟာ ဂီတပဲ ဖြစ်စေ၊ သရုပ်ဆောင်အလုပ်ပဲဖြစ်စေ လုပ်တော့မယ်ဆို အောင်မြင်မှုရဖို့အတွက်ဆို အရည်အချင်းလိုအပ်ပါတယ်၊ အခုလက်ရှိမှာ ဂီတဆိုလည်း အားလုံးကိုယ့်စိတ်ကြိုက်လုပ်နေကြတာပါပဲ။ ညီမအပါအဝင်ပေါ့နော်၊ ငွေကြေးတတ်နိုင်ရင် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ပြီး ကိုယ်တိုင် ခေါင်းဆောင်နေရာက ဝင်ရိုက်မလား၊ ငွေကြေးရှိရင် လုပ်လို့ရပါတယ်၊ ဒါပေမယ့် အရည်အချင်းတော့လိုအပ်လာပြီ၊ လိုလည်းလိုအပ်လားပြီလေ၊ ညီမ ဘယ်သူ့ကိုမှ ပုတ်ခတ်ပြောဆိုတာမဟုတ်ပါဘူး။ ညီမကိုယ်တိုင်လည်း အရည်အချင်းတွေလိုအပ် နေပါသေးတယ်၊ အဲ့လိုပဲ အလှမယ်တစ်ယောက်ဖြစ်ဖို့ ဆုရဖို့ထက် အရည်အချင်းကောင်းရှိဖို့ ညီမ အများကြီး ကြိုးစားခဲ့ပါတယ်။

**မေး။ ယနေ့ခေတ်ဟာ ပျက်စီးရတာလွယ်ပြီး ကောင်းမွန်စွာလျှောက်လှမ်းဖို့ အင်မတန်ခက်တဲ့ လောကလေ၊ အဲ့တော့ ကိုယ့်ဘက်က အားနည်းချက်ကို အခွင့်အကောင်းယူပြီး၊ ငွေကြေးနဲ့ ချဉ်းကပ်တဲ့ သူတွေကြုံဖူးလား။**

ဖြေ။ ညီမအတွက်ကတော့ လုံးဝမဖြစ်နိုင်ပါဘူး၊ ဘာလို့လဲဆို ညီမအတွက် စပွန်ဆာဆိုတာ မလိုပါဘူး၊ အမေရယ်၊ အစ်မရယ်ဘေးမှာ ညီမအတွက် အဆင်သင့်ရှိပြီးသားပါ၊ ညီမပတ်ဝန်းကျင်မှာရှိတဲ့ ညီမနဲ့ ရင်းရင်းနှီးနှီးရှိတဲ့သူတိုင်း ညီမအကြောင်းကိုသိပြီးသားပါ၊ အခုအခွေထုတ်ဖို့အတွက်လည်း သူတို့ပဲလုပ်ပေးတာပါ၊ငွေကြေးကအစ အားလုံး သူတို့နှစ်ဦးက ပံ့ပိုးပေးကြတာပါ၊ ချဉ်းကပ်တာတွေတော့ ကြုံဖူးတယ်၊ ဂျူးစံသာဆိုတာကလည်း ဘယ်နေရာ ဘယ်သွားသွား မေမေနဲ့ အစ်မကပဲ ဖြေရှင်းပေးတယ်၊ ကိုယ်ရှေ့က ရပ်တည်ပေးကြ တာမို့ ဒီလူတွေကို ဂရုကိုမစိုက်ပါဘူး။ **ကိုလင်း**

# ဥပဒေပြဋ္ဌာန်းထားပြီးသော်လည်း မသန်စွမ်းသူများ ခွဲခြားဆက်ဆံခံရခြင်းနှင့် အခွင့်အရေးဆုံးရှုံးမှုများ ရှိနေဆဲဖြစ်



မြန်မာနိုင်ငံ၌ မသန်စွမ်းသူများအခွင့်အရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သလို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းကပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကာကွယ်ရေး နိုင်ငံတကာသဘောတူစာချုပ်ကို(CRPD)ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လက်တွေ့အခြေအနေ၌ မသန်စွမ်းသူများအနေဖြင့် ခွဲခြားဆက်ဆံခံရခြင်းနှင့် အခွင့်အရေးဆုံးရှုံးရခြင်းများ ရှိနေဆဲဖြစ်ကြောင်း ကန့်ဘလူမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သူဟန်ထွန်းကဆိုသည်။

"မသန်စွမ်းသူများအခွင့်အရေး ဥပဒေအရ တန်းတူအခွင့်အရေးရဖို့ ပြဋ္ဌာန်းခဲ့တာမှန်ပေမယ့် လက်တွေ့မှာ မသန်စွမ်းသူအများစုဟာ ပညာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စတာတွေမှာ ခွဲခြားဆက်ဆံတာတွေနဲ့အတူ အခွင့်အရေးတွေ ဆုံးရှုံးနေတာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

"မသန်စွမ်းသူများရဲ့အခွင့်အရေးဥပဒေအရ ဒုတိယသမ္မတတစ်ဦးပါဝင်တဲ့ မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားသလို တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့် ကော်မတီတွေကိုလည်း ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အဲဒီကော်မတီ တွေကမှ မသန်စွမ်းသူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီနေ့အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ထိထိရောက်ရောက် မဆောင်ရွက်နိုင်သေးတာကို တွေ့ရပါတယ်"ဟု အောက်တိုဘာ ၁၉ ရက်က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ဒေါက်တာကျော်သူဟန်ထွန်းက ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့သည်။

အရာတော်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏကလည်း "ကမ္ဘာကိုရင်ပေါင်တန်းပြီး မသန်စွမ်းအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွေ ချုပ်ဆိုထားတဲ့နောက်ပိုင်းမှာ သူတို့ရဲ့လုပ်အားတွေ မဆုံးရှုံးရအောင်ထက် မသန်ပေမယ့် စွမ်းသူများအဖြစ် ဖော်ဆောင်ခွင့်ရအောင် အားလုံးမှာတာဝန်ရှိတာနဲ့အညီ အသက်မွေးဝမ်းကျောင်းသင်တန်းတွေပေးတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ သတ်မှတ်ဖန်တီးပေးတာတွေ ပြုလုပ်ပြီး မသန်စွမ်းမှုကို ပပျောက်စေသင့်ပါတယ်" ဟု ဆိုသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၀ ကျော်အနက် မသန်စွမ်းသူဦးရေမှာ ၂၃၁၁၂၅၀ ရှိရာ မသန်စွမ်းသူဦးရေမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပြီး တိုင်းဒေသကြီးအတွင်း၌ မသန်စွမ်းသူဦးရေမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။

The Leprosy Mission Myanmar ၏ ၂၀၁၃ မှ ၂၀၁၇ ခုနှစ်အထိ စစ်တမ်းများအရ မုံရွာမြို့တွင် မသန်စွမ်းသူပေါင်း ၁၃၀၃ ဦးအနက် အသက် ၁၈ နှစ်မှ ၅၉ နှစ်အတွင်း မသန်စွမ်းသူ ၅၄၈ ဦးရှိပြီး ၂၁၁ ဦးသည် အလုပ်ရှိကာ အလုပ်လက်မဲ့သည် ၃၃၇ ဦးရှိ ကြောင်း သိရသည်။ ရွှေဘိုမြို့တွင်မူ မသန်စွမ်းသူ ၁၁၆၄ ဦးရှိပြီး အသက် ၁၈ နှစ်မှ ၅၉ နှစ် အတွင်း ၅၈၂ ဦး၊ အလုပ်ရှိသူ ၂၈၉ ဦး၊ အလုပ်လက်မဲ့ ၂၉၃ ဦးရှိကာ အရာတော်မြို့တွင် မသန်စွမ်းသူ ၆၃၀ အနက် အသက် ၁၈ နှစ်မှ ၅၉ နှစ်အတွင်း ၂၇၂ ဦးရှိပြီး ၉၁ ဦးက အလုပ်ရှိကာ အလုပ်လက်မဲ့ ၁၈၁ ဦးရှိကြောင်း သိရသည်။

သက်ဆိုင်ရာဌာနများက အလုပ်အကိုင်ခေါ်ဆိုရာတွင် ကိုယ်လက်အင်္ဂါ ချို့ယွင်းသူများ မဖြစ်စေရဟူသော အသုံးအနှုန်းများကို ယနေ့အချိန်အထိ သုံးနှုန်းနေကြဆဲဖြစ်ပြီး ထိုအရာများသည် နိုင်ငံတကာ သဘောတူစာချုပ်များ၊ ပြဋ္ဌာန်းထားသောဥပဒေများကို ချိုးဖောက်ရာရောက်နေကြောင်း၊ ယနေ့အချိန်တွင် မသန်စွမ်းသူအချို့သည် သန်စွမ်းသူများနည်းတူ မိသားစုအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် တာဝန်ကိုယ်စီထမ်းဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း ဒေါက်တာကျော်သူဟန်ထွန်းက ပြောသည်။

ဆားလင်းကြီးမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်ကလည်း "ဒေါက်တာကျော်သူဟန်ထွန်းရဲ့အဆိုဟာ လူ့အခွင့်အရေးတစ်ရပ်အရ ရပိုင်ခွင့်နဲ့ ပါဝင်ခွင့်ကို အဓိကထားတင်သွင်းတာဖြစ်ပါတယ်။ မသန်စွမ်းသူတွေကလည်း လူသားထဲကလူများ ဖြစ်ကြတာနဲ့အညီ လူ့အခွင့်အရေးကို အပြည့်အဝ ရရှိရမှာဖြစ်ပါတယ်"ဟု ထောက်ခံပြောကြားသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် မသန်စွမ်းသူများအား သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၄၈ မဲ၊ ကန့်ကွက်မဲ ၂၂ မဲ၊ ကြားနေမဲ ကိုးမဲ ရရှိသည့်အတွက် လွှတ်တော်က အဆိုကိုအတည်ပြုခဲ့သည်။

**သံတိုင်ထွန်း**

# ကော့သောင်းမြို့နာရေးကူညီမှုအဖွဲ့၏ (၉)နှစ်မြောက် အကျွတ်အလွတ် ကုသိုလ်ပြုပွဲကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂၄**

ကော့သောင်းမြို့နာရေးကူညီမှုအဖွဲ့က ကြီးမှူးကျင်းပသည့် (၉)နှစ်မြောက် အကျွတ်အလွတ် ကုသိုလ်ပြုပွဲကို အောက်တိုဘာ ၂၂ရက်က ကော့သောင်းမြို့ရွှေပြည်သာသုသာန်ရှိ သရဏဂုံတင်ဇရပ်၌ ပြုလုပ်သည်။

အကျွတ်အလွတ် ကုသိုလ်ပြုပွဲတွင် ကွယ်လွန်အနိစ္စရောက်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် မကျွတ်မလွတ်ဖြစ်နေကြရရှာသည့် ပရလောကသားများအား ဖိတ်ခေါ်ကာ အစားအသောက်များ ကျွေးမွေးလှူဒါန်းကြပြီး ဆက်လက်၍ ဆရာတော် သံဃာတော်များက မကျွတ်မလွတ်ဖြစ်နေကြရရှာသည့် ပရလောကသားများအား ရည်စူးမေတ္တာပို့ကာ ရေစက်ချ အမျှအတန်း ပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေပြည်သာကျောင်းတိုက်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် သံဃာတော်များက မြို့လုံးအနှံ့ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရပ်ရွာအေးချမ်းသာယာ အန္တရာယ်ကင်းရေး ရည်စူးကာ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့၌ အကျွတ်အလွတ်ကုသိုလ်ပြုပွဲကို ယခုနှစ်ကျင်းပသည်မှာ (၉)နှစ်မြောက်ဖြစ်ပြီး မကျွတ်မလွတ် ဖြစ်နေကြရရှာသည့် ပရလောကသားများအား ရည်စူး၍ လှူဒါန်းကျွေးမွေးဒါနပြုသည့် ဒေသရိုးရာဓလေ့ပွဲဖြစ်ကာ နှစ်စဉ် မြို့နယ်လုံးကျွတ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ရွှေသောင်ကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**အင်္ဂပူ အောက်တိုဘာ ၂၄**

အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာအုပ်စု ရွှေသောင်ကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်နှင့် အလှူရှင် ရန်ကုန် ယူနန်လူငယ် လူမှုကူညီရေးအသင်း (Myanmar Yangon Yunnan Youth Association)မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး အလှူရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ် လှူဒါန်းခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရွှေသောင် အမက(လွန်)ကျောင်းသည် ယခင်က သစ်သားအဆောက်အအုံဖြစ်ပြီး ယခု အလှူရှင် ရန်ကုန်ယူနန်လူငယ် လူမှုကူညီရေးအသင်းက အလျား ၁၃၀ ပေ၊ အနံ ၃၂ ပေရှိ အာရ်စီတစ်ထပ်ကျောင်းဆောင် အဆောက်အအုံသစ်ကို ငွေကျပ်သိန်း ၇၀၀ ခန့် အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# မျက်ကြည်လွှာအလှူရှင်များလိုအပ်နေ၍ ကျန်ရစ်သူမိသားစုကလည်း လှူဒါန်းနိုင်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးအမျိုးသားမျက်စိဘဏ်သို့ မျက်ကြည်လွှာအား အသက်ရှင်လျက်လှူဒါန်းသူများရှိနေသော်လည်း ကွယ်လွန်ပြီးမှရရှိခြင်းဖြစ်သည့်အတွက် မကွယ်လွန်မီ မျက်ကြည်လွှာလှူဒါန်းရန် ဆန္ဒမပြုခဲ့သော် ကျန်ရစ်သူမိသားစုက လှူဒါန်းရန် ဆန္ဒဖြစ်ပေါ်လာပါက လှူဒါန်းနိုင်ကြောင်း သိရသည်။

"မျက်ကြည်လွှာလိုတဲ့လူနာတွေ တစ်နေ့ထက်တစ်နေ့ စောင့်နေတဲ့စာရင်းထဲမှာ ရာဂဏန်းရှိနေပါတယ်၊ သေဆုံးတဲ့လူထဲက အစိတ်အပိုင်းတစ်ခုကို နောက်အသက်ဆက်ရှင်နေမယ့်သူအတွက် ဘယ်လောက်အကျိုးပြုနိုင်မလဲဆိုတာ နားလည်ပြီး ပြည်သူတွေကလှူမယ်၊ အခြားအဖွဲ့အစည်းတွေပေါင်းပြီး ဝိုင်းဝန်းလုပ်ကြမယ်ဆိုရင် မျက်ကြည်လွှာဝေဒနာကြောင့် အမြင်ဆုံးရှုံးနေတဲ့သူတွေအတွက် အထောက်အကူအများကြီးရသွားမှာပါ" ဟု မန္တလေး အမျိုးသားမျက်စိဘဏ်မှ မျက်စိရောဂါပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာရီရီက ပြောသည်။

လူနာတစ်ဦးတွင် မျက်ကြည်လွှာမကောင်းပါက ကွယ်လွန်သွားသူတစ်ဦးလှူဒါန်းခဲ့သည့် မျက်ကြည်လွှာနှင့်အစားထိုး ကုသရကြောင်း၊ မျက်ကြည်လွှာအလှူရှင် ကွယ်လွန်ပြီးနောက် ထုတ်ယူခြင်းဖြစ်ပြီး ကွယ်လွန်ပြီး ၄ နာရီအတွင်း မျက်ကြည်လွှာအလှူရှင် ကျန်ရစ်သူမိသားစုက မျက်စိဘဏ်ကိုအကြောင်းကြားပေးရကြောင်း၊ မျက်စိတစ်လုံးကို ထုတ်ယူခြင်းမဟုတ်ဘဲ နာရီမှန်ကဲ့သို့သော အပေါ်ယံမျက်ကြည်လွှာကိုသာ ထုတ်ယူသည့်အတွက် မျက်နှာပုံသဏ္ဌာန်ပျက်စီးသွားခြင်း၊ မျက်တွင်းဟောက်ပက် ဖြစ်ခြင်းမရှိကြောင်း သိရသည်။

မျက်ကြည်လွှာအစားထိုးကုသသည်ဆိုသည်မှာ မျက်စိတစ်လုံး အစားထိုး ကုသခြင်းမဟုတ်ဘဲ မျက်ကြည်လွှာကိုသာ အစားထိုးကုသပေးခြင်းဖြစ်ပြီး ခွဲစိတ် ကုသမှု၏ ၉၀ ရာခိုင်နှုန်းအောင်မြင်မှုရှိကြောင်း၊ မည်သည့်အသက်အရွယ်မဆို အစားထိုးကုသ၍ရကြောင်း၊ လူမျက်ကြည်လွှာကို အစားထိုးကုသ၍ရသည့်ပစ္စည်း မတီထွင်နိုင်သေးကြောင်း၊ မျက်စိအတွင်းတိမ်ရှိသူ၊ မျက်မှန်တပ်သူ၊ ဆီးချိုရောဂါရှိသူ၊ သွေးတိုးရောဂါရှိသူနှင့် အသက်အရွယ်ကြီးသူ ၇၅ နှစ်အောက် လူအားလုံး မျက်ကြည်လွှာကို လှူဒါန်းနိုင်ကြောင်း သိရသည်။

မျက်စိဘဏ်မှ မျက်ကြည်လွှာများစုဆောင်းခြင်း၊ မျက်ကြည်လွှာများ၏ အရည်အသွေးစစ်ဆေးခြင်း၊ လိုအပ်သောဆေးရုံများသို့ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဆင်းရဲနွမ်းပါး၍ မကုသနိုင်သော မျက်ကြည်တိမ်ဝေဒနာရှင်များကို ကူညီကုသပေးလျက်ရှိကြောင်း၊ လှူဒါန်းလိုသူများအနေဖြင့် မန္တလေးအမျိုးသားမျက်စိဘဏ် မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆေးရုံကြီး (ပထမထပ်)၊ မျက်စိဘဏ် ဖုန်း ၀၂-၃၉၄၅၀၊ မျက်စိလူနာဆောင် ဖုန်း ၀၂-၃၁၂၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်စေပိုင်စေ**

# ကျေးရွာချင်းဆက်တံတား ရေတိုက်စားပျက်စီးမှုကြောင့် ကူးတို့စက်လှေများဖြင့် ကူးနေရ

**စဉ့်ကူး အောက်တိုဘာ ၂၄**

စဉ့်ကူးမြို့နယ် ရွှေလှေကျေးရွာ တောင်ဘက် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာသားတို့ စုပေါင်းဆောက်လုပ်ထားသော အရှည်ပေ ၂၀၀ ရှိ ကျေးရွာချင်းဆက် ဧရာဝတီမြစ် စွတ်ချောင်းကူးတံတားမှာ မိုးတွင်းကာလတွင် ဧရာဝတီ မြစ်ရေမြင့်တက်ပြီး တောင်ကျချောင်း ရေစီးသန်မှုတို့ကြောင့် ရေမျောပါပျက်စီး ပြီး ခရီးသွားပြည်သူများ သွားလာမှု ခက်ခဲနေခဲ့ရာ ယခုအခါ ကူးတို့စက်လှေသမားတို့ သယ်ယူပို့ဆောင်ပေးနေမှုကြောင့် သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုတွင် လုံးဝချောမွေ့ခြင်းမရှိသေးသော်လည်း အတိုင်းအတာတစ်ခုအထိ အဆင်ပြေနေပြီး ကူးတို့ စက်လှေသမားများလည်း နေ့စဉ်ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။



"ကူးတို့ကူးခအနေနဲ့ ဆိုင်ကယ်တစ်စီးနဲ့လူဆို ငွေကျပ် ၅၀၀ တောင်းပါတယ်။ ကုန်ပစ္စည်းတွေပါရင်တော့ ကုန်ပစ္စည်း အနည်းအများအလိုက် ကြည့်တောင်းပါတယ်။ အဓိကကူးနေကြတာကတော့ ဆိုင်ကယ်တွေများတယ်။ တစ်ရက်မှာ ဆိုင်ကယ်အစီးရေ ၁၀၀ ကနေ ၂၀၀ အထိ တင်ပို့ပေးရပါတယ်။ အခြားကုန်စည်ပို့ခနဲ့ဆိုရင် စက်လှေ သမားတစ်ဦးမှာ တစ်နေ့ ကူးတို့ပို့ခ ငွေကျပ် ၁၀၀၀၀ ကနေ ၃၀၀၀၀ အထိ ရပါတယ်" ဟု စက်လှေသမားတစ်ဦးက ပြောသည်။

ယခုအခါ အဆိုပါချောင်းသည် မြစ်ရေဝင်မြစ်စွတ်ချောင်းဖြစ်နေခြင်း၊ တောင်ကျရေများထွက်ရှိရာ တစ်ခုတည်းသော တောင်ကျရေစွန့်ပစ်ချောင်း ဖြစ်နေခြင်းနှင့် အဆိုပါနေရာသည် ခရီးသည်များ သွားလာမှုများသည့်နေရာဖြစ်နေခြင်းတို့ကြောင့် တံတားပြန်လည်တည်ဆောက်နိုင်သည်အထိ သွားလာမှုများ ခက်ခဲနေဦးမည်ဖြစ်ပြီး စက်လှေသမားများလည်း အဆင်ပြေ နေကြဦးမည်ဖြစ်ကြောင်း သိရသည်။

(၀၄၁)

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပင်လောင်း၌ကျင်းပ




**ပင်လောင်း အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ရဒေသ ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးနှင့် မြို့နယ်ပညာရေးမှူး ဦးပေါ်လာတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှူး ဦးထွန်းလင်းက စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာကြည့်တိုက်များ စဉ်ဆက်မပြတ်တိုးတက်ရှင်သန်ခိုင်မာရေး၊ စာကြည့်တိုက်များတွင် စာဖတ်သူများ တိုးပွားလာစေရေး၊ စာစုနှင့် အထောက်အကူပြုပစ္စည်းများ တိုးပွားလာရေး၊ စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်မှု နည်းစနစ်များ စသည့်အကြောင်းအရာများကို အမေးအဖြေကဏ္ဍများဖြင့် ဆရာ ဆရာမ ၃၀ တို့က ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသက်မွေးပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုသင်တန်းဖွင့်

**တောင်တွင်းကြီး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အသက်မွေးပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပြုသင်တန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ အောက်တိုဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းက အမှာစကားပြောကြားခဲ့ပြီး အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ The Academy for skills and Knowledge(ASK)သင်တန်းကျောင်းတည်ထောင်သူ မြန်မာနိုင်ငံ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်း (MPTA)၏ ဒုတိယဥက္ကဋ္ဌ ဦးအေးချမ်းကိုကိုက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၆ ဦး တက်ရောက်ပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(၀၈၅)

# တောင်သာမြို့နယ် သံဘိုကျေးရွာ၌ စီပိုးတွေ့ရှိသူများနေ မြန်မာအသည်းဖောင်ဒေးရှင်းမှ ကာကွယ်ဆေးများထိုးပေး

**တောင်သာ အောက်တိုဘာ ၂၄**

တောင်သာမြို့နယ် ကျောဇီတိုက်နယ်ဆေးရုံရှိ ဆင်ဖြူကျေးရွာအုပ်စု သံဘိုကျေးရွာမှ ဒေသခံပြည်သူများအား အသည်းရောင်အသားဝါ ရောဂါပိုးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၂ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မြန်မာအသည်းဖောင်ဒေးရှင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါက်တာ ယုယုမေ ဦးဆောင်သော တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီဝင်များ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် မြန်မာအသည်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ မြင်းခြံခရိုင်နှင့် တောင်သာမြို့နယ်မှ တာဝန်ရှိသူများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တောင်သာမြို့နယ် ကျောဇီတိုက်နယ်ဆေးရုံ၌ လူနာအချို့အား ခွဲစိတ်မှုများပြုလုပ်စဉ် အသည်းရောင်အသားဝါစီပိုး တွေ့ရှိသည့် လူနာများရှိခဲ့၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် သံဘိုကျေးရွာရှိ ကျေးရွာသူ ကျေးရွာသား ၅၀၂ ဦးအား စစ်ဆေးခဲ့ရာ စီပိုး ၂၀၈ ဦး တွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် တရားမဝင် ဆေးကုသပေးနေသူများရှိနေပြီး ဆေးထိုးရာတွင် ပြွန်မလဲဘဲ အပ်သာလဲ၍ထိုးနေကြောင်း၊ ပြွန်အတွင်း ကပ်ကျန်နေသော သွေးမှတစ်ဆင့် ကူးစက်ခြင်းဖြစ်နိုင်ကြောင်း တာဝန်ရှိသူကသုံးသပ်ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသခံများအား ရောဂါကူးစက်ပုံနှင့် ကာကွယ်နည်းများကို အသိပညာပေးဟောပြောခဲ့ပြီး ကုသမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

## မှုခင်းသတင်းတိုများ

### ကျွန်းတံခါးများသယ်ဆောင်လာသော ယာဉ်တစ်စီးဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ် ဖြူးတိုးဂိတ်အနီး၌ တရားမဝင် ကျွန်းတံခါးရွက်များ သယ်ဆောင်လာသောမော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၀ ရက်က ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်သစ်သတင်းအရ ဖြူးမြို့နယ် သစ်တောရုံးမှ တောအုပ်ကြီး ဦးမိုးကျော်သူနှင့် သစ်တောလုံခြုံရေးရဲ တပ်ကြပ်ကြီး သိန်းနိုင်ထွန်းတို့ ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ယာဉ်အမှတ် BGO 3N/----- မှ လူနှစ်ဦးမှာ တံခါးဖွင့်ထွက်ပြေးသွားပြီး ယာဉ်ကို စစ်ဆေးရှာဖွေရာ တရားမဝင် ကျွန်းတံခါးရွက် ၁၁၂ ရွက်(အလေးချိန် ၁ ဒသမ ၃၀၀၈ တန်)ကို ယာဉ်နှင့်အတူဖမ်းဆီးရမိခဲ့၍အမှုဖွင့်ထားပြီး ထွက်ပြေးသွားသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

### လိုင်စင်မဲ့အမဲသားများလက်ဝယ်ထားရှိသူအားအရေးယူ

တောင်တွင်းကြီးမြို့နယ်၌ တောအတွင်းရပ်ထားသည့် ကားတစ်စီးကို ရှာဖွေခဲ့ရာမှ တရားမဝင် အမဲသားများကို အောက်တိုဘာ ၂၁ ရက်ကဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်အသားများ သယ်ဆောင်နေကြောင်းသတင်းအရ တောင်တွင်းကြီးမြို့နယ် စည်ပင်သာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးဇော်လင်းနိုင်ဦးစီးသော စည်ပင်ဝန်ထမ်းများနှင့် တောင်တွင်းကြီး မြို့မရဲစခန်းမှ ရဲအုပ်ထွန်းအောင်ကျော်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ပန်းတောငယ်ကျေးရွာ အရှေ့ဘက်ရှိတောထဲတွင်သွားရောက်ဖမ်းဆီးစဉ်ရပ်ထားသော လိုက်ထရပ်ယာဉ်ပေါ်မှ အလေးချိန် ပိဿာ ၂၅၀ ခန့်ရှိ တရားမဝင် အမဲသားများ တင်ဆောင်ထားသည်ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ အဆိုပါယာဉ်ပိုင်ရှင်မှာ တောင်တွင်းကြီးမြို့နေ ဦးစိန်ကြိုင် (၅၀ နှစ်) ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား တောင်တွင်းကြီးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် သရက်ကုန်းကျေးရွာ၌ မူးယစ်ဆေးဝါး ကျပ်သိန်း ၄၀ ကျော်ဖိုးကို ပိုင်ရှင်နှစ်ဦးနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။ ချင်းတွင်း (၂) မူးယစ်ဆေးဝါးစစ်ဆင်ရေး စီမံချက်အရ ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်ဖြိုးဝေလင်းနှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သရက်ကုန်းကျေးရွာနေ စိုးသူဆိုသူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှဘိန်းဖြူအလေးချိန် ၄၀ ဒသမ ၀၉ ဂရမ်(တန်ဖိုး ကျပ်သိန်း ၄၀ ခန့်)ကိုဖမ်းမိခဲ့ပြီး စိုးသူ၏ ထွက်ဆိုချက်အရ အဆိုပါဘိန်းဖြူများကိုတစ်ရွာတည်းနေ ထွန်းကြည်ထံမှ ဝယ်ယူခဲ့ကြောင်းသိရသဖြင့် ထွန်းကြည်အား ဆက်လက်ဖမ်းဆီးကာ ပင်လည်ဘူးမြို့မရဲစခန်း၌ ဥပဒေအရဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

### နမ္မတီးမြို့၌ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နမ္မတီးမြို့တွင် အောက်တိုဘာ ၂၀ ရက်က ဘိန်းဖြူမှုန့်များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်လာသူတစ်ဦးအား ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ဖွဲ့ဝင်များက လော်ဝေါ်ဘုရားကျောင်းလမ်းပေါ်၌ စောင့်ဆိုင်းရှာဖွေစဉ် ဒေါ်နိုင်ဒိန်ထု(ခ)မထု(၄၃ နှစ်)၏ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက်ကိုးခွက် (စုစုပေါင်းအလေးချိန် ၁၁၇ ဂရမ်)ကို ဖမ်းမိခဲ့ပြီး ဆက်လက်၍ ၎င်းနေထိုင်ရာ မရမ်းကျေးရွာနေအိမ်မှ ၈၈/၁ စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကိုထပ်မံဖမ်းမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်နိုင်ဒိန်ထု(ခ)မထုအား နမ္မတီးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဖျာပုံမြို့မှ သမိုင်းဝင်ဘုရားများနှင့် ဒေသရိုးရာ ရာမဇာတ်တော်ကြီး

**အောင်ဝင်း(ဖျာပုံ)**

ဖျာပုံမြေကိုဖိတ်ခေါ်မယ်-တို့အရပ်ဓလေ့ကွယ်
ထမင်းဈေးရဲ့အလှကိုကွယ်-လိုက်လို့ပို့ပါ့မယ်
ပင်လယ်ရနံ့တွေ သင်းထုံလို့ရယ်-ကားလေးစီး
လို့ကွယ်
ဖျာပုံမြေ ရောက်အောင်လှမ်းခဲ့
ထူးထူးခြားခြားဖော်ရွေလို့သာရယ်-
ညှော့ဝတ်ကျေချင်တယ်...
(မွန်စာဆိုတစ်ဦး)

စာရေးသူသည် ဖျာပုံမြို့တွင် အတည်တကျ အခြေချနေထိုင်လာခဲ့သည်မှာ နှစ် ၄၀ ကျော်ကြာခဲ့ပြီဖြစ်သည်။ ဖျာပုံမြို့သည် ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသဖြင့် ပင်လယ်ရနံ့နှင့်အတူ လေပြေလေညှင်းများ ထိတွေ့ခံစားရသည်။ ဖျာပုံသူ ဖျာပုံသားတို့၏ ရိုးသားမှု၊ ဖော်ရွေခင်မင်မှုတို့ကလည်း ချစ်စဖွယ်ကောင်းလှသည်ဟု ဆိုချင်ပါသည်။ အထက်ပါ လက်ဆင့်ကမ်းသီဆိုလာခဲ့ကြသည့် သီချင်းအပိုဒ်လေးကို ယနေ့အထိ ဖျာပုံမြို့၌ လူတိုင်းပါးစပ်ဖျားမှာ သီဆိုနေကြဆဲဖြစ်သလို လူတိုင်းနားမှာလည်း ကြားယောင်နေဆဲဖြစ်သည်။

ဖျာပုံမြို့ကို မွန်လူမျိုးတို့က ကနဦး အခြေချနေထိုင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ဖျာပုံကို တစ်ချိန်က မွန်တို့အခေါ် "ဖျာပုင်"ဟု အသံထွက်ရပါသည်။ ဖျာမှာ ဈေးဟူ၍ဖြစ်ပြီး ပုင်မှာ ထမင်းဖြစ်သည်။ ထို့ကြောင့် ဖျာပုင်သည် "ထမင်းဈေး" ဟူ၍ အဓိပ္ပာယ်ရပါသည်။



နာဂစ်မုန်တိုင်းအလွန်၌ ဘုရားလာဖူးကြသူများ ပိုများလာသည့် သာစည်ဘုရားကြီး

မြန်မာ့သမိုင်းတွင်ကြည့်ပါက မြန်မာနိုင်ငံ၌ မွန်ရိုးရာယဉ်ကျေးမှုများ ထွန်းကားပျံ့နှံ့ခဲ့သည်ကို တွေ့ရသည်။ မွန်တို့သည် မြို့ရွာများ တည်ဆောက်ကြသကဲ့သို့ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားစေရေးအတွက် ဘုရား၊ ပုထိုး၊ စေတီ အမြောက်အမြား တည်ထားကိုးကွယ်ခဲ့ကြသည်။ ဖျာပုံမြို့တွင်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၄၅၀ ကျော်က မွန်အမျိုးအနွယ်ဖြစ်သည့် ဟံသာဝတီပြည့်ရှင် သုရှင်တကာရွတ်ပိနှင့် မိဖုရားကြီး တလပရော်သမီးတို့ တည်ထားကိုးကွယ်ခဲ့သည့် ကျိုက်ဂမ္ဘမ်ဘွဲ့အမည်ဖြင့် သမိုင်းဝင်စေတီတော်တစ်ဆူ ရှိသည်။ အဓိပ္ပာယ်မှာ ကျိုက်-ဘုရား၊ ဂမ္ဘမ်-အသက်ရှင်သည်ဟု အဓိပ္ပာယ်ရသဖြင့် အသက်ရှိသောဘုရား သို့မဟုတ် သက်လွတ်ချမ်းသာဘုရားဟူ၍ ဖြစ်သည်။

ကျိုက်ဂမ္ဘမ်ဘုရားတွင်ဆုတောင်းမည်ဆိုပါက အသက်ဘေးမှ လွတ်ကင်းချမ်းသာရခြင်း၊ စားရေရိက္ခာ ပြည့်စုံကြခြင်း၊ အခြွေအရံများ လုံလောက်စွာရရှိခြင်း၊ ရောဂါအန္တရာယ်မှစ၍ အတွင်းအပ အန္တရာယ်များ လွတ်မြောက်စေခြင်းနှင့် မိမိတို့လိုရာဆန္ဒကို ထမြောက်အောင်မြင်စွာ ကြံစည်မှုများ ပြည့်စုံစေခြင်း စသည့် ဆုမြတ်ငါးဖြာ ပြည့်စုံစေကြောင်း အစဉ်အဆက် ယုံကြည်မှုရှိခဲ့ကြသည်။

မွန်ဘာသာဖြင့် ကျိုက်-ဘုရားဟူ၍ သိရှိရသည့်အတွက် မြန်မာနိုင်ငံ၏ အရပ်ဒေသအသီးသီးမှ ဘုရားပုထိုးစေတီများ၏ ဘွဲ့အမည်တော်တွင် ကျိုက်ဟူသည့်အခေါ်အဝေါ် သတ်မှတ်ထားပါက ယေဘုယျအားဖြင့် မွန်တို့တည်ထားကိုးကွယ်ခဲ့သည့် ဘုရားများဖြစ်နိုင်ကြောင်းလည်း မှတ်ယူနိုင်မည်ဖြစ်ပေသည်။

ဖျာပုံမြို့သို့ လာရောက်သူများအနေဖြင့် ၁၂၄၉ ခုနှစ်က သာဇီရွာ ယခု ဖျာပုံမြို့(၁၁)ရပ်ကွက်ရှိ ဆုတောင်းပြည့် ပြည်လုံးချမ်းသာ သာစည်ဘုရားကြီးသို့ သွားရောက်ဖူးမြော်စေလိုပါသည်။ သာစည်ဘုရားကြီးကို ဦးညှင်းနှင့်ဦးလူငယ်တို့က ဦးဆောင်ပြီး ရွာသူရွာသားများ စုပေါင်းလုပ်အားဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အပြင်းထန်ဆုံးနှင့် ပျက်စီးမှုအများဆုံး နာဂစ်မုန်တိုင်း တိုက်ခတ်သည့် ညက မဇ္ဈိမဂုဏ်ရည် ဒေါက်တာအရှင်ကောဝိဒ၏ အဓိဋ္ဌာန်အောင်မြင်မှုနှင့်ဖျာပုံမြစ်အတွင်း အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ငါးဖမ်းစက်လှေအသီးသီးတို့မှ ရေလုပ်သားတို့၏ ဆုတောင်းပြည့်ဝပြီး အသက်ဘေးမှ လွတ်ကင်းခဲ့မှုတို့ကြောင့် နာဂစ်အလွန်တွင် လူ့သတင်းလူချင်းဆောင်ဆိုသလို သာစည်ဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညို ဆုတောင်းကြသူ ထူးထူးကဲကဲများပြားလာပြီး နေ့စဉ်မပြတ် စည်ကားလျက်ရှိနေသည်။ တစ်ခေါက်ရောက်ပြီးသူများအနေဖြင့် သာစည်ဘုရားကြီးသို့ အခေါက်ခေါက်အခါခါ ထပ်မံလာရောက်ဖူးမြော်ဆုတောင်းနေကြသည်မှာ ကာယကံရှင်များမှအပ အခြားသူများ သိရှိနိုင်မည်မဟုတ်ပေ။

အဆိုပါ ဖျာပုံမြို့မှ သမိုင်းဝင် ဘုရားများ၊ မွန်တို့တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားများ အများအပြားရှိနေသည့် ဖျာပုံမြို့၌ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၉ ရက်အထိ ကိုးညတိုင်တိုင်ကပြမည့် "ရာမဇာတ်တော်" အကြောင်းကိုလည်း ရေးသားတင်ပြလိုပါသည်။

ဖျာပုံသို့လာရောက်သူများအနေဖြင့် ဘုရားဖူးရင်းနှင့် တစ်ဆက်တည်းတွင် ရာမဇာတ်တော်ကပြပွဲကို လာရောက်ကြည့်ရှုနိုင်ကြသည်။ ဖျာပုံရာမဇာတ်တော်ကို အနာဂတ်ကာလ လူမှုဘဝတည်ဆောက်ကြရာတွင် စံပြုအတုယူဖွယ်ရာအဖြစ် ရေးသားကပြကြသည်။

ရာမဇာတ်တော်သည် မြန်မာနိုင်ငံတွင်သာမက အာရှနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ မလေးရှား၊ လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားတို့တွင်လည်း ထင်ရှားကျော်ကြားသည့် ဂန္ထဝင်ဇာတ်တော်ကြီးတစ်ခုဖြစ်ပြီး ရာမဇာတ်ကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု အနုပညာပုံစံဖြင့် အမြတ်တနိုး အသိအမှတ်ပြုလက်ခံကာ ကပြနေဆဲဖြစ်သည်။

ဖျာပုံရာမဇာတ်တော်ထဲတွင် အဓိကဇာတ်ဆောင်များအဖြစ် ဘိုးတော်၊ ရာမ၊ လက္ခဏ၊ သီတာဒေဝီ၊ ပဿျူးရာမ၊ ဟနုမာန်၊ သုဂြိတ်၊ ဘာလီ၊ ဒသဂီရိ၊ ဘိဘိသန၊ ဂမ္ဘီ စသည်တို့ပါဝင်ကြသည်။ ရာမဇာတ်တော်၌ အဘိုးနှင့်မြေး၊ အစ်ကိုနှင့် ညီ၊ လင်နှင့်မယား၊ မရီးနှင့် မတ်၊ မောင်နှင့်နှမ၊ သားနှင့် အမိ၊ လူနှင့် တိရစ္ဆာန်တို့အကြား ဆက်ဆံရေး၊ လူ တို့သဘာဝအရ ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာအရပ်ရပ်တို့ကို ကဏ္ဍစုံတင်ပြထားသည့်အတွက် လူမှုဘဝတည်ဆောက်ရာတွင် စံပြုအတုယူဖွယ်ရာများ ဖြစ်သည်သာမက မည်သည့်ခေတ်စနစ်တွင်မျှ မရိုးနိုင်သော ရသစုံလင်လှသည့် ဇာတ်တော်ကြီးဟု ဆိုချင်ပါသည်။

သင်ခန်းစာယူဖွယ်ရာ ဇာတ်ဆောင်အချို့၏ စံပြစရိုက်လက္ခဏာများကို လေ့လာတင်ပြရသော် မကောင်းမြစ်တား ကောင်းရာညွှန်း၍ သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း မြေးများအပေါ် အချစ်ပိုသည့် ဘိုးတော်၊ အမျိုးသားကောင်းတို့ ကြန်အင်လက္ခဏာတို့နှင့် ပြီးပြည့်စုံပြီး ဇွဲသတ္တိရှိ၍ ရိုးသားဖြောင့်မတ်သည့် ရာမ၊ အစ်ကိုနှင့်မရီးအပေါ် သစ္စာရှိပြီး တာဝန်သိတတ်သည့်အပြင် တည်ကြည်ရိုးသားလှသည့် လက္ခဏ၊ လင်သားအပေါ် သစ္စာမြဲလျက် အမျိုးသမီးကောင်းတို့၏ ကြန်အင်လက္ခဏာနှင့်ပြည့်စုံပြီး တွေးခေါ်မြော်မြင် စဉ်းစားဆင်ခြင်တတ်သည့် သီတာဒေဝီ၊ မေတ္တာနှင့်သစ္စာတရားကိုမသိ ကိုယ်ချင်းစာတရား မထားတတ်ဘဲ မိမိလိုချင် ဖြစ်ချင်သည်ကိုသာသိသော တစ်ယူသန် အဓမ္မဝါဒီသမား ဒသဂီရိ၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားလျက် အမှန်တရားကို ဦးတည်ဆောင်ရွက်လိုပြီး ကျေးဇူးသိတတ်သော ဘိဘိသန စသည်ဖြင့် ဇာတ်ဆောင်တစ်ဦးချင်းတို့၏ သရုပ်ဆောင်မှုများက ကြည့်သူတို့အား ဆွဲဆောင်နိုင်စွမ်းရှိလှပေသည်။

ဖျာပုံမြို့၌ ဖျာပုံရာမဇာတ်တော်ကို နှစ်စဉ်ကပြခဲ့သည်မှာ ယခုအချိန်တွင် နှစ်ပေါင်းအားဖြင့် ၁၃၈ နှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင်လည်း ဖျာပုံမြို့သမိုင်းဝင် ရွှေနတ်ကူမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ပွဲတော်ကြီး၌ ၁၃၉ ကြိမ်မြောက်အဖြစ် ဖျာပုံရာမဇာတ်တော်ကြီးကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၉ ရက်အထိ (နိုဝင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ)ကိုးရက်ကြာ ကပြမည်ဖြစ်ပါသည်။

အခြားအနယ်နယ်အရပ်ရပ်တို့တွင် တွေ့ရခဲမြင်ရခဲလှသည့် ဖျာပုံမြို့က ရာမဇာတ်တော်ကြီးကို လာရောက်ကြည့်ရှုခံစားရင်း ထူးခြားလေးနက် တန်ခိုးကြီးသည့် ရှေးဟောင်းသမိုင်းဝင်ဘုရားများကိုလည်း ဖူးမြော်ကြည်ညိုနိုင်ကြရန်အတွက် ဖျာပုံရာမဇာတ်တော်ကြီး ကပြမည့်ရက်များအတွင်း ဖျာပုံမြို့သို့ လာရောက်လည်ပတ်နိုင်ကြပါရန် ဖိတ်ခေါ်လိုက်ရပါကြောင်း။ ။


ဖျာပုံမြို့ရာမဇာတ်တော်မှ သီတာဒေဝီနှင့် မတ်တော်လက္ခဏတို့၏ ဇာတ်ဝင်ခန်း

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲနည်း သင်တန်းဆင်း


**သုံးခွ အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၆၂ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNOPS-Lift Fund အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သောလမ်း၊ တံတား၊ ရေရရှိရေးစသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်ကျေးရွာ လူထုကိုယ်တိုင်ပူးပေါင်းဆောင်ရွက်ခြင်းအတွက် VDP ရေးဆွဲနည်းသင်တန်း အမှတ်စဉ်(၁/၂၀၁၇)ကိုဖွင့်လှစ်ပို့ချခဲ့ရာ အဆိုပါသင်တန်းဆင်းပွဲကိုအောက်တိုဘာ ၂၀ ရက်က အဇတ်ဝကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မေနှင်းဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ငြိမ်းချမ်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းတက်ရောက်ခဲ့သော ကျေးရွာများမှ ကိုယ်စားလှယ်များအား တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၇ အုပ်စုကျေးရွာ ၂၅ ရွာမှ ကျေးရွာကိုယ်စားလှယ် ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အစီအစဉ်ရေးဆွဲနည်းများကိုနည်းပြများက လေးရက်ကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ မင်းရပ်ကွက် မိုးကုတ်ဝိပဿနာတိုက်ခွဲအမှတ်(၁၇၈)၊ လှိုင်နံ့သာဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲတူးကန်ကျေးရွာ ခမည်းတော် ဦးချစ်စိန် - မယ်တော် ရွှေဆက်တို့မှ ၁၂၉၃ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း**

၁၃၀၉ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၄) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲတူးကန်ကျေးရွာ တောရကျောင်း ဆရာတော် ဘဒ္ဒန္တသုမနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်နေ့တွင် မြို့သစ်မြို့ မင်းရပ်ကွက် ဓမ္မာ သိဒ္ဓနာရာမကျောင်းတိုက်ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ မြို့သစ်မြို့ လယ်ပြင်ရပ်ကွက် ဦးကျော်ခင် - ဒေါ်ထွေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲတူးကန် ကျေးရွာ တောရကျောင်းဆရာတော်ဘဒ္ဒန္တသုမန၊ မြို့သစ်မြို့ ဓမ္မာသိဒ္ဓနာရာမ ကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာ နန္ဒိသေနာရာမကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိသေန(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ဘဒ္ဒန္တကုမာရ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု) စသော ဆရာတော်များထံတွင် **"သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့"** ရရှိခဲ့သည် အထိ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌတာဝန်ကို လည်းကောင်း၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃာ့ကိုယ်စား လှယ်တာဝန်ကိုလည်းကောင်း၊ တိုင်းသံဃာ့ဝိနိစ္ဆယအဖွဲ့ သဘာပတိတာဝန်ကို လည်းကောင်း၊ တိုင်းဝိနည်းဓိုရ်တာဝန်ကိုလည်းကောင်း စသောတာဝန်အသီးသီး ထမ်းဆောင်ခဲ့ပြီး သာသနာပြုသက်တမ်း ၆၆ နှစ်အတွင်း အခြားဘာသာဝင်တို့အား ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း၊ ဝိပဿနာ တရားစခန်းများဖွင့်လှစ်ခဲ့ခြင်း၊ ဘာသာရေးစာပေများရေးသားခဲ့ခြင်း၊ ပရိယတ္တိ စာပေများ သင်ကြားပို့ချပေးခဲ့ခြင်းစသော သာသနာပြုတာဝန်များကို ထမ်းဆောင် တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော လုံ့လဝီရိယ တို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့ခြင်းကြောင့် သာသနာ့ခုရဝဟဂုဏ် လဇ္ဇီ ပေသလသိက္ခာ ကာမဂုဏ်စသည်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်သည် ၁၃၅၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်သော **"အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘွဲ့"**၊ ၁၃၆၄ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့"**၊ ၁၃၇၆ ခုနှစ် တွင် **"အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့"** တံဆိပ်တော်တို့ကို အလှူခံရရှိတော် မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂) ရက် (၂၁-၁၀-၂၀၁၇) စနေနေ့ နံနက် (၁း၄၅)အချိန်တွင် ဘဝနတ်ထံပျံလွန် တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိ သည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**လဟယ် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၀ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဒေသ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက် ဦးစီးမှူး ဦးခေါင်းပေါ့က မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ရရှိကြသော ကျေးရွာငါးရွာအား တစ်ရွာလျှင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၅၀၀ ကိုလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာကြည့်တိုက်သို့ ဆရာကြီးဇေယျ၏ စာအုပ်များလှူဒါန်း

**ဇီးကုန်း အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံရေးဇိသုကာကြီးဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မိသားစုများ သည် အောက်တိုဘာလတတိယပတ်က ဇီးကုန်းမြို့ မြန်မာ့မျက်ပွင့်စာကြည့်တိုက်သို့ ရောက်ရှိပြီး ဆရာကြီးဇေယျရေးသားခဲ့သော လောကစာဥယျာဉ်(၁)အပါအဝင် စာအုပ်စာတမ်းများ နှင့် အလှူငွေပေးအပ်ခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်၊ ဆရာကြီး၏မြေး ဒေါ်မြမြအေးက ဖခင်ဖြစ်သူ ဆရာကြီးဇေယျအား ဂုဏ်ပြုသောအားဖြင့် အမှတ်တရတည်ဆောက်ဖွင့်လှစ်ခဲ့သော မြန်မာ့မျက်ပွင့်စာကြည့်တိုက်အား မိမိတို့ ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာ့မျက်ပွင့်စာကြည့် တိုက်နာယက ဦးစံမောင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေး အပ်ခဲ့သည်။ ယခုအခါ E.Library မြန်မာ့မျက်ပွင့်စာကြည့်တိုက်တွင် စာအုပ်စာတမ်းပေါင်း ၃၀၀၀ ကျော်နှင့် ကွန်ပျူတာ ၁၂ လုံးတို့ရှိပြီး ခေတ်မီပညာရေး စနစ်နှင့် ရင်းနှီးကျွမ်းဝင်စေရန် ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

## စိုက်ပျိုးရေးနည်းစနစ်ဆွေးနွေးခြင်းနှင့် ခေါင်နှံ့မျိုးပွားစိုက်ခင်းလက်တွေ့သရုပ်ပြ



**သီပေါ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အောက်တိုဘာလတတိယပတ်က ဘော်ကြိုကျေးရွာအုပ်စု ဆားတွင်း (မော်ကေ)ကျေးရွာ တောင်သူလယ်သမား လုံးစိုင်းအောင်ပု၏ လယ်မြေ၌ ခေါင်နှံ့ဖြင့် မျိုးသန့်မျိုးပွား စိုက်ပျိုးထားသော မော်ဘီ(၂) စပါးစိုက်ခင်းဆောင်ရွက်သည့် နည်းပညာများကို တောင်သူများအား ဟောပြောခြင်းနှင့် လက်တွေ့ပြသခြင်း ကွင်းသရုပ်ပြပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက လက်တွေ့သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ် ချက်ကိုပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမိုးကျော် စွာဝင်းက ဘက်စုံနည်းပညာသုံးအဆင့်မြင့် စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆွေးနွေးကာ ခေါင်နှံ့မျိုးပွားစိုက်ခင်း၌ လက်တွေ့ကွင်း ဆင်းပညာပေးပြသခဲ့သည်။ အဆိုပါ ခေါင်နှံ့မျိုးပွားစိုက်ခင်း လက်တွေ့ သရုပ်ပြပွဲသို့ မြို့နယ် ဘော်ကြိုကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၁၀၀ ခန့် တက်ရောက်ကြကာ နည်းပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများအတွက်**

### သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရ နည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လ သင်တန်းများကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်တွင် ဖွင့်လှစ်ပါမည်-

(က) လမ်းခင်းကျွမ်းကျင်မှုသင်တန်း(Road Construction)

(ခ) ပုံဆင်ပုံရိုက်ကျွမ်းကျင်မှုသင်တန်း(Concrete Shuttering)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များ နှင့် ပြည့်စုံရမည်-

(က) မူလတန်းအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၄၀)နှစ် ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ခ) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရမည်-

(က) လျှောက်လွှာမူရင်း(၁)စောင်

(ခ) နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ(၁)စောင်

(ဂ) လိုင်စင်ဓာတ်ပုံ(၃)ပုံ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးမှ ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ပြည်သူ့ ရဲစခန်းမှ ထောက်ခံစာမူရင်း

(င) သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

၄။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်မှစ၍ အောက်ပါနေရာများ တွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(က) အစိုးရ နည်းပညာ အထက်တန်းကျောင်း(နေပြည်တော်) (ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)

(ခ) အစိုးရ နည်းပညာ အထက်တန်းကျောင်း(ရွာမ) (ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)

(ဂ) အစိုးရ နည်းပညာအထက်တန်းကျောင်း(မန္တလေး) (ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

(လျှောက်လွှာများကို၂၆-၁၀-၂၀၁၇ ရက်မှ ၅-၁၁-၂၀၁၇ ရက် အထိ နံနက်၉နာရီမှ ညနေ၄နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီး တွင် ရယူလျှောက်ထားနိုင်ပြီး နောက် ဆုံးလျှောက်ထားရမည့်ရက်မှာ ၅-၁၁-၂၀၁၇ရက် ဖြစ်ပါသည်။ ၆-၁၁-၂၀၁၇ရက်တွင် လူတွေ့ စစ်ဆေးသွားမည်ဖြစ်ပါသည်။)

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး သင်တန်းတစ်ခု လျှင် သင်တန်းသား/သူ ၁၂ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် နေထိုင်ရန်အဆောင် စီစဉ်ပေးမည်ဖြစ်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၄၉-လမ်း၊ အမှတ်(၁၁၃)၊ ၆-လွှာ၊ အကျယ်အဝန်း (၂၅ပေ × ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးအောင်မြင့်ကြည် (၁၂/ဥကတ (နိုင်) ၁၀၅၄၈၆) မှ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိစ္စအား ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှိုင်မြင့် ( LL.B )
တရားလွှတ်တော်ရှေ့နေ (စဉ် – ၅၃၂၆)
အမှတ် – ၅၀၊ အခန်း (B-3)၊ ပထမထပ်၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၅၃၀၄၅၆၆၅။

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် (၁၇)၊ ရှစ်ထပ်တိုက်အဆောက်အအုံ၏ Penthouse (Hall)အခန်း၊ အကျယ်အဝန်း(၂၃ပေ×၄၈ပေ)အား ဒေါ်ခင်သန်းနွဲ့(ပိုင်ဆောက်လုပ်ရေး)က ပိုင်ဆိုင်ထားပြီး ၄င်းမှ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာနွယ်(စဉ်-၃၁၀၇၀)**
**အထက်တန်းရှေ့နေ**
**အမှတ်-၂၆၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၆၇၂၉၆**

---

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန**

### ၀၄/၂၀၁၇-၂၀၁၈ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားရွယ်စုံ (တတိယတန်းနှင့်အထက်) (၄၁၃ ဒသမ ၆၅၆၆)တန်နှင့် တောင်သရက်သစ်ပါးလွှာ(၁၁၀ ဒသမ ၃၄၉၃ CBM)အား အမေရိကန်ဒေါ်လာ(US $)ဖြင့် အိတ်ဖွင့်တင်ဒါ လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၉-၁၁-၂၀၁၇ရက် နံနက် ၁၀နာရီ

(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ တို့တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် (၂၆၀၂/၂၀၁၁) တွင်ချမှတ်ခဲ့သော (၆-၉-၂၀၁၆)ရက်စွဲပါ သဘောတူ ပြေငြိမ်းဒီကရီအရ အောက်စာရင်းပါ မြေနှင့်အိမ်အား အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြသည့် ကွယ်လွန်သူဇနီးမောင်နှံ (ဦးသိန်းထွန်း-ဒေါ်ဝါဝါမွန်)တို့၏အမွေခံများဖြစ်ကြသော ဦးအုန်းမြင့် ၁၄/ဟသတ(နိုင်)၀၁၆၅၂၁နှင့် ဦးအေးသန်းထွန်း ၁၂/ဒဂန(နိုင်)၀၂၆၃၅၈အပါအဝင် ၄င်း၏သားသမီးများထံမှ ယင်းမြေနှင့်အိမ်ကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေများက စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/ဂျီ၊မြေကွက်အမှတ် (၉၃/အို)/၂ ၊ ဧရိယာ သုည ဒသမ ၀၇၈ ဧက အကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၅-ခ)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု လိပ်စာခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

| | | |
|---|---|---|
| **(ဦးမျိုးဟန်)** | **(ဒေါ်ခင်အေးနွဲ့)** | **(ဒေါ်တင်တင်ဌေး)** |
| **(စဉ်-၁၇၅၁)** | **(စဉ်-၆၇၁၁)** | **(စဉ်-၈၂၉၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**(ရုံးခန်း)-အမှတ် ၁၉၆(ပထပ်)၊ ၃၃လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၈၄၉၁**


MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
ရွှေစကား
၁မိနစ် ၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/2246 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/2368၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၅၈၂၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထွန်း ၁၄/ဟသတ(နိုင်)၀၀၀၂၃၈က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/6140 Honda Inspire UA 4 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးချစ်လှိုင် S/DGNMTT-၀၀၀၃၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ၁၃-၁၀-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ အထက်တန်းရှေ့နေ ဦးရဲလင်းနိုင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်အပေါ် ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ မဟူရာလမ်း၊ အမှတ်(၂၀၆)ဟု ခေါ်တွင်သော ဧရိယာပေ(၂၀×၆၀)ရှိ ခြေရင်းဘက်ခြမ်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရေ/မီးစုံ တစ်ထပ်တိုက်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းပိုင်ဆိုင်သည်ဟု အဆိုပြုထားသူ ဒေါ်သီတာကျော် ၁၂/ဥကမ(နိုင်)၀၂၂၃၆သည် အမှန်တကယ်မှာ ၎င်းတစ်ဦးတည်း ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ အမွေပုံခွဲခြမ်းစိတ်ဖြာခြင်း မရှိသေးပါကြောင်းနှင့် ဒေါ်သီတာကျော်၏ အစ်မဖြစ်သူ ဒေါ်မြင့်မြင့်အေး(ကွယ်လွန်)၏သား မောင်ကောင်းထက် ၁၂/ဥကမ(နိုင်)၂၀၃၅၈၇ (ဘ) ဦးလှဦးနှင့် သက်ဆိုင်နေပါသဖြင့် ကျွန်တော် မောင်ကောင်းထက် မသိရှိဘဲ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား တစ်ဆင့် လွှဲပြောင်းရောင်းချပိုင်ခွင့် မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**မောင်ကောင်းထက်**
**၁၂/ဥကမ(နိုင်)၂၀၃၅၈၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ပြေဦး LL.B**
**အထက်တန်းရှေ့နေ**
**စဉ်-၂၉၄၈၉**
**ဖုန်း-၀၉-၂၆၁၇၆၀၁၄၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းလွင် (၁၄/ပသန(နိုင်)၀၁၃၇၁၄) ၏သားဖြစ်သူ မောင်ဇင်ညီအောင် (၁၄/ပသန(နိုင်)၁၆၅၄၁၇) သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **ဦးထွန်းလွင် (၁၄/ပသန(နိုင်)၀၁၃၇၁၄)**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်သင်းသီတာကျော် ၁၄/ပသန(နိုင်)၂၁၄၂၂၇ နှင့် ဦးရဲဝင့်မောင်မောင် ၇/ညလပ(နိုင်)၁၀၇၁၇၂ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၃-၁-၂၀၁၇ ရက်ကပင် ပြင်ဦးလွင်မြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးပါကြောင်း။

**ဒေါ်သင်းသီတာကျော် ၁၄/ပသန(နိုင်)၂၁၄၂၂၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/6933 Toyota PixisTruck S 2014C, Pickup (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/မနတ(နိုင်)၀၉၄၇၀၅က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅၊ ၁၀)များမှ မြေခွန်ပြေစာများဖြင့် ပုံစံ(၁၀၅/၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်-

| စဉ် | အမည်၊ မှတ်ပုံတင်အမှတ် | အကွက်အမှတ် | ဦးပိုင် | ဧရိယာ(ဧက) | ရပ်ကွက် |
|---|---|---|---|---|---|
| ၁။ | ဒေါ်လွှမ်းနန်း ၉/မကန(နိုင်)၀၇၁၈၃၁ | ၇၄/မြို့ဝမ်ရပ် | ၉၀ | ၀.၀၆၄ | ၁၀/၃ |
| ၂။ | ဦးအိုက်ဆိုင် ၁၃/လရန(နိုင်)၀၉၅၉၄၂ | ငါးပါးသီလ စာသင်ကျောင်း | ၆၈၄/ခ | ၀.၈၃၄ | ၅/၁၅ |

**လားရှိုးခရိုင်ထွေ/အုပ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၁၀)အတွင်းရှိ အကွက်အမှတ် ၃/ဂ-ဘူတာရုံကွက်၊ ဦးပိုင်အမှတ် ၂၈/မြေဧရိယာ ၀ဒသမ၁၁၇ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၈၀၈-V/၂၀၁၆-၂၀၁၇(A) ဒေါ်ခင်မျိုးရီအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်၏ အရှေ့ဘက်ခြမ်းရှိ ဦးပိုင်(၂၈-A)၊ ၀ ဒသမ ၀၆၁ဧကအား တူဖြစ်သူ ဦးကျော်မြင့်သို့ လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃၀-၅-၂၀၁၇ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၅၄I/၂၀၁၇ ဖြင့် မေတ္တာဖြင့်ပေးကမ်းပြီး ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင်ထွေ/အုပ်သို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။

**လားရှိုးခရိုင်ထွေ/အုပ်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်၊ အကွက်(၁၅၁)နေ ဦးသက်နိုင်ဝင့် ၉/မနမ(နိုင်)၁၁၁၆၄၆-ဒေါ်နွယ်နွယ်ဝင်း(ခ)ဒေါ်ရှမ်းမ ၉/မနမ(နိုင်)၁၁၂၄၉၀တို့၏သား မောင်ဝေယံမင်းခန့် ၉/အမဇ(နိုင်)၀၆၄၄၄၈သည် ကျောင်းပညာသင်ယူရမည့်အချိန်တွင် မိဘတို့၏ ပြောဆို၊ ဆုံးမမှုအား နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် ကျွန်ုပ်တို့နှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မိဘ**
**ဦးသက်နိုင်ဝင့်-ဒေါ်နွယ်နွယ်ဝင်း**

## Aung Kabar Car Showroom မန်နေဂျာ ဦးသောင်းကျော် သိစေရန် ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူ ၂၂ လမ်း၊ အမှတ် ၈၅၃ နေ ဒေါ်စောကလျာဦး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်စောကလျာဦးသည် ၁၂-၁၀-၂၀၁၆ ရက်တွင် တောင်ဥက္ကလာ စက်မှုဇုန်၊ စက်မှု (၁)လမ်း၊ အမှတ် ၆၇ ၌ ဖွင့်လှစ်ထားသည့် Aung Kabar Car Showroom တွင် Showroom မန်နေဂျာ ဦးသောင်းကျော် (PZDG-006616) ရောင်းချသည့် MAZDA RX8 အမျိုးအစား၊ ယာဉ်အမှတ် 7E/1328 ယာဉ်အား စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။ ထိုသို့ ဝယ်ယူရာတွင် Aung Kabar Car Showroom မှ ပိုင်ရှင်၏သားဟု သိရသူ ဦးဇင်ဘိုထွန်း ၁၂/ပဇတ(နိုင်) ၀၃၈၉၉၉မှလည်း စာချုပ်တွင် ရောင်းချသူဘက်မှ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ပြီး ဝယ်ယူသူဘက်မှ ပေးသည့်ချက်လက်မှတ်ကို လက်ခံရယူသွားခဲ့ပါသည်။ စာချုပ်တွင် ရောင်းချသူဘက်မှ အပေါင်အနှံ၊ အချုပ်အချယ်လုံးဝကင်းရှင်းကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဝယ်ယူသူတွင် နစ်နာဆုံးရှုံးမှု လုံးဝမရှိစေရဘဲ ရောင်းချသူကမိမိစရိတ်နှင့် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် အချိန်မရွေး ကားပိုင်ရှင်အမည် လွှဲပြောင်းပေးရန်ကိုလည်း တာဝန်ယူဆောင်ရွက်ပေးမည်ဟု ရောင်းချသူဘက်မှ ကတိပြုခဲ့ပါသည်။

ဒေါ်စောကလျာဦးသည် ၂၃-၃-၂၀၁၇ ရက်တွင် MAZDA(7E/1328) ယာဉ်အား ရန်ကုန် ကညနရုံးတွင် လိုင်စင်သက်တမ်းတိုးဆောင်ရွက်ခဲ့ရာ ရန်ကုန်ကညနရုံးမှ 7E/1328 ယာဉ်မှာ မူလကညနရုံးမှ ထုတ်ပေးထားသည့် အခြားကားမှ ချက်စီနံပါတ်ကို ဒေါ်စောကလျာဦးအား ရောင်းချလိုက်သည့်ယာဉ်တွင် ဂဟေဆော်၍ ကပ်ထားသော ဖြတ်ဖောက်ဆက်ကားဖြစ်၍ လိုင်စင်သက်တမ်းတိုးခွင့်မပြုဘဲ ယာဉ်ပိုင်ဆိုင်မှုစာအုပ်အား သိမ်းယူထားလိုက်ပါသည်။

Aung Kabar Car Showroom မန်နေဂျာဦးသောင်းကျော်မှ တရားဝင်မဟုတ်သော မှန်ကန်မှုမရှိသောကားအား ဒေါ်စောကလျာဦးအား အမှန်အကန်ဖြစ်လေသယောင်ပြောဆိုပြီး ရောင်းချခဲ့သည်ကို ဒေါ်စောကလျာဦးမှ ယုံကြည်၍ ဝယ်ယူခဲ့ခြင်းဖြစ်၍ ကညနရုံးမှ ယာဉ်ပိုင်ဆိုင်မှုစာအုပ်အား သိမ်းဆည်းခံရပြီး၊ လိုင်စင်သက်တမ်းတိုးခွင့်မရသဖြင့် ဒေါ်စောကလျာဦးတွင် ဆုံးရှုံးနစ်နာမှုများဖြစ်ခဲ့၍ Aung Kabar Car Showroom မန်နေဂျာ ဦးသောင်းကျော်ထံ ဖြေရှင်းပေးရန် အကြောင်းကြားစာ လေးကြိမ်တိုင်တိုင်ပို့၍ တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခဲ့ခြင်းမရှိခဲ့ပါ။

Aung Kabar Car Showroom မန်နေဂျာ ဦးသောင်းကျော်အနေနှင့် မိမိရောင်းချခဲ့သည့်ယာဉ်ကြောင့် ဆုံးရှုံးနစ်နာခဲ့သည့် ဒေါ်စောကလျာဦး၏ ဆုံးရှုံးနစ်နာမှုများအတွက် သတင်းစာတွင် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ပြေလည်အောင်ဖြေရှင်းပေးပါရန် အကြောင်း ကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စောကလျာဦး**
**၁၂/ဗဟန(နိုင်)၀၀၀၆၀၁**

**ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမြင့်**
**အထက်တန်းရှေ့နေ-၇၅၂၆**
**အမှတ် ၁၁၁/၇ လမ်း၊ (၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ဖုန်း-၀၉-၄၄၈၀၀၂၁၅၁**

## သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ (Support Group for Elderly Doctors) သို့ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လှူဒါန်းသော အလှူရှင်စာရင်း

| | |
|---|---|
| **လစဉ်အလှူရှင်များ** | |
| ၁။ Dr. ဒေါ်ခင်ခင်ရီ (Shine Hope Co.,ltd. ) | ၆၀၀,၀၀၀ ကျပ် |
| ၂။ Dr. ဦးအောင်ကျော်ဝင်း + Dr. ဒေါ်သက်သက်ခိုင် (ရွှေနန်းတော်ရွှေဆိုင်) | ၅၀၀,၀၀၀ ကျပ် |
| ၃။ Prof. ဒေါ်မိုးမိုးတင် | ၁၀၀,၀၀၀ ကျပ် |
| ၄။ Dr. ဦးခင်မောင်လွင် + Dr. ဒေါ်ခင်ခင်ဌေး (FAME Pharmaceuticals မိသားစု) | ၁,၀၀၀,၀၀၀ ကျပ် |
| **ယခုလအတွင်းအလှူရှင်များ** | |
| ၁။ 1982,1983,1984 Batch MC- II | ၆၀၀,၀၀၀ ကျပ် |
| ၂။ ကျပ်(၂)သိန်းအလှူရှင်များ - Dr.ဒေါ်မမရီ ၊ဦးမောင်မောင်ကြိုင်+Dr. ဒေါ်လှမြင့် | ၄၀၀,၀၀၀ ကျပ် |
| ၃။ ကျပ်(၁)သိန်းအလှူရှင်များ - Dr.ဦးလေးမောင် ၊Dr.ဒေါ်ရှုမွန် | ၂၀၀,၀၀၀ ကျပ် |
| ၄။ ကျပ်(၃)သောင်းနှင့်(၃)သောင်းအောက်အလှူငွေစုစုပေါင်း | ၄၀,၀၀၀ ကျပ် |
| ၅။ Donor Member Club သက်တမ်းတိုးသူ (၄) ဦး စုစုပေါင်းလှူဒါန်းငွေ | ၁၅၀,၀၀၀ ကျပ် |
| စုစုပေါင်းတန်ဖိုးငွေ | ၃,၅၉၀,၀၀၀ ကျပ် |

Donor Club Member များ တစ်နှစ်ပြည့်၍ သက်တမ်းတိုးလိုသူများ တယ်လီဖုန်းဖြင့်အကြောင်းကြားပါက အိမ်တိုင်ရာရောက် လာရောက်ကောက်ခံပေးနေပါပြီ။ **အလှူရှင်များအားလုံးကို SGED အလုပ်အမှုဆောင်အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။**

ဆက်သွယ်ရန် ➧ အလှူငွေများကို SGED office (MMA) - အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် (သို့) Day Care Centre - အမှတ်(၁၄ အေ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်
ဖုန်း - ၀၁-၃၉၄၂၂၉၊ ၀၉-၇၃၀၂၈၁၈၆၊ ၀၁-၈၆၀၃၅၁၃၆၊ FAMEဆေးဝါးစက်ရုံဖုန်း - ၀၁-၆၈၅၆၀၉ သို့ လှူဒါန်းနိုင်ပါသည်။

SGED သို့ လစဉ်လှူဒါန်းထားသော အလှူရှင်စာရင်းကို လစဉ်၂၅ ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုနိုင်ပါသည်။




## Vacancy Announcement

**Advanced Synergy Co.,Ltd**

Email Address – info@synergygn.com
Contact Phone – 01-2301124, 2301125, 2301977

**1.Marketing Manager (Brand Leader)** M/F ( 3 )

Requirements
- M.B.B.S , B.Med.Tech , B.Pharm.Sc , B.B.M
- Minimum 3 years experience in medical and pharmaceutical field.
- Leadership skills, Management skills, Marketing management skills, Analytical skills.

**2.Medical Sales Representative** M/F ( 6 )

Requirements
- B.Pharm.Sc , B.Med.Tech , B.Com , B.B.M , B.Sc (I.C)
- Minimum 2 years experience in medical and pharmaceutical field.
- Deliver presentation to doctors,pharmacist and hospital medical teams.

**3. Office Executive** M/F ( 1 )

Requirements
- B.A (English)
- Commercial and business awareness
- Excellent communication skills
- Computer and I.T knowledge

Interested Candidates may send their C.V to above e-mail address.

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ(၉)လမ်း ၊ တိုက်အမှတ် (၁၀၀၂/က) ၊ အခန်း-ဒုတိယထပ်(၃လွှာ)၊ အကျယ်အဝန်း (၁၈ပေ× ၅၄ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေစင်ပိုင် (၁၂/ဥကတ(နိုင်)၁၄၁၈၉၉) ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၊ မြေကွက်အမှတ် ၂၅၀/ခ၊ မြေကွက်တည်နေရာအမှတ် ၂၅၀/ခ၊ အနော်ရထာလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာ ဦးချစ်စိန် ၁၂/ကမတ(နိုင်)၀၂၀၄၄၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးချစ်စိန်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဒေါ်ခင်စန်းကြည် (တရားရိုး) ကိုယ်စားအရောင်းအဝယ်စာချုပ်ချုပ်ပေးရန် တရားရုံး ဘီလစ် ဒေါ်အေးငြိမ်းခိုင် ၁၂/မရက(နိုင်)၁၄၃၇၃၉မှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၆၀-၂၀၁၇ ဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု၏ ၅-၄-၂၀၁၇ ရက်စွဲပါစီရင်ချက်အမိန့်၊ တရားမဇာရီမှုအမှတ် ၅၂-၂၀၁၇ ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့် ၁၃-၆-၂၀၁၇ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျ အပြီးသတ်အမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၅၁၆)၊ မြေကွက်တည်နေရာအမှတ်(၁၅၁၆)၊ (၉၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးမောင်မောင်နိုင်)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်နိုင်ထံမှ မေတ္တာဖြင့်ပေးကမ်းစာချုပ်ဖြင့် ရရှိသူဒေါ်လှလှမြင့် ၁၃/တကန(နိုင်)၀၂၄၅၃၆မှ မြေချပါ မစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ဦးစီးအရာရှိရှေ့မှောက်၌ မြေချပါမစ်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ မြေပါမစ်မူရင်းကို အခြားသူများအား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံအဖြစ်တင်သွင်းခြင်းမရှိပါကြောင်းနှင့် မြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျမ်းကျိန်လွှာ ၁၈၇၆၊ ၁၇(၂၄-၃-၂၀၁၇) ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်၊ဦးမောင်မောင်နိုင်မှ ၇-၉-၁၉၉၄ရက်စွဲဖြင့် ဒေါ်လှလှမြင့်သို့ မေတ္တာဖြင့် ပေးကမ်းခြင်းကတိစာချုပ်၊ ဦးမောင်မောင်နိုင်၏ သေစာရင်းတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားခဲ့ရာဌာနမှ ကွင်းဆင်းစိစစ်ရာတွင် ဆောက်လုပ်ဆဲ(RC) အဆောက်အအုံတစ်လုံးရှိပါသည်။ ကွင်းဆင်းစဉ် သော့ဖွင့်ပြပါသည်။ သို့ဖြစ်ပါ၍ဒေါ်လှလှမြင့်၏ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/တောင်၊ မြေကွက်အမှတ် ၁၅၀/ခ၊ မြေကွက်တည်နေရာအမှတ်(၁၅၀/ခ)၊ မေတ္တာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်(ပါမစ်မြေ)အမည်ပေါက် ဦးညွန့်တင် ဖြစ်ပြီး(ဖခင်) ဦးညွန့်တင်သည် ၆-၅-၂၀၀၇ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်နှင်းစိန်သည် ၁၅-၈-၁၉၉၅ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော(၁)ဒေါ်သန်းဌေး ၁၂/မဂဒ(နိုင်)၀၀၇၆၀၈၊ (၂)ဒေါ်အေးသန်း ၁၂/သဃက(နိုင်)၀၂၈၀၃၁တို့မှ ဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူရှေ့မှောက်၌ လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ (၅-၁၁၉၉/ ၁၈-၅-၂၀၁၇)၊ သေစာရင်းနှင့် သေဆုံးကြောင်း ထောက်ခံချက်များ၊ ပါမစ်မူရင်း(မပြည့်စုံ)ဓာတ်ပုံနှင့်မြေရာဇဝင် အကျဉ်းချုပ်တို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ဧရိယာ (၂၀'×၆၀')တွင် တစ်ထပ်ခွဲ/ ပျဉ်ထောင်အိမ်ရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကိုင်းကျေးရွာအထက(ခွဲ)ကိုင်း နဝမတန်း (A)မှမောင်ထွန်းဝေအောင်၊ စတုတ္ထတန်းမှ မောင်ချစ်မောင်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်တင့် ၈/မမန(နိုင်)၀၆၁၅၆၀ ဖြစ်ပါကြောင်း။ **ဦးခင်မောင်တင့်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8180 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

# နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဆင့်အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေး အတွက် ကြိုတင်ပြင်ဆင်သည့် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ

*စာမျက်နှာ ၅ ကော်လံ ၁* ✻




နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပစဉ် (သတင်းစဉ်)

# နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲပြုလုပ်၊ ပြည်သူထောင်ချီတက်ရောက်




ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

**ရန်ကုန် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (တတိယအကြိမ်မြောက်) ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆုတောင်းပွဲ အခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပရာ ဘာသာပေါင်းစုံမှ ပြည်သူ ထောင်ချီတက်ရောက်၍ ဆုတောင်းမေတ္တာပို့သကြသည်။

ယနေ့ ညနေ ၆ နာရီတွင် ဘာသာပေါင်းစုံမှ အမျိုးသမီးကိုယ်စားလှယ်များက ငြိမ်းချမ်းရေး ဖယောင်းတိုင်ထွန်းညှိ၍

*စာမျက်နှာ ၆ ကော်လံ ၁* ✻

ယနေ့ မာတိကာ

ဒီနေ့ ဆွေးနွေးပွဲကတော့ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ နှစ်နိုင်ငံပြဿနာတွေကို အလေးထားပြီး ဆွေးနွေးခဲ့ပါတယ် စာမျက်နှာ » ၆

ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး/ထွက်ချန်ပီယံ ဘယ်သူလဲ စာမျက်နှာ » ၁၃

ပြန်လည်ပြင်ဆင် ဖွဲ့စည်းထားသော တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသစ်၌ ရှီကျင့်ဖျင် ရွေးချယ်ခံရ စာမျက်နှာ » ၁၄

“ရင်ဘတ်ထဲက ဓား” ဇာတ်ကားအပေါ် သုံးသပ်လိုက်ကြသူများ စာမျက်နှာ » ၁၈

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၁၂ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၀၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၂ | ၂/ ၈၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ဆင်ရတနာအနီး၊ယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်

မြန်မာ့အလင်း


ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊

# ရန်ကုန်မြို့မှ နာမည်ကျော် ဗားကရာချောက်ကြီး

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



**ယနေ့ဗားကရာလမ်းမကြီးကိုနှိမ့်၍ မဖောက်လုပ်မီ ရင်ပြင်နှင့် လမ်းမကြီးတို့ တစ်ပြေးတည်းရှိနေစဉ် မူလသံတန်ဆောင်းမုခ်ဦးတော်ကြီး၊ ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ယွန်းပြာသာဒ်သုံးစုံပါ တိုင်လုံးကြီးတန်ဆောင်း၊ ဘုံကိုးဆင့်သိမ်တော်ကြီး၊ ရှေးခေတ်မော်တော်ကားပါဝင်သော ခရစ်နှစ် (၁၉၂၆- ခုနှစ်)က ကိုးထပ်ကြီးဘုရားမြင်ကွင်း**

ရန်ကုန်မြို့တွင် ကားလမ်းပေါ်မှ ရထားလမ်းဖြတ်ကျော်သွားသည့် နေရာမှာ တစ်ခုတည်းသာရှိသည်။ ကြည့်မြင်တိုင်နယ်မြေနှင့် စမ်းချောင်းနယ်မြေထိစပ်ရာ အလယ်ရှိ ဗားကရာချောက်ကြီးပင် ဖြစ်သည်။

ဗားကရာချောက်ကြီးမှာ မူလကတည်းကရှိသော ချောက်ကြီးတစ်ခုဖြစ်သည်။ လူတို့မှ ဖန်တီးတူးဖော်ထားသော ချောက် မဟုတ်ပေ။ လိုအပ်ချက်အရ ဖြည့်ဆည်းပုံဖော်မှုအပိုင်းသာ ရှိခဲ့သည်။ ကြည့်မြင်တိုင်နယ်မြေသည် မူလကတည်းက လျှိုမြောင်၊ စမ်းချောင်း၊ ချောက်တို့ရှိခဲ့သည်။

ချောက်ကြီးပေါ်မှ ရထားလမ်းဖြတ်ကျော်တည်ဆောက်မှုမှာ ဆရာ မောင်မြတ်မွန်(ဆူးလေ)၏ "ရွှေတိုင်ကောက်ကြောင်း" မှတ်တမ်းအရ ၁၈၆၉ ခုနှစ် ရန်ကုန်-ပြည်ရထားလမ်းဖောက်ခြင်းမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရထားလမ်းပိုင်းဖြစ်သည်။ ရထားလမ်းပိုင်းအရှည် ၁၆၁ မိုင် ရှိသည်ဟု သိရသည်။

မှတ်တမ်းအရ The Irrawaddy Valley State Railway Co. ကို ကန်ထရိုက်ပေး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်ဂျင်နီယာနှစ်ဦးမှာ Hume နှင့် Innis တို့ဖြစ်သည်။ ထို့ကြောင့် ရထားလမ်းအနီးတွင် ၎င်းတို့၏ အမည်ဖြင့် မှည့်ခေါ်ထားသော ဟုမ်းလမ်းနှင့် အင်းနစ်ဟူ၍ရှိခဲ့သည်။ ယခုအခါ ထိုလမ်းနှစ်လမ်းကိုပေါင်း၍ မြန်မာအမည်ဖြင့် ပန်းလှိုင်ဟု ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။

ယင်းရထားလမ်းဖောက်လုပ်ရာ လမ်းတစ်လျှောက်၌ အခက်အခဲဆုံးမှာ မွန်ဘာသာဖြင့် "ဘာ့က်ရ်"ဟု ခေါ်သည့် ဗားကရာ ချောက်ကြီးပင်ဖြစ်သည်။

ရထားလမ်းအောက်မှ ကားလမ်းဖောက်ရာတွင်လည်း အဓိကပြဿနာမှာ ထူထပ်စွာပေါက်နေသည့် ခရာဆူးချုံပင်များကို ရှင်းလင်းရခြင်းနှင့် မြစ်ရေတိုးဝင်မှုပင် ဖြစ်သည်။ လှိုင်မြစ်နှင့်နီးသည့်အတွက် ရေဝင်၊ ရေထွက်ထိန်းရာတွင် ချောက်ကမ်းနှစ်ဖက်အား နံရံထိန်း Retainaing Wall မှာ ခိုင်ခံ့စွာ တည်ဆောက်ရသကဲ့သို့ ရေဆင်းအတွက် ကားလမ်း အောက်မှ လိုဏ်ဖောက်ရခြင်းပင်ဖြစ်သည်။

တစ်ဖန်ကားလမ်းဖောက်ခြင်းအား ဓာတ်ပုံမှတ်တမ်းတင် တစ်ခုဖြင့် သက်သေပြုရသော်.. စမ်းချောင်းမြို့နယ် အတုလာ မိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားမှ ရှေးဟောင်းဓာတ်ပုံ မှတ်တမ်းတစ်ပုံအရ ချောက်တစ်ဖက် ဘုရားရှေ့ကားလမ်း ဟောင်းနှင့် ဘုရားရင်ပြင်မှာ တစ်သားတည်း တစ်ညီတည်းဖြစ်သည်ကို တွေ့မြင်ခဲ့ရခြင်းပင်ဖြစ်သည်။ ဓာတ်ပုံမှတ်တမ်းတွင် ရေးထိုးထားသည့် ခုနှစ် အရ ၁၉၂၆ ခုနှစ်ဖြစ်သည်။ ထို့ကြောင့် ချောက်လေးဖက်လေးတန် ကားလမ်းဖောက်ခြင်းမှာ ထိုခုနှစ် နောက်ပိုင်းကာလကပင်ဟု မှတ်ယူရမည်ဖြစ်သည်။

ရေဝင်၊ ရေထွက် တွက်ချက်မှုတွင် လှိုင်မြစ်ရေအတက်အကျကိုချိန်၍ ကားလမ်းအောက်တွင် လိုဏ်(မြောင်း)ကို ဖောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ စာရေးသူ၏အဘိုး ဆလရ (ဆောက်လုပ်ရေး)၏ အဆိုအရ လှိုင်မြစ်ဘက်အခြမ်း လိုဏ်ခေါင်းအဝ၌ ဖွင့်ပိတ်ကြရသော သံတံခါးကြီးတစ်ခု ရှိသည်ဟု ဆိုခဲ့ဖူးသည်။

ဗားကရာချောက်မှ ကမ်းနားလမ်းဘက်သို့ သွားရာလမ်းမီးပွိုင့်အနီး ကားလမ်းမအလယ်တွင် ချောက်အတွင်းသို့ ဆင်းနိုင်သည့် အပေါက်တစ်ခုရှိသည်။ သံလှေကားတစ်ခုတပ်ဆင်ထားသည်။ လွန်ခဲ့သော နှစ်နှစ် (၂၀၁၅) ခုနှစ်က အခါအခွင့်ကြုံ၍ စာရေးသူကိုယ်တိုင် ယင်းအပေါက်မှ ချောက်အတွင်းသို့ ဆင်းခဲ့ဖူးသည်။ သံလှေကားလုံးဝမရှိတော့သဖြင့် ဝါးလှေကားလေးဖြင့် ဆင်းခဲ့ကြရသည်။

စာရေးသူဆင်းကြည့်သည့်အချိန်၌ မတ်တတ်ရပ် လက်တစ်ဆန့်တွင် အပေါ်နံရံကို ထိမိသည့်အနေအထားဖြစ်သည်။ ရေစုကန်အတွင်း၌ အမှိုက်များ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ သို့မဟုတ်ပါက ယခုထက်နက်ရှိုင်းမည့်အနေအထားတွင် ရှိသည်။ အတွင်းပိုင်း၌ ကားလမ်း၏ လေးဖက်ဘေးတန် မြောင်းငယ်အသီးသီးမှ စီးဝင်လာမည့်ရေများကို စုစည်းထားနိုင်သော ရေစုကန်ရှိသည်။ စည်ပင်မှ လမ်းတံတားအင်ဂျင်နီယာတစ်ဦး၏ ပြောပြချက်အရ ရေစုကန်မှာ အကျယ် ၁၀ ပေ၊ ရှစ်ပေရှိပြီး အနက်မှာ ခြောက်ပေရှိသည်ဟု သိရသည်။ ရေစုကန်ရေပြည့်မှသာ လိုဏ်ခေါင်းအတိုင်း ကမ်းနားဘက်သို့ ဆင်းသွားခြင်းဖြစ်သည်။

လိုဏ်ခေါင်းအရှည်မှာ ကမ်းနားလှိုင်မြစ်ဝအထိ ပေ ၁၂၀၀ အရှည်ရှိပြီး အဝအကျယ်မှာ ငါးပေကျော်ရှိ သည်ဟု ဆိုသည်။

လိုဏ်ခေါင်းအား အင်္ဂလိပ်လက်ထက်က တည်ဆောက်မှုအတိုင်း အုတ်များဖြင့် ပိုက်လုံးသဏ္ဍာန် တည်ဆောက်ထားခြင်းဖြစ်သည်ကို တွေ့ရသည်။

စမ်းချောင်းဘက်မှလာသော လိုဏ်ကို "ဂ" ငယ်သဏ္ဍာန် အုတ်ဖြင့် စီထားသည်။ ကားလမ်းအပေါ်မှ ရေဆင်းပေါက်တို့မှာ အုန်းလက်သဏ္ဍာန်ရှိပြီး ယခုမီးပွိုင့်ထောင့်မှ အပေါက်လေးပေါက်မှာ ကလေးတစ်ယောက်ငုံ့၍ဝင်နိုင်သော အကျယ်အဝန်းဖြစ်သည်။ ရပ်ကွက်မှ ကလေးများ ဘောလုံးကစားရာမှ ယင်းလိုဏ်အတွင်းသို့ ဘောလုံးကျရောက်သွားသည့်အခါ ထိုအပေါက်မှ ဆင်းကောက်လေ့ရှိသည်ကို မှတ်မိသည်။

ယခုအခါ ခေတ်ကာလကြာပြီဖြစ်၍ အပေါက်မှာ ကျဉ်းမြောင်းသွားပြီဖြစ်သည်။ ထို့အပြင် ကမ်းနားလမ်းနှင့် ဗားကရာလမ်းဆုံ ရာ လက်ဝဲဘက်ထောင့်၊ ယခုလက်ဖက်ရည်ဆိုင်အနီးတွင် လိုဏ်အတွင်းသို့ ဆင်းနိုင်သည်။ ခြောက်ပေပတ်လည်အပေါက် တစ်ခုရှိသည်ဟု ယင်းအင်ဂျင်နီယာပြောပြ၍ သိရသည်။

ယခုလက်ရှိ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းကပင် "ကျွန်တော်တို့ ငယ်ငယ်ကလည်း ဒီချောက်ထဲကို ဆင်းခဲ့ရဖူးတယ်။ သံလှေကားလေးရှိတယ်။ တည်ဆောက်ထားတဲ့ခုနှစ် သက္ကရာဇ်ကို သံကြွပ်ပြားနဲ့လောင်းပြီး ကပ်ထားတာရှိတယ်။ အခုအဲဒါတွေမရှိတော့ဘူးလို့တော့ ကြားတယ်"ဟု တွေ့ဆုံစဉ်က အမှတ်တရပြောပြဖူးခဲ့သည်။

တစ်ဖန်ရထားလမ်းနှင့်ယှဉ်၍ ဓာတ်ရထားလမ်းတစ်ခုကို အင်္ဂလိပ်လက်ထက်ကပင် ချောက်ပေါ်မှ ဖြတ်သန်း၍ တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ဗားကရာချောက်အပေါ်၌ ရထား

အချပ်ပို (ယ) သို့

**ခေတ်တစ်ခေတ်၏ သမိုင်းအမွေအနှစ်အဖြစ်ရှိနေဆဲဖြစ်သော ဗားကရာချောက်ကြီးအား သက်ဆိုင်ရာဌာနများတင်မက အနီးပတ်ဝန်းကျင် ရပ်ကွက်ဒေသခံပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့**



# ရန်ကုန်မီးပွိုင့်များအား ဖြတ်သန်းခြင်း


ဓာတ်ပုံ-ကေဇင်

စစ်တွေလေဆိပ်မှ လေယာဉ်ပေါ်တက်ခါနီး ရန်ကုန်ရှိဇနီးသည်ထံ ဖုန်းဆက်လိုက်သည်။ စစ်တွေမြို့က ပြန်လာပြီ၊ ဇနီးသည်ကလည်း ရုံးဆင်းပြီး အိမ်ပြန်တော့မည်တဲ့။ နာရီကြည့်လိုက်တော့ ညနေ ၄ နာရီ မိနစ် ၃၀ ကျော်၊ ရုံးဆင်းချိန်တောင်ရောက်နေပြီကိုး...ဟု တွေးရင်း လေယာဉ်ပေါ် တက်လိုက်သည်။

လေယာဉ်ပေါ်ရောက်ပြီး မကြာမီလေကြောင်း ခရီးစတင်လေသည်။ လေယာဉ်စီးရင်း ရန်ကုန်မြို့အကြောင်း တွေးနေမိသည်။ ရန်ကုန်မြို့က စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ စီးပွားရေးမြို့တော်အသွင် ပီပြင်စွာပြောင်းလဲခဲ့ပြီဖြစ်သည်။ စက်မှုဇုန်များ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကြောင့် အခြေခံလူတန်းစားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေးစွမ်းသည့် အားထားစရာမြို့တစ်မြို့ဖြစ်လာသည်။

ရန်ကုန်မြို့ပြသို့ ပညာရေးအတွက်၊ အလုပ်အကိုင်အတွက် ဘဝအနာဂတ်တိုးတက်ရာတိုးတက်ကြောင်းအတွက် တစ်နိုင်ငံလုံးမှ လူငယ်များ၊ မိသားစုများပြောင်းရွှေ့လာသဖြင့် ရန်ကုန်မြို့လူဦးရေသည် ၅ ဒသမ ၂ သန်းကျော်ရှိလာသည်။ နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာနေကြသည့် ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘတ်စ်ကားအစီးရေပေါင်း ၄၀၀၀ ခန့်ဖြင့် နေ့စဉ်ပြေးဆွဲပေးနေသည်ဖြစ်ရာ ရန်ကုန်မြို့ကားလမ်းများပေါ်တွင် အသစ်စက်စက်ဝိုင်ဘီအက်စ် ကားသစ်ကြီးများ ပြေးဆွဲနေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။



ရန်ကုန်မြို့၌ အဓိကကားလမ်းပိတ်ဆို့မှုဖြစ်ပွားရာတွင် မီးပွိုင့်များ၌ အများဆုံးဖြစ်နေသည်။ အဓိကလမ်းမကြီးများဖြစ်သည့် ရန်ကုန်-အင်းစိန်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဦးချစ်မောင်လမ်းစသည့်လမ်းများပေါ်တွင် မီးပွိုင့်ရှိသည့် နေရာများ၌ ကားများစီတန်း ပိတ်ဆို့နေခြင်းကနေ့စဉ်နှင့်အမျှ ဖြစ်နေသည်။ ယခင်က မနက်ပိုင်း ရုံးသွားချိန်၊ ရုံးဆင်းချိန်၊ ကျောင်းလွှတ်ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုများသော်လည်း ယခုနောက်ပိုင်း နေ့လယ်ပိုင်းအချိန်များတွင်လည်း မီးပွိုင့်များတွင် ယာဉ်ကြောပိတ်ဆို့မှုက ဆိုးဆိုးရွားရွားဖြစ်ပေါ်နေခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် မီးပွိုင့်ပေါင်း ၁၅၄ ခုရှိရာ ဗဟိုထိန်းချုပ်ရေးစင်တာမှ အလိုအလျောက် ထိန်းချုပ်နိုင်ရေးဆောင်ရွက်နေကြောင်း သိရသည်။ မူလက မျှော်မှန်းထားသည်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အလိုအလျောက်ထိန်းချုပ်ရေးစင်တာ ပြီးစီးမည်ဟု ဆိုခဲ့သော်လည်း လိုအပ်ချက်များကြောင့် မပြီးစီးနိုင်။ ကနဦးအနေဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်လေးမြို့နယ်အတွင်းရှိသော ၁ မီးပွိုင့် ၃၂ ပွိုင့်ကို ကနဦး စမ်းသပ်ကြည့်ခဲ့ရာ ထိန်းချုပ်ရေးစင်တာဖြင့်ဆောင်ရွက်ခြင်းသည် အောင်မြင်မှုရှိကြောင်း တွေ့ခဲ့ရသဖြင့် ရန်ကုန်မြို့နေ ပြည်သူများ ဝမ်းသာခဲ့ကြရသည်။

ဗဟိုထိန်းချုပ်ရေးစင်တာပြီးစီးပါက မီးပွိုင့်များတွင် ယာဉ်ကြောပိတ်ဆို့မှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင် မည်ဖြစ်ရာ အမြန်ဆုံး ပြီးစီးနိုင်ရေး ဆုတောင်းနေရသည်။ ရန်ကုန်မီးပွိုင့်များသည် အလှည့်ကျယာဉ်ကြောလွှတ်ပေးခြင်းစနစ်ဖြစ်ရာ ယာဉ်မတော်တဆဖြစ်ပွားမှု၊ ယာဉ်တိုက်မှုအန္တရာယ်များ နည်းပါးသွားသည်မှန်သော်လည်း ယာဉ်များ ပိတ်ဆို့မှုက လျော့မသွားခဲ့။ မီးပွိုင့်အဝင်တွင် ယာဉ်လမ်းကြောင်းတောင်ကာ တစ်ဖက်ယာဉ်ကြောမှ ကားများ ဖြတ်ဝင်မှုများကလည်း ရှိနေဆဲဖြစ်ရာ မီးပွိုင့်များတွင် ကားအစီးရေ အနည်းငယ်သာ ဖြတ်သန်းနိုင်နေသည်ကိုလည်း တွေ့နေရဆဲဖြစ်သည်။

ရန်ကုန်-အင်းစိန်ကားလမ်းသည် ရန်ကုန်မြို့တွင် ကားအစီးရေ အများဆုံးဖြတ်သန်းမောင်းနှင်ရာ လမ်းမကြီးတစ်လမ်းအဖြစ် တည်ရှိနေခဲ့သည်မှာ ယခင်အချိန်များမှသည် ယခုအထိပင်ဖြစ်သည်။ အင်းစိန်မှ ရန်ကုန်မြို့ထဲသို့ ဘတ်စ်ကားဖြင့်လာလျှင် သမိုင်းလမ်းမှ မြေနီကုန်းအထိ နှစ်နာရီခန့် အချိန်ကုန်လေသည်။ သမိုင်းလမ်းဆုံပြီး ဘုရားလမ်းမီးပွိုင့်များကို ဖြတ်ကျော်ရသည့်အပြင် ဖြတ်လမ်းများမှ ကားများ ဝင်ထွက်မှုတွေကလည်း ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်ပေါ်၍ ကားများ ပိတ်ဆို့နေတော့သည်။

လှည်းတန်းမီးပွိုင့်ဝန်းကျင်တွင် လူစည်ကားရာနေရာဖြစ်သဖြင့် ဝိုင်ဘီအက်စ် ဘတ်စ်ကားများက မီးပွိုင့်စိမ်းနေသော်လည်း လွတ်အောင်မမောင်းဘဲ နောက်ထပ်မီးနီတစ်ပွိုင့်ထပ်အမိခံကာ ခရီးသည်များကို ခေါ်တင်နေသည်မှာလည်း ပြန်လည်တွေ့မြင်နေရပြန်သည်။

ကမ္ဘာအေးဘုရားလမ်းတွင်လည်း ထို့အတူပင်။ ရှစ်မိုင်လမ်းဆုံမီးပွိုင့်က ခုံးကျော် တံတားကြောင့် ယာဉ်ကြောပိတ်ဆို့မှုနည်းပါးသွားပြီဖြစ်သည်။ သို့သော် တံတားလေး လမ်းဝဘက်မှလာသော ကားများအတွက် မီးပွိုင့်က တစ်ခါတစ်ရံ အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်စေပြန်သည်။ ယခင်က ချော်တွင်းကုန်းမီးပွိုင့်မှာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှုကြောင့် ကားများပိတ်ဆို့မှုဖြစ်ခဲ့သော်လည်း ယခု

**အချပ်ပို (ဃ) သို့**

အချပ်ပို (ဃ) သို့

## စက်ရုံအလုပ်သမားတို့ လူနေမှုဘဝပြောင်းလဲစေသည့် ရွှေလင်ပန်းလုပ်သားအိမ်ရာမှ အလုပ်သမားတို့၏ ပီတိပြုံးပန်းများ


မောင်သင်းပျံ့

မြန်မာပြည်တွင် ပထမဦးစွာ စက်ရုံလုပ်သားများအိမ်ရာကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်ကြီးတွင် နိုင်ငံတော်မှ တည်ဆောက်ပေးနိုင်ခဲ့ရာ ယခုအခါ စက်ရုံလုပ်သားများမှာ အိမ်ငှားနေ၍ စက်ရုံဆင်းရသည့် လူနေမှုအခြေအနေမှ စက်ရုံဆင်းလျှင် မိမိတိုက်ခန်းအိမ်ရာသို့ စိတ်လက်ပေါ့ပါးစွာဖြင့် နေထိုင်မှုအဆင့်မြင့်စွာ အနားယူနေထိုင်နိုင်ပြီဖြစ်၍ စက်ရုံလုပ်သားတို့၏ မျက်ဝန်း၌ အပြုံးပန်းတို့ဖြင့် ဝေဆာလျက်ရှိသည်။

စက်မှုဇုန်များ၌ လုပ်သားအင်အားအများဆုံးတည်ရှိရာ လှိုင်သာယာစက်မှုဇုန်တွင် ရွှေလင်ပန်းစက်မှုဇုန်သည် ဧရိယာဧက ၁၁၀၀ ကျော် ကျယ်ဝန်းပြီး စက်ရုံပေါင်း ၄၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိသည်။ မက္ခရာမင်းသားကြီးလမ်းနှင့် ကျန်စစ်သားလမ်းမကြီးကြား မူကြိုဂိတ်လမ်းဆုံအနီးတွင် တည်ဆောက်ထားသည့် ရွှေလင်ပန်းလုပ်သားအိမ်ရာမှာ လှပသောဆေးရောင်ခြယ်ပမှုဖြင့် အဆင့်မြင့်အိမ်ရာပုံစံ တည်ဆောက်ထားသည်ကို တွေ့မြင်ရလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၌ စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိရာ ရွှေလင်ပန်းစက်မှုဇုန်တွင် လုပ်သားအိမ်ရာကို ဦးစွာတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ တိုက် ၂၆ လုံးတည်ဆောက်ထားပြီး တိုက်တစ်လုံးတွင် ငါးလွှာဖြင့် တစ်လွှာလျှင် အခန်းပေါင်း ၆၀ ပါရှိသည်။ အခန်းပေါင်း ၉၃၆၀ တည်ဆောက်ထားသည့်အတွက်

အချပ်ပို (ဂ) သို့

# ရန်ကုန်မြို့မှ

# အနေးယာဉ်လုပ်သားတို့ နားခိုရာ မျှော်လင့်အိမ်



သန်းထိုက်(လှိုင်သာယာ)

ဓာတ်ပုံ - သန်းစိုး



ဦးထွန်းထွန်းဝင်း
အနေးယာဉ်ဂိတ်မှူး

မဟာ ရန်ကုန်မြို့၏ ရုံးဖွင့်ရက်များ၌ ရန်ကုန်မြို့တွင်းသည် စည်ကားနေတတ်သည်။ မြို့တွင်းသို့ လာရောက်သူများနှင့် မြို့ပြ၏သမိုင်းဝင်အဆောက်အအုံများ၊ စေတီများနှင့်လူနေမှုဘဝပုံရိပ်တို့ကို လေ့လာသော နိုင်ငံခြားသားခရီးသွားတို့ဖြင့် မဟာရန်ကုန်မြို့တွင်းသည် စည်စည်ကားကားရှိသည်။ ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းလမ်းမကြီး၏ လူကူးခုံးကျော်တံတား အနီးတွင်ရှိသည့် ပန်းဆိုးတန်းဆိပ်ကမ်း အနေးယာဉ်ဂိတ်မှ ဆိုက်ကားများမှာ တစ်ဖက်ကမ်းမှ ဆိုက်ကပ်လာသော ကူးတို့သင်္ဘောမှ ခရီးသွားများ ဆက်လက်သွားလိုရာသို့ ပို့ဆောင်ပေးရန် တန်းစီစောင့်ဆိုင်းကြလျက်ရှိသည်။ ကမ်းနားလမ်းတစ်လျှောက်နှင့် ရန်ကုန်မြို့တွင်း အနေးယာဉ်အများဆုံးဂိတ်ထိုးရာနေရာသည် ဤပန်းဆိုးတန်းဆိပ်ကမ်းကူးတို့ဆိပ်သာ ဖြစ်သည်။

ထိုအနေးယာဉ် ဆိုက်ကားဂိတ်လေးမှာ နှစ်များစွာ သက်တမ်းရှိပြီးဖြစ်သည်။ သန်စွမ်းပျို့ရွယ်ချိန်မှ သက်ကြီးရွယ်အို ယနေ့ထိဆိုက်ကားနင်း၍ မိသားစုဘဝကိုရုန်းကန်နေရသူများလည်း ရှိသည်။ ဒလဆိပ်ကမ်းမှ ကူးတို့ရေယာဉ်ဆိုက်ကပ်လာသည့်အတွက် ခရီးသည်ခေါ်ဆိုသံတို့ဖြင့် ပန်းဆိုးတန်း ဆိပ်ကမ်းသည် ပြန်လည်စည်ကားလျက်ရှိသည်။ ထိုဂိတ်တွင် အနေးယာဉ် အစီး ၅၀ ကျော်ရှိသည်။ ရန်ကုန်မြို့ပေါ်နှင့်အနီးမြို့နယ်များမှ အနေးယာဉ်လုပ်သားများ လာရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ညနေပိုင်းတွင်ဆိုက်ကားအပ်ခဲ့ကာ နံနက် ၅ နာရီတွင် ပြန်ထုတ်၍ ပန်းဆိုးတန်းဆိပ်ကမ်းတွင် တစ်နေ့တာဝင်ငွေကို ရှာဖွေကြလျက်ရှိသည်။

ပန်းဆိုးတန်း အနေးယာဉ်ဂိတ်တွင် နှစ် ၃၀ ခန့် ဆိုက်ကားပြေးဆွဲလျက်ရှိသော ဂိတ်မှူး ဦးထွန်းထွန်းဝင်းက အနေးယာဉ်လုပ်သားအသီးသီးတို့၌ရှိနေကြသည့် ဆန္ဒတစ်ခုကို ဤသို့ ပြောကြားခဲ့သည်။

"ဒီဂိတ်က ဟိုနား ဒီနားဂိတ်ရွှေ့တာပဲရှိတာ၊ အနှစ် ၅၀ ကျော်ရှိပြီ။ ပန်းဆိုးတန်းအနေးယာဉ်ဂိတ်လို့ပဲခေါ်တယ်။ လူ ၅၀ မှာ ၃၀ ရာခိုင်နှုန်းက အိမ်ရှိတယ်။ ၆၀ ရာခိုင်နှုန်းက အိမ်ငှားနေကြပြီး ၁၀ ရာခိုင်နှုန်းက ဒီနားလေးမှာပဲ ဆိုက်ကားနင်းရင်း အဆင်ပြေသလို နေထိုင်ကြတယ်။ အိမ်ငှားခ ငွေကျပ်ငါးသောင်းကနေ တစ်သိန်းကျော် ပေးကြရတယ်။ ဂိတ်သားတွေက ကိုယ့်အိမ်ကိုယ်ရာနဲ့နေချင်ကြပေမယ့် ငွေကြေးမတတ်နိုင်လို့ အိမ်ငှားနေရင်းဘဝကို ဖြတ်သန်းရတာပါတယ်။ ဂိတ်သားတစ်ယောက်ရဲ့ နောက်မှာ မိသားစုတွေရှိတယ်။ ကျောင်းသားတွေလည်း ရှိကြတယ်။ အပိုစုဆောင်းငွေဆိုတာမရှိကြဘူး။ ဒီနေ့ရတဲ့ငွေ ညဆိုရင်ကုန်ပြီ။ မနက်ဖြန် ဂိတ်ကိုလာဖို့ လမ်းစရိတ်ပဲ ကျန်တယ်။ အိမ်ငှားစရိတ်ကို တစ်နေ့ဘယ်လောက်ဆိုပြီး သီးသန့်စုတာပဲရှိတယ်။ အိမ်ပိုင်တစ်လုံးရဖို့ အနေးယာဉ်လုပ်သားတွေ တစ်နေ့ဘယ်လောက်ဆိုပြီး စုဆောင်းပေးနိုင်ရင်အဆင်ပြေနိုင်ပါတယ်။ ကျွန်တော်တို့လုပ်လို့တော့မရဘူး။ အနေးယာဉ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဒါမှမဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ကြပ်မတ်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့တွေ ငွေသွင်းရတာ အဆင်ပြေမှာပါ။ ဒါကြောင့် အနေးယာဉ်လုပ်သားတွေရဲ့ ကိုယ်ပိုင်အိမ်ရာလေးရရှိဖို့ဆိုရင် ဝိုင်းဝန်းကူညီကြပ်မတ်ပေးဖို့တော့ လိုပါလိမ့်မယ်။ ရန်ကုန်မြို့မှာက နေရေးထိုင်ရေး အရေးကြီးဆုံးပဲ။ နေ့စဉ်ရှာလို့ရတဲ့ဝင်ငွေဟာ လစဉ် အိမ်ငှားခနဲ့ပဲလည်နေတော့ ကျွန်တော်တို့ဘဝတွေ တိုးတက်မှုတစ်ခု ရှိလာအောင် အခုလိုအချိန်မျိုးမှာ မြင်တွေ့ချင်ဆုံးပါပဲ"ဟု ဂိတ်မှူး ဦးထွန်းထွန်းဝင်းက အနေးယာဉ်များပေါ်တွင်ထိုင်၍ ခရီးသည်များကို စောင့်ဆိုင်းနေသည့် အနေးယာဉ်လုပ်သားတို့ကို တစ်ချက်ဝေ့ကြည့်၍ ပြောသည်။

ဤဂိတ်တွင် ပန်းဆိုးတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ဒဂုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ကမာရွတ်၊ လှော်ကား၊ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်တို့မှ အနေးယာဉ်လုပ်သားများ လာရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ဆိုက်ကားကို ညပိုင်းတွင် ငွေကျပ် ၃၀၀ ဖြင့် အပ်ခဲ့ကာ နံနက်တွင် ဂိတ်ဝင်ပြေးဆွဲကြခြင်းဖြစ်သည်။ လိုင်စင်အနေးယာဉ် ၄၀ ကျော်ရှိပြီး လိုင်စင်မဲ့ အနည်းငယ်လည်းရှိသည်။

ပန်းဆိုးတန်းအနေးယာဉ်ဂိတ်မှ အနေးယာဉ်လုပ်သားကြီး ဦးမြင့်ထွန်းကလည်း ၎င်းတွင်မိသားစု ငါးဦးရှိပြီး သဃ်န်းကျွန်းတွင် တစ်လ ငွေကျပ်တစ်သိန်းနှစ်သောင်းဖြင့် မိသားစုအိမ်ငှားနေထိုင်သည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း၊ အနေးယာဉ်နင်း၍ရသောငွေကို အိမ်ငှားခစပေါ် ချေးငွေအတွက် တစ်လတစ်ကြိမ်ပေးနိုင်ရန် စုဆောင်းထားရကြောင်း၊ သားသမီးများ တက္ကသိုလ်တက်ရောက်နိုင်ချိန်တွင် မိသားစုကိုယ်ပိုင် အိမ်ရာလေးဖြင့် နေထိုင်နိုင်ပါက အိမ်ငှားခဝန်ပေါ့သွားပြီဖြစ်၍ လိုအပ်သော ပညာရေးအတွက် ကုန်ကျငွေကို ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဤအနေးယာဉ်ဂိတ်မှ လုပ်သားများ ကိုယ်ပိုင်အိမ်ရာလေးများ လိုအပ်နေသည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အိမ်ပိုင်ယာပိုင်မရှိသော အနေးယာဉ်လုပ်သားများအတွက် တန်ဖိုးသင့်သောအိမ်ရာများ ဆောင်ရွက်ပေးနိုင်ပါက အနေးယာဉ်လုပ်သားတို့၏ မိသားစုဘဝ အဆင်ပြေစေ၍ ပြောင်းလဲတိုးတက်မှု၏ပီတိကို ခံစားရရှိစေမည်ဖြစ်ကြောင်း ဦးမြင့်ထွန်းက မိသားစုဘဝ၏ပုံရိပ်တချို့ကို ရှင်းပြသည်။

အနေးယာဉ်လုပ်သားတို့၏တစ်နေ့တာဝင်ငွေဖြင့် တန်ဖိုးသင့်အိမ်ခန်းများရရှိနိုင်ပါက နိုင်ငံသားတို့၏အိမ်ရာလိုအပ်ချက်တွင် အနေးယာဉ်လုပ်သားများ၏ လိုအပ်ချက်တစ်ခုကို ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်။ လိုင်စင်ဂိတ်ဖြစ်သည့်အတွက် တစ်နှစ်လျှင်လိုင်စင်ကြေး ငွေကျပ်ငါးထောင်သာပေးဆောင်ရပြီး လိုင်စင်ဆိုက်ကားတစ်စီးလျှင် ငွေကျပ်ခြောက်သိန်း၊ ခုနစ်သိန်းရှိ၍ အုံနာခအတွက် တစ်နေ့ငွေကျပ် တစ်ထောင်ပေးရသည်။ ကိုယ်ပိုင်အနေးယာဉ်မရှိသူများက ငှား၍နင်းရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ထံ အခွန်ဆောင်၍ ပြေးဆွဲလျက်ရှိသော အနေးယာဉ်လုပ်သားတို့ဘဝပြောင်းလဲတိုးတက်စေရန် ဦးစွာခြေလှမ်းတစ်ရပ်အနေဖြင့် မိသားစုကိုယ်ပိုင်အိမ်ရာ လိုအပ်လျက်ရှိနေပါသည်။ မှီခိုနေသော မိသားစု၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝကိုလည်း ပြေလည်စေမည်သာဖြစ်သည်။

ပန်းဆိုးတန်းဆိပ်ကမ်း အနေးယာဉ်ဂိတ်မှ မြို့နယ်ခြောက်မြို့နယ်သို့ ပြေးဆွဲလျက်ရှိသည်။ ဗိုလ်တထောင်၊ လမ်းမတော်၊ ဆိပ်ကမ်းသာ၊ ကျောက်တံတား၊ ပန်းပဲတန်း၊ လသာမြို့နယ်တို့တွင် ပြေးဆွဲရန်ခွင့်ပြုထားပြီး မဝင်ရသောနယ်မြေများလည်း သတ်မှတ်ပေးထားပါသည်။ ရန်ကုန်မြို့တွင်းသွားလာရေး လွယ်ကူစေရန် အနေးယာဉ်၏ ပုံစံပြောင်းလဲမှုလည်း လိုအပ်လျက်ရှိနေပါသည်။ ခြေဖြင့်နင်းရသောအနေးယာဉ်မှ မြန်ဆန်လွယ်ကူသော အနေးယာဉ်များ အစားထိုးပြေးဆွဲနိုင်ခြင်းဖြင့် အနေးယာဉ်လုပ်သားတို့၏ဘဝဝင်ငွေတိုးတက်ပြောင်းလဲမှုကို ရရှိစေမည့်အပြင် မြို့တွင်းအနေးယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးစေမည်ဖြစ်သည်။ ဤအနေးယာဉ်ဂိတ်မှ လုပ်သားတို့နည်းတူကျန်ရှိနေသော ရန်ကုန်မြို့မှ အနေးယာဉ်လုပ်သားတို့၏ရင်တွင်း၌လည်း ဆန္ဒတစ်ခုအနေဖြင့် နားခိုရာအိမ်ရာတစ်ခုစီပိုင်ဆိုင်လိုသော မျှော်လင့်စိတ်က ရစ်ပတ်နှောင်ဖွဲ့လျက်ရှိနေမည်သာဖြစ်ပါကြောင်း။ ။

---

အချပ်ပို (ခ) မှ

စက်ရုံလုပ်သား ၉၀၀၀ ကျော်မှာ အိမ်ငှားဘဝမှ ကင်းဝေး၍ မိမိတို့၏ အသားတင်ဝင်ငွေ လစဉ်ဆုံးရှုံးမှု ကင်းဝေးသွားကြပြီဖြစ်သည်။ ဤစက်မှုဇုန်၏ လုပ်သားအင်အား ၁၁၈၁၃၉ ဦးတွင် ၁၀၈၇၇၉ ဦး၏ စက်မှုဇုန်အိမ်ရာ အပြည့်အဝမရရှိနိုင်သေးသော်လည်း အလုပ်သမား ၉၀၀၀ ကျော်အတွက် နေထိုင်မှုပဏာမ အဆင်ပြေစေသည်မှာ မုဒိတာပွားရမည်သာ ဖြစ်သည်။

ရွှေလင်ပန်းလုပ်သားအိမ်ရာတွင် ဈေး၊ အားကစားကွင်း၊ ကလေးကစားကွင်းနှင့် ခန်းမ၊ အိမ်ရာကော်မတီရုံး တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အိမ်ရာတိုက်အချို့တွင် လျှပ်စစ်မီးရရှိပါက လုပ်သား ၉၀၀၀ ကျော်အားလုံး နေထိုင်နိုင်ပြီဖြစ်သည်။

"နိုင်ငံတကာမှာ လုပ်သားအိမ်ရာဆိုတာ ရှိတယ်။ ဒီက စက်ရုံအလုပ်သမားတွေကတော့ အဆင်ပြေသလို နေထိုင်ကြရတာ။ အခုလုပ်သားအိမ်ရာကို အခက်အခဲတွေကြားထဲက တည်ဆောက်နိုင်ခဲ့တာပါ။ နိုင်ငံတော်ရဲ့ဖော်ဆောင်မှုဆိုရင်လည်း မမှားပါဘူး။ တည်ဆောက်မှုအတွက် စက်ရုံအလုပ်ရှင်၊ အလုပ်သမားတွေကို ဦးစွာမဲနှိုက်ပြီး ကြိုတင်ငွေနဲ့ ကန်ထရိုက်တွေကို အရစ်ကျပေးချေပြီး တည်ဆောက်နိုင်ခဲ့တာပါ။ တိုက်တစ်လုံးကို ငွေကျပ်သိန်းလေးထောင်တန်ပါတယ်။ ကန်ထရိုက်အနေနဲ့ တစ်လုံးကို ငွေကျပ်သိန်း ၁၅၀၀ နဲ့ပေးခဲ့ပါတယ်။ အားလုံးတိုက် ၂၆ လုံး တည်ဆောက်ခဲ့တာပါ။ တစ်သက်မှာ တစ်ခါပဲရတဲ့ ပရောဂျက်ကို အလုပ်သမားတွေ အခွင့်အရေး မဆုံးရှုံးအောင် စက်ရုံအလုပ်ရှင်တွေ စိုက်ထည့်ထားတဲ့ငွေနဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ အပြင်လူနေထိုင်လို့မရပါဘူး။ အလုပ်သမားကိုပဲ အရစ်ကျရောင်းသည်ဖြစ်စေ၊ ငှားရမ်းသည်ဖြစ်စေ၊အခမဲ့ပေးသည်ဖြစ်စေ စက်ရုံအလုပ်ရှင်ရဲ့ဆန္ဒသဘောအတိုင်းပါပဲ။ အလုပ်သမားခြောက်ဦးကနေ ရှစ်ဦးထိ နေလို့ရတယ်။

အခန်းတစ်ခန်းကို ပေ ၂၀ ပတ်လည်ဆိုတော့ ခုတင်ရှစ်လုံး နေလို့ရတယ်။ အဲကွန်းတပ်ပြီး အလုပ်သမားတွေနေကြပါပြီ။ လျှပ်စစ်မီးမရသေးတဲ့ တိုက်ခန်းတွေပဲ အလုပ်သမားတွေမနေသေးတာပါ။ အိမ်ရာလုံခြုံရေးအတွက် လုပ်ဆောင်စရာတွေ ရှိနေပါသေးတယ်။ လှိုင်သာယာမှာ လုပ်သားအိမ်ရာဆိုပြီး မှတ်တိုင်တစ်ခုတော့ ကျန်ခဲ့ပါပြီ။ အားရကျေနပ်မှုရှိပါတယ်"ဟု ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌဦးအေးသောင်းက ပြောသည်။

ရွှေလင်ပန်းစက်မှုဇုန်တွင် လျှပ်စစ်ခွဲရုံတစ်ခုရှိပြီး လျှပ်စစ်မီး မကြာခဏ ပြတ်တောက်လေ့ရှိသည့်အတွက် ယခုအခါ ရွှေလင်ပန်းမီးသတ် စခန်းအနီးတွင် ၃၅ မီဂါဝပ် ခွဲရုံအသစ်ကို သိန်းခြောက်ထောင် အကုန်အကျခံ၍ တည်ဆောက်လျက်ရှိသည်။ မြေဧက ၁၁၀၀ တွင် လုပ်သားတစ်သိန်းကျော်ဖြင့် စက်ရုံပေါင်း ၄၀၀ ၌ အထည်ချုပ်စက်ရုံရာကျော်ရှိရာ စက်ရုံတစ်ရုံလျှင် လုပ်သားနှစ်ထောင်ကျော်၊ သုံးထောင်လုပ်ကိုင်သော စက်ရုံများလည်းရှိသည်။ လှိုင်သာယာစက်မှုဇုန်တွင် ရွှေလင်ပန်းစက်မှုဇုန်သည် စက်ရုံများစွာ လုပ်သားများစွာဖြင့် စုစည်းလုပ်ကိုင်လျက်ရှိသော စက်မှုဇုန်လည်းဖြစ်သည်။

အိမ်ရာကော်မတီဖွဲ့စည်းရာ၌ အိမ်ရာတွင် နေထိုင်သော အလုပ်သမားများဖြင့်သာ ဖွဲ့စည်းခြင်းဖြစ်ပြီး စက်မှုဇုန်စီမံခန့်ခွဲရေးရုံးမှ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ လုပ်သားအိမ်ရာတွင် နေထိုင်သူများနှင့် အုပ်ချုပ်ရေးပိုင်း ပူးပေါင်း၍ စည်းကမ်းတကျရှိစေရန် ဆက်လက်လုပ်ဆောင်လျက်ရှိပြီး အိမ်ရာ၏လိုအပ်ချက်များကိုလည်း ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း စက်မှုဇုန်စီမံခန့်ခွဲရေးရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း ဆိုသည်။

"သမီးက ဇုန်(၅)အထည်ချုပ်စက်ရုံမှာ ဆင်းတယ်။ အမျိုးသားက ရွှေလင်ပန်းအထည်ချုပ်စက်ရုံမှာ ဆင်းတယ်။ အခု လုပ်သားတိုက်ခန်းရတော့ အလုပ်မှာပင်ပန်းသမျှ ပေါ့ပေါ့ပါးပါး အနားယူရတဲ့သုခဟာ ဘာနဲ့မှလဲလို့မရပါဘူး။ စိတ်လည်း ချမ်းသာတယ်။ အိမ်ရာဖော်ဆောင်ပေးတဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ လှိုင်သာယာမှာရှိတဲ့ အလုပ်သမားတွေအားလုံး လုပ်သားအိမ်ရာတွေနဲ့ နေထိုင်နိုင်မယ် ဆိုရင်တော့ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ကင်းဝေးသွားမယ် ထင်တယ်။ တန်ဖိုးနည်းလုပ်သားအိမ်ရာကို သူတို့လည်း မျှော်လင့်နေကြတယ်" ဟု အထည်ချုပ်စက်ရုံ အလုပ်သမားတစ်ဦးဖြစ်သော အသက်(၃၀)ရှိ မခိုင်ခိုင်ဇင်က အပြုံးမျက်ဝန်းဖြင့် ပြောသည်။

ရွှေလင်ပန်းလုပ်သားအိမ်ရာအား တော်ဝင်နှင်းဆီအိမ်ရာအဖြစ် အောက်တိုဘာ ၁၁ ရက်တွင် အိမ်ရာကော်မတီရွေးချယ်ပွဲ၌ အမည်ပေးအပ်ခဲ့ရာ စက်ရုံအလုပ်သမားတို့၏ လုပ်သားအိမ်ရာဖြစ်သော တော်ဝင်နှင်းဆီအိမ်ရာမှ အလုပ်သမားတို့၏ ကျေနပ်ပီတိအပြုံးပန်းတို့မှာ ဝေဆာပွင့်ဖူးလျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ရန်ကုန် ကားဈေးကွက်

# စလစ်ဈေးနဲ့ ကားဈေးတွေ အမြင့်ဆီတက်နေသလောက် အရောင်းမရှိဖြစ်နေတဲ့ သီတင်းပတ်

မင်းသော်

၂၀၁၈ ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ သတ်မှတ်ချက်တွေကို ပြီးခဲ့တဲ့ သီတင်းပတ်က ကြေညာခဲ့ပါတယ်။ အဲဒီအတွက် ဘယ်မောင်းကားတွေကို လာမယ့်နှစ်စမှစပြီး တင်သွင်းနိုင်ကြမှာဖြစ်ပါတယ်။ သို့သော် ဈေးကွက်လိုအပ်ချက်က ညာမောင်းတွေအပေါ် အများကြီးအားသာနေဆဲပါပဲ။ ဒီလိုအခြေအနေမှာ နှစ်မကုန်မီနှစ်လတာအတွင်း ညာမောင်းတင်သွင်းခွင့်အတွက် စလစ်ဈေးဟာ ငွေကျပ် ၁၄၃ သိန်းအထိ မြင့်တက်သွားခဲ့ပြီး စလစ်ဈေးကွက်မှာတော့ အမြင့်ဆုံးရောက်ရှိခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ထွက်ပေါ်လာတဲ့ မူဝါဒကြောင့် ညာမောင်းကားတွေအားလုံးဈေးကွက်အခိုင်အမာရရှိသွားရသလို ကားအရောင်းစင်တာတွေ၊ ကားဝယ်ရောင်းတွေနဲ့ ငွေကြေးတတ်နိုင်သူအချို့ဟာလည်း နှစ်လတာအတွင်း မော်တော်ကား ညာမောင်း

> **ဈေးကွက်ထဲတွင် တင်သွင်းပြီးသား ညာမောင်း ဂျပန်ကားအနည်းငယ်သာ လက်ရှိတွင် အရောင်းအဝယ်ဖြစ်နေပြီး ဖရီးပါမစ် မော်တော်ကားအများစုက သီတင်းပတ်တစ်ခုအတွင်း ငွေကျပ် ၂၅ သိန်းမှ ငွေကျပ်သိန်း ၃၀ အထိ မြင့်တက်လာပါတယ်။ အထူးသဖြင့် ရန်ကုန်လိုင်စင် ကားအများစုမှာ ဈေးနှုန်းအမြင့်ဆုံး ရောက်ရှိနေ**

သတ်မှတ်ချက်တင်သွင်းခွင့်တွေကို အရယူကြဖို့အတွက် ရှိသမျှ စလစ်အားလုံးကို ချုပ်ကိုင်လာတာ တွေ့ရပါတယ်။ ဒါကြောင့်သက်တမ်း ၂၀ စလစ်တစ်စောင်ရဲ့ ဈေးနှုန်းဟာ လွန်ခဲ့တဲ့ ငါးလဝန်းကျင်က ၁၃၀၀ စီစီ ရန်ကုန်လိုင်စင်ကားတွေရဲ့ ဈေးနှုန်းကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ဒီလိုဖြစ်ရပ်ဟာ လာမယ့်နှစ်လတာအတွင်း ဆက်တိုက်ကြုံတွေ့ရဦးမယ်လို့ ကျွမ်းကျင်သူများက ခန့်မှန်းကြပါတယ်။ ဈေးကွက်ကျွမ်းကျင်သူတွေရဲ့ခန့်မှန်းချက်အရ စလစ်ဈေးက လာမယ့်ရက်သတ္တပတ် နှစ်ပတ်အတွင်း အမြင့်ဆုံး ရောက်ရှိနိုင်ပြီး သက်တမ်းနှစ် ၂၀ စလစ်ဈေးဟာ ငွေကျပ်သိန်း ၁၅၀ နဲ့ အထက်ကို ရောက်ရှိနိုင်မယ်လို့ သိရပါတယ်။

ထို့ပြင် စလစ်အစားထိုးတင်သွင်းနိုင်ရန်အတွက်လည်း ကားအရောင်းစင်တာများက ကြိုးပမ်းနေကြတာကို တွေ့ရပါတယ်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့လည်း ကားအစီးရေ ၂၂၀ အထိ ဝယ်ယူခွင့်ပါမစ်လျှောက်ထားသူများရှိနေပြီး ထပ်မံလျှောက်ထားရန်လည်း ပြင်ဆင်နေကြတာကို တွေ့ရှိရပါတယ်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း စလစ်အစားထိုး ငွေကျပ်သိန်း ၃၀ - ၆၀ နဲ့ ဝယ်ယူခွင့်ပါမစ်လျှောက်ထားခြင်းကို အောက်တိုဘာလ ကုန်အထိ ဆောင်ရွက်ပေးသွားမယ်လို့ သိရပါတယ်။

ဈေးကွက်ထဲတွင် တင်သွင်းပြီးသား ညာမောင်း ဂျပန်ကား အနည်းငယ်သာ လက်ရှိတွင် အရောင်းအဝယ်ဖြစ်နေပြီး ဖရီးပါမစ်မော်တော်ကား အများစုက သီတင်းပတ်တစ်ခုအတွင်း ငွေကျပ် ၂၅ သိန်းမှ ငွေကျပ်သိန်း ၃၀ အထိ မြင့်တက်လာပါတယ်။ အထူးသဖြင့် ရန်ကုန်လိုင်စင် ကားအများစုမှာ ဈေးနှုန်းအမြင့်ဆုံး ရောက်ရှိနေပါတယ်။ လာမယ့်နှစ်မှာ တင်သွင်းကြတဲ့အခါ မူဝါဒအရ ၂၀၁၄ မိုဒယ်ကနေ စတင်ပြီး တင်သွင်းရမှာပါ။ အဲဒီအတွက် အင်ဂျင်ပါဝါ ၂၀၀၀ စီစီအထက်ကားတစ်စီးရဲ့ တန်ဖိုးဟာလည်း ငွေကျပ်သိန်း ၅၀၀ နဲ့အထက်ဖြစ်လာတော့မှာဖြစ်တဲ့အတွက် ညာမောင်းကား အင်ဂျင်ပါဝါအားကောင်းတာတွေဟာလည်း ကြိုတင်ဈေးတက်ကြဖို့ စိုင်းပြင်းလာတာကို မြင်တွေ့ရပါတယ်။

လာမယ့်နှစ်ဆန်းပိုင်းမှာပဲ မော်တော်ယာဉ်တင်သွင်းနိုင်ဖို့အတွက် စလစ်ဈေးတွေဟာ ငွေကျပ် သိန်း ၁၀၀ အောက်ကို ကျသွားနိုင်ပေမယ့် လက်ရှိမှာတော့ လိုအပ်သလောက်ပင် မရနိုင်တဲ့အနေအထား ဖြစ်နေတာကို တွေ့နေရပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ၂၀၁၇ မူဝါဒနဲ့ တစ်ဦးချင်းတင်သွင်းခွင့်ပါမစ်နဲ့ Consignment လျှောက်ထားတာတွေကို ဒီဇင်ဘာ ၂၃ ရက်အထိ ခွင့်ပြုပေးထားသလို ပါမစ်သက်တမ်းတိုးတာတွေကိုလည်း အဲဒီရက်အထိ ခွင့်ပြုထားပါတယ်။

လက်ရှိဈေးကွက်အတွင်းမှာ ကားဈေးနှုန်းတွေမြင့်တာ၊ စလစ်ဈေးတွေ မြင့်တာ၊ စလစ်ဈေးတက်တာနဲ့အတူ ဂျပန်လေလံဈေးပါ မြင့်လာတာတွေကြောင့် ကျွမ်းကျင်သူတွေက မော်တော်ကားစီးနိုင်တဲ့ လူတန်းစားတစ်ရပ် ပြန်လည်ရောက်ရှိလာနိုင်သေးတယ်လို့လည်း ပိုပိုသာသာ ဝေဖန်နေကြပါတယ်။ လက်တွေ့မှာတော့ ကားဈေးနှုန်းတွေဟာ နေ့စဉ်ရက်ဆက် မြင့်တက်နေပြီး ဈေးကွက်အရောင်းအဝယ် မရှိသလောက်အေးနေတာကိုတော့ မြင်တွေ့နေရပါတယ်။

### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Lincoln Aviator | ၂၀၀၄ | ရန်ကုန် | 4700cc | အပြင်ဈေး | ၄၉၈ |
| HondaFit GE.6 | ၂၀၀၉ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Hilux Surf | ၁၉၉၆ | ရန်ကုန် | 3000cc | အပြင်ဈေး | ၂၂၀ |
| Nissan Wingroad | ၂၀၀၈ | မန္တလေး | 1800cc | အပြင်ဈေး | ၁၉၀ |
| MarkII IR-S | ၂၀၀၁ | မန္တလေး | 2500cc | အပြင်ဈေး | ၁၆၈ |
| Sonata Eco mode | ၂၀၁၂ | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၉၅ |
| Alphard | ၂၀၀၂ | ရန်ကုန် | 3000cc | အပြင်ဈေး | ၃၃၀ |
| Kluger | ၂၀၀၂ | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၈၆ |
| HondaFitGP1 | ၂၀၁၁ | မန္တလေး | 1300cc | အပြင်ဈေး | ၁၇၀ |
| Probox | ၂၀၁၁ | မွန် | 1300cc | နယ် | ၁၅၅ |



---

**အချပ်ပို (က) မှ**

လမ်းတစ်ခု၊ ခတ်ရထား လမ်းတစ်ခု၊ တံတားနှစ်ခု ယှဉ်တွဲ တည်ရှိခဲ့သည်။ အောက်ခြေထောက်တိုင်များကို သံဟင်္ဂလန်များဖြင့် တည်ဆောက်ခဲ့သည်။ သံဟင်္ဂလန်တစ်ခုပေါ်၌ တည်ဆောက်သည့် ခုနှစ်သက္ကရာဇ်ကို သံကြွပ်ပြားဖြင့် ပုံဖော်ပြုလုပ်၍ ထားရှိသည်ကို တွေ့ခဲ့ဖူးသည်။ ချောက်အနီးတွင် နေထိုင်သည့် အသက် ၈၅ နှစ် ရှိပြီဖြစ်သော အဘ ဦးဘချိုကပင် မှတ်မှတ်သားဖြင့်တိကျစွာပြန်ပြောပြခဲ့သည်။ ထိုသံကြွပ်ပြားပေါ်မှ ခုနှစ်မှာ ၁၉၁၃ ခုနှစ်ဟု ဆိုခဲ့သည်။ ယခုထိုခတ်ရထားလမ်းမှာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်တွင် ဖျက်သိမ်းခဲ့သည်။ လက်ရှိရထားလမ်းတစ်ခုသာလျှင် ကျန်ရှိတော့သည်။

ယခုအခါ ဗားကရာချောက်ကျော် ရထားလမ်းနှင့် ကားလမ်းတည်ဆောက်မှု သက်တမ်းမှာ နှစ် ၁၀၀ ကျော်ကာလသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ ရေဝင်၊ ရေထွက် ရေနုတ်မှု အလွန်ကောင်း နေဆဲပင်ဖြစ်သည်။ တည်ဆောက်မှုစနစ်မှာ နောင်လာနောက်သားများအတွက် အတုယူစရာအဖြစ် ဆက်လက်ရှိနေဆဲ ဖြစ်သည်။

သို့အတွက် ခေတ်အဆက်ဆက်မှ ထိန်းသိမ်းစောင့်ရှောက်လာမှုအပြင် ယနေ့လွှတ်တော်သက်တမ်း၌ ပြီးခဲ့သော စက်တင်ဘာ ၂၉ ရက်က တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှာပင် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နန္ဒအောင်က "ဗားကရာချောက်ကြီးမှာ ယခုအခါ ယိုယွင်းပျက်စီးလျက်ရှိပြီး အပေါ်ယံမှ ကပ်ထားသော ဘိလပ်မြေများ ကွာကျလျက်ရှိကာ အမြင်မတင့်တယ်ကြောင်း၊ ဖြတ်သန်းနေသည့်ယာဉ်များအတွက် အန္တရာယ်ရှိ၍ မြို့အင်္ဂါရပ်နှင့်အညီ သပ်ရပ်လှပအောင် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ" မေးမြန်းမှုအပေါ် မြို့တော်ဝန် ဦးမောင်မောင်စိုးက "မည်မျှပင် ရေကြီးကြီး တည်ဆောက်ထားတဲ့စနစ် ကောင်းမွန်တဲ့အတွက် ရေမကျန်ကြောင်း၊ စည်ပင်ကို ဒုက္ခမပေးသောချောက်ကြီး" ဖြစ်ကြောင်း အမွှမ်းတင်ပြောကြားခဲ့ပေသည်။

ဖြေကြားပြီး နောက်တစ်ရက်မှပင် အစပြု၍ ဗားကရာ ချောက်ကြီးအား ပြန်လည်ပြုပြင်အလှဆင်နေပြီ ဖြစ်သည်။ ခေတ်တစ်ခေတ်၏ သမိုင်းအမွေအနှစ်အဖြစ် ရှိနေဆဲဖြစ်သော ဗားကရာချောက်ကြီးအား သက်ဆိုင်ရာဌာနများတင်မက အနီးပတ်ဝန်းကျင် ရပ်ကွက် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

**အချပ်ပို (ခ) မှ**

အခါအနည်းငယ် လျော့ကျသွားပြီဖြစ်သည်။ သို့သော် ညနေပိုင်းအချိန်များ၊ ည ၆ နာရီနှင့် ၇ နာရီကျော်အချိန်များတွင် မီးပွိုင့်ဖြတ်ရန် အချိန်ကြာမြင့်စွာစောင့်ဆိုင်းနေရဆဲပင်။

ကမ္ဘာအေးဘုရားလမ်းမှ ဆီဒိုးနားဟိုတယ်ကွေ့ရှိ စက်မှု (၁) လမ်းဘက်သို့ ချိုးကွေ့သော မီးပွိုင့်ကလည်း ကားများကို အချိန်ကြာမြင့်စွာစောင့်ဆိုင်းမှုဖြစ်နေပြန်သည်။ အဓိကလမ်းမကြီးဖြစ်သော ကမ္ဘာအေးဘုရားလမ်းအား ဦးစားပေးဖြတ်သန်းမှုပြုစေသည်မှာ မှန်ကန်သည်ဟု ဆိုရမည်။ သို့သော် ညနေပိုင်း ရုံးပြန်၊ အလုပ်ပြန်အချိန် ၆ နာရီ၊ ၇ နာရီဆိုလျှင် ကားများမှာ စက်မှု(၁)လမ်းမှ ချိုးကွေ့ပြီး ကမ္ဘာအေးဘုရားလမ်းပေါ်ရောက် ဖို့ အချိန်များစွာပေးပြီး ကားတန်းကြီးရှည်လျားစွာ စောင့်ဆိုင်းနေရပြန်သည်။

ဖြတ်လမ်းမှထွက်လာသောကားများကလည်း အဟန့်အတားတစ်ခုပင် ဖြစ်နေသည်။ ဦးချစ်မောင်လမ်းနှင့် ရန်ကင်းလမ်းမီးပွိုင့်မှာလည်း ရန်ကုန်မြို့ထဲမှလာသောကားများအတွက် ဖြတ်သန်းရန် အနည်းဆုံး မီးနီသုံးကြိမ်လောက် စောင့်ဆိုင်းရပြီးမှ ဖြတ်သန်းမောင်းနှင်နေရခြင်းမှာလည်း မီးပွိုင့်တစ်ခုတည်းမဟုတ်၊ ဈေးကွေ့မှတ်တိုင်တွင် ခရီးသည်စောင့်တင်နေသော ဘတ်စ်ကားနှင့် တက္ကစီတို့ကြောင့် ဖြစ်သည်။

ညနေပိုင်းအချိန်တွင် ဦးချစ်မောင်လမ်းတစ်လျှောက် ကားများစီတန်းနေခြင်းက မီးပွိုင့်ကြောင့်၊ ကားများကြောင့်ဖြစ်သည်။ ယခုအချိန်တွင် ရန်ကုန်မြို့တစ်ခွင်ရှိ မီးပွိုင့်များကို အလိုအလျောက် ဗဟိုထိန်းချုပ်ရေးစင်တာမှ စနစ်တကျဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ ယာဉ်ပိတ်ဆို့မှုလျော့ကျသွားတော့မည်ဟု ယုံကြည်နေမိသည်။

ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အဆင်းသတိပေးသံကြောင့် အတွေးပြတ်သွားသည်။ လေဆိပ်သို့ လေယာဉ်ဆင်းပြီးနောက် တက္ကစီငှားကာ နေအိမ်သို့ရောက်ရှိလာရာ ဇနီးသည်က ပြန်မရောက်သေး၊ စစ်တွေမြို့ကလူက ရန်ကုန်သို့ရောက်လာပြီ၊ ကျွန်တော်ဖုန်းဆက်ကြည့်လိုက်ရာ "ဦးချစ်မောင်လမ်းဆုံ မီးပွိုင့်မှာပဲရှိနေတုန်း"တဲ့။ ကဲ... ။

**ဝေယံဦး**